www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၁၁၁၄/၂၀၀၂ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၄၆ /၂၀၀၃ (၂)

❖

ပထမအကြိမ်ပုံနှိပ်ခြင်း
၂၀၀၃ ခုနှစ်၊ မေလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀ ကျပ်

❖

ထုတ်ဝေသူ
ဒေါ်မိုးတေခိုင် (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)၊
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

❖

အတွင်းပုံနှိပ်သူ
ဦးသန်းဝင်း (ကျော်ပုံနှိပ်တိုက်)
၂၃၉၊ ခေမာသီလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

❖

အဖုံးပုံနှိပ်သူ
ဦးထွန်းလင်း (မြ - ၆၃၆၂)၊ မိုးဝေအော့ဖ်ဆက်
အမှတ် (၁၄၇)၊ (၄၅) လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC

# မိုးကျော်သူ

## ဖိန်ကုန်းနှင့် ကျောက်စိမ်းဟာသ်ခရုပ်

www.burmeseclassic.com

www.burmeseclassic.com

# ရှောင်မား

ရှောင်မား...

သူသည် ရုပ်ရည်မလှပါ။

နုနယ်ယဲ့ယယ်ရှိပြီး သန်မာထွားကြိုင်းသည်။

ယောကျ်ားပီသသော အသွင်ရှိသည်။

သူသည် သွက်လက်ချက်ချာသည်။

သို့သော်–

သူသည် ဓားကို မည်သည့်အခါမှ မကိုင်ဆောင်ပါ။

ဓားသာမက မည်သည့်လက်နက်ကိုမှလည်း မကိုင်ဆောင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူက လက်နက်ကိုင်ဆောင်ရမည်ကို အလွန်ဝန်လေးသူတစ်ယောက်ဖြစ်သည်။

သို့သော်–

အရေးကြုံ၍ လိုအပ်လာလျှင် မည်သည့်ပစ္စည်းပင်ဖြစ်ပါစေ သူ၏လက်ထဲတွင် အလွန်ထက်မြက်သော လက်နက်အဖြစ်သို့ ပြောင်းလဲသွားသည်။

သူ၏ သိုင်းပညာ မည်မျှအဆင့်မြင့်သည် နက်ရှိုင်းသည်ကိုမူ မည်သူကမှ မခန့်မှန်းနိုင်ပါ။

သို့သော်–

သူ၏ကိုယ်ဖော့ပညာသည် သိုင်းလောကတွင် နံပါတ်(၃)အဆင့်ရှိသည်ကိုမူ သိုင်းလောကသားတိုင်းက လက်ခံကြသည်။

သူသည် သိုင်းလောကအတွင်း ခြေဦးတည့်ရာသွားနေသော ခြေသလုံးအိမ်တိုင် သိုင်းသမားဖြစ်လေသည်။

သူက ဖြစ်သလိုနေ၊ ဖြစ်သလိုစားတတ်သည်။

သူ့အား မသိသူများက သူတောင်းစားတစ်ယောက်ဟု ထင်ကြပြီး သိသူများက 'ရှောင်မား'မြင်းကလေးဟု ခေါ်ဝေါ်ကြသည်။

သူသည် အသက် ၂၀ အရွယ်သာရှိသော်လည်း အတွေ့အကြုံများလှသည်။

သူ့အား တရားမှုကို မြတ်နိုးသူတိုင်းက ချစ်ခင်ကြပြီး လောဘသား ဥပဒေမဲ့သူများက သူ့အား ကြောက်ရွံ့မုန်းတီးကြသည်။



သူသည် မတရားမှုဖြစ်ပေါ်လာပါက သူနှင့်ဆိုင်သည်ဖြစ်စေ မဆိုင်သည်ဖြစ်စေ ပါဝင်တတ်လေသည်။

သူသည် ဆောင်ပုဒ်တစ်ခုကို လက်ကိုင်ထားလေသည်။

သူ၏ ဆောင်ပုဒ်မှာ–

'လူတစ်ယောက်က လူတစ်ယောက်ကို အကြောင်းမဲ့သတ်ခွင့်မရှိ'

သူသည် သူ၏ဆောင်ပုဒ်အတိုင်း တစ်ခါမှ လူမသတ်ခဲ့ပါ။

ဒဏ်ရာရရုံသာ တိုက်ခိုက်တတ်လေသည်။

သူသည် တစ်ယောက်နှင့် တစ်ယောက် သတ်ဖြတ်ခြင်းကို အလွန်ရွံ့မုန်းလေသည်။

သူ၏နာမည် 'ရှောင်မား'သည် သိုင်းလောကတွင် ကျော်ကြားလေသည်။

သူ၏အမည်အရင်းကို မည်သူမျှမသိပါ။

* * *

နွေရာသီဖြစ်သည်။

နေလုံးကြီးသည် ခြစ်ခြစ်တောက် ပူပြင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



နေ၏အပူရှိန်သည် ကမ္ဘာမြေပြင်တခုလုံးအား အရှည်ပျော်မတတ် ပူလောင်စေသည်။

သို့သော်

မင်းလမ်းမပေါ်၌ ခရီးသည်များသည် ချွေးတလုံးလုံးဖြင့် သွားလာလှုပ်ရှားနေကြပါသည်။ အဘယ်ကြောင့် ပူလောင်လှသော အချိန်တွင် မရပ်မနားဘဲ ခရီးသွားနေကြပါသနည်း။

BURMESE CLASSIC

*   *   *

မင်းလမ်းမကြီး၏ ဘေးတဘက်တွင် လက်ဖက်ရည်ဆိုင်တဆိုင် ရှိလေသည်။

ထိုဆိုင်သည် စုတ်ချာလှလေသည်။

လက်ဖက်ရည်မှာလည်း မကောင်းပါ။

အခြားအချိန် ထိုဆိုင်၌ လက်ဖက်ရည်သောက်သူ ရှားပါးလှလေသည်။

သို့သော် ယခုအချိန်၌ စားပွဲတစ်ခုတွင် လူသုံးယောက် ဝိုင်းထိုင်နေသည်ကိုတွေ့ရပြီး ချောင်ကျသော စားပွဲတွင် လူတစ်ယောက် ထိုင်နေသည်ကို တွေ့ရမည်ဖြစ်သည်။



ဝိုင်းဖွဲ့ထိုင်နေသော လူသုံးယောက်တွင် လက်နက်ကိုယ်စီ ရှိကြလေသည်။

တစ်ယောက်တည်းထိုင်နေသော လူမှာမူ လက်နက်မပါဘဲ ဆိတ်ဆိတ်စွာဖြင့် လက်ဖက်ရည်ကိုသာ ငုံသောက်နေသဖြင့် မည်သူကမှ သူ့အား သတိမပြုမိပါ။

လက်နက်ကိုင်ဆောင်ထားသော လူများမှာ အသက်(၃၀) ခန့်ကျော်ရှိပြီး သန်မာထွားကြိုင်းလေသည်။

သူတို့အား ကြည့်ရသည်မှာ သိုင်းသမားဟု မပြောဘဲ သိနိုင်လေသည်။

ထိုလူ(၃)ယောက်အနက် အသက်နည်းနည်း ပိုကြီးဟန်တူသူက လက်ဖက်ရည် ၂ ပန်းကန်ကို သောက်ပြီးနောက် ကျန်လူ ၂ ယောက်ဖက်သို့ လှည့်ကာ

'ကဲ... ညီလေးတို့ အချိန်မစောတော့ဘူး၊ သွားကြရအောင်'

ကျန်နှစ်ယောက်က လက်ကျန် လက်ဖက်ရည်ကို တကျိုက်တည်း မော့ချလိုက်ပြီး

'ဟုတ်ကဲ့ အစ်ကိုကြီး..,'

'မြန်မြန်လာ... တို့နေမဝင်ခင် အရောက်သွားရမယ်'

ထိုလူသုံးယောက်သည် ဆိုင်ထဲမှ ကမန်းကတန်း ထွက်သွားကြလေသည်။

*   *   *

www.burmeseclassic.com

www.burmeseclassic.com



ယခု ဆိုင်ထဲ၌ ချောင်ကျသောစားပွဲတွင် ထိုင်နေသူနှင့် ဆိုင်ရှင် အဘိုးအိုသာ ကျန်တော့သည်။

အဘိုးအိုသည် ယနေ့ သူ့ဆိုင်သို့လာသူမှာ(၁၀)ယောက်မက သောကြောင့် ဝမ်းသာနေသည်။

ချောင်ကျသော စားပွဲတွင် ထိုင်နေသောလူငယ်က

'အမလေး... ဒီနေ့ တော်တော်ပူတာပဲဗျနော်'

ဆိုင်ရှင်အဘိုးအိုက

'ဟုတ်တာပေါ့၊ အခု ခြောက်လပိုင်းတောင်ရောက်နေပြီပဲ တော်တော်ပူမှာပေါ့ကွ'

လူငယ်က

'ဒါနဲ့...ကျန်းစုကျေးရွာကို သွားဖို့ ဘယ်လောက်ကြာကြာ လျှောက်ရဦးမလဲလို့ပါ'

'ဘာ... မင်းကလည်း ကျန်းစုကျေးရွာကို သွားမလို့ ဟုတ်လား'

လူငယ်က–

'ဟုတ်ပါတယ်အဘ၊ ကျန်းစုကျေးရွာမှာ သိုင်းဆရာ တစ်ယောက် အလိုရှိတယ်လို့ ကြားလို့ပါ'

အဘိုးအိုက–

'ဟုတ်တယ် ဘာလဲ... မင်းက သိုင်းဆရာလုပ်ဖို့ ဝင်ပြိုင် မလို့လား'



လူငယ်က ပြုံး၍ ပခုံးတွန့်လိုက်ပြီး–

'မဟုတ်ပါဘူးဗျာ၊ ကျွန်တော်က သွားကြည့်မလို့ပါ'

အဘိုးအိုက–

'အေး... ပွဲကြီးပွဲကောင်းတော့ တွေ့လိမ့်မယ်၊ ကျန်းစုရွာက သူဌေးကြီး ကျန်းကုန်းပါကလည်း သဘောကောင်းတယ်၊ သူက အရမ်းလည်းချမ်းသာတဲ့အတွက် ရွာအတွက် သိုင်းဆရာ တစ်ယောက် ကို လခများများပေးပြီး ငှားမှာ၊ သိုင်းဆရာလျှောက် တဲ့လူလည်း တော်တော်များမှာပဲ'

လူငယ်က–

'ဪ... ဒါကြောင့် ဒီနေ့လမ်းမှာလူများနေတာပဲ'

'ဒါနဲ့ အဘ သူဌေးကြီးက အသက်ဘယ်လောက်ရှိပြီလဲ'

အဘိုးအိုက –

'အသက်(၅၀)လောက်ရှိပြီ'

လူငယ်က –

'သူက သိုင်းပညာတတ်သလားဗျ'

အဘိုးအိုက–

'ဟ... သိုင်းမတတ်လို့ သိုင်းဆရာငှားတာပေါ့ကွ'

လူငယ်က–

'သိုင်းပညာတတ်ရဲ့သားနဲ့ လျှို့ထားတာမဖြစ်နိုင်ဘူးလား၊ ဒါမှ မဟုတ် သူ့ရဲ့သိုင်းပညာအဆင့် သိပ်မမြင့်လို့လဲ ဖြစ်နိုင်တာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုကပြန်၍–

'အင်း... ဒါလည်း ဖြစ်နိုင်တာပဲ၊ တချို့လူတွေက ပညာတတ်ရဲ့သားနဲ့ လျှို့ထားကြတယ်၊ တချို့ကြပြန်တော့လည်း ကိုယ်တတ်ထားတဲ့ပညာထက် ပိုပြီးကြွားဝါချင်ကြတယ်'

လူငယ်က–

'သူဌေးကြီးကျုန်းကုန်းပါကကော ဘယ်လိုလူစားမျိုးလဲ...'

အဘိုးအိုက–

'ဒါတော့ အဘမသိဘူး၊ သူဌေးကြီးကျုန်းကုန်းပါ အရမ်းချမ်းသာတာတော့သိတယ်၊ သူ့ကို တစ်ခါမှလည်း မမြင်ဖူးဘူး သူ့အကြောင်းသာကြားဖူးတာ'

'ချမ်းသာတဲ့လူတွေက များသောအားဖြင့်သေရမှာကြောက်တတ်တယ်ဗျ'

အဘိုးအိုက–

'မင်းစကားက ဘာအဓိပ္ပာယ်လဲကွ'

လူငယ်က ပြုံးလိုက်ပြီး–

'သူ့ကို ရန်ရှာမယ့်လူရှိလို့ အခုလို သိုင်းဆရာငှားတာလို့ ကျွန်တော်ထင်လို့ပါ'

အဘိုးအိုက စကားမပြောနိုင်ဘဲ တွေဝေသွားလေသည်။

ထိုစဉ် ဆိုင်ထဲသို့ ခရီးသည်များဝင်လာသဖြင့် လူငယ်က အဘိုးအိုထံ နှုတ်ဆက်ကာ ဆိုင်ထဲမှ ထွက်ခွာသွားလေတော့သည်။



ယခု လက်ဖက်ဆိုင်ထဲ၌ ခရီးသည် တော်တော်များများ ရောက်လာပြီ ဖြစ်သည်။

ခရီးသည်များထဲမှ အရပ်ထောင်ထောင်မောင်းမောင်းနှင့် ထွားကြိုင်းသော လူတစ်ယောက်သည် ထွက်သွားသော လူငယ်၏ နောက်ကျောကိုကြည့်လိုက်ပြီး ဆိုင်ရှင်အဘိုးအိုဘက်လှည့်ကာ

'ခုနက ထွက်သွားတဲ့လူက သိုင်းသမားရှောင်မား မဟုတ်လားဗျ'

ဆိုင်ရှင်အဘိုးအိုက 'သိုင်းသမားရှောင်မား' ဟူသော အမည်ကို ကြားလိုက်ရသဖြင့် လူငယ်၏ နောက်ကျောကို ကမန်းကတန်း လှမ်းကြည့်လိုက်သည်။

အဘိုးအိုသာမက အခြားခရီးသည်များကလည်း ကမန်းကတန်း လှည့်ကြည့်ကြလေသည်။

သိုင်းသမား ရှောင်မား။

သူ့အား မမြင်တွေ့ဘူးသော်လည်း သူ့နာမည်ကို ကြားဖူးသောလူမှာ မနည်းလှပါ။

သိုင်းလောကမှ လူများသည် သိုင်းသမားရှောင်မားဟူသော အမည်ကို မကြားဖူးသူ မရှိချေ။

သိုင်းသမားရှောင်မားက ထိုမျှကျော်ကြားလှသည်။

သိုင်းလောကတွင် နာမည်တစ်ခုကျော်ကြားရန်မှာ မလွယ်ကူချေ။

www.burmeseclassic.com

www.burmeseclassic.com



အချို့သည် ကျော်ကြားရန်အတွက် ငွေကြေးအကုန်ခံရသည်။

အချို့က ကျော်ကြားရန်အတွက် အသက်စွန့်ရသည်။

အချို့မှာ ကျော်ကြားရန် အမျိုးမျိုး ကြိုးစားသော်လည်း မအောင်မြင်ပါချေ။

လူတစ်ယောက် ကျော်ကြားရန်မှာ ကိုယ်ပိုင်ကြိုးစားမှုရှိမှ ဖြစ်နိုင်ပေသည်။

သို့သော်

သိုင်းသမား ရှောင်မားသည် ကျော်ကြားရန်အတွက် မည်သည့်နည်းကိုမှ မသုံးခဲ့ပါ။

သူသည် ကျော်ကြားမှုကို စိတ်မဝင်စားပါ။

သူစိတ်ဝင်စားသည်ကို လိုက်ကိုင်ရင်းမှ ကျော်ကြားလာခြင်းဖြစ်သည်။

သိုင်းသမား ရှောင်မားအား စိတ်ဝင်စားသူများမှာ များပြားလှပေသည်။

သူတို့သည် သိုင်းသမား ရှောင်မား၏အကြောင်းကို အမျိုးမျိုး ကြိုးစားစုံစမ်းသော်လည်း သူသည်လောကပေါ်တွင် တစ်ယောက်တည်း ရှိသည့်အလား သူ၏မိဘ၊ အမျိုးအနွယ်ဇာတိကိုပင် စုံစမ်း၍မရပါ။

သူ၏အမည်ကိုပင် မည်သူမျှ မသိကြပါ။

လက်ဖက်ရည်ဆိုင်ထဲမှ လူများသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြပြီး လက်ဖက်ရည်ဆိုင်ထဲမှ ပြေးထွက်ကာ



ရှောင်မားသွားရာ မင်းလမ်းအတိုင်း ပြေးလွှားလိုက်သွားကြလေသည်။

သို့သော်

သူတို့သည် မည်သို့ပင် ကြိုးစားလိုက်စေကာမူ မင်းလမ်းမကြီးအဆုံးသွားသည့် ရှောင်မား၏ အရိပ်ကိုမျှပင် မတွေ့ရပါ။

ခရီးသည်များသည် သူတို့တွေ့လိုလှသော ရှောင်မား၏ အရိပ်ကို မတွေ့သည့်အဆုံးတွင် စိတ်လျှော့ပြီးနောက် လှည့်ပြန်လာကြလေသည်။

သို့သော်–

ခရီးသည်များအနက်မှ အသက်(၅၀)ခန့် အဘိုးအိုတစ်ယောက်နှင့် အသက် ၁၈–၁၉ အရွယ် လူငယ်တစ်ယောက်တို့သည် စိတ်လျှော့ခြင်းမရှိဘဲ ရှောင်မားနောက်သို့ ဆက်လက်လိုက်သွားကြလေသည်။

သူတို့သည် အတန်ကြာလိုက်ပြီးနောက် မှုန်ဖြိုးလှသော နေ၏ဒဏ်ကြောင့် မောဟိုက်လာလေသည်။

သူတို့သည် တဖြေးဖြေးနှေးကွေးလာပြီး ရေငတ်လာလေသည်။

အဘိုးအိုက လမ်း၏ဝဲယာဘက်ကို ဂရုစိုက်ကြည့်လိုက်ရာ လမ်း၏ ဝဲဘက်တွင် စမ်းရေအိုင်တစ်ခုကို တွေ့ရသောကြောင့် လူငယ်အား ဆွဲကာ ရေကန်ရှိရာသို့ လျှောက်လာလေသည်။

လူငယ်က ဝမ်းသာအားရဖြင့် ရေကန်ရှိ ရေများကို လက်ဝါးဖြင့် ခပ်သောက်ပြီး ခြေလက်ဆန့်၍ အညောင်းဆန့်လိုက်သည်။

ထိုအချိန်မှာပင် သူက အံ့ဩစွာ အော်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ... ဟိုမှာ ကြည့်စမ်းပါဦး'

ခေါင်းငုံ့ရေသောက်နေသော အဘိုးအိုက လူငယ်ပြရာသို့ လှမ်းကြည့်လိုက်သည်။

သူ၏ မျက်လုံးမှ တစ်ဆခန့် ပြူးကျယ်သွားလေသည်။

အကြောင်းမှာ ရေကန်၏ တစ်ဖက်ရှိ ကျောက်ဆောင်ပေါ်၌ လူရိပ်တစ်ခုကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

'ဟာ... အဲ့ဒါ တို့ရှာနေတဲ့ လူဖြစ်ရမယ်'

အဘိုးအိုက ထိုသို့ပြောနေစဉ်မှာပင် ကျောက်ဆောင်ပေါ်မှ လူရိပ်သည် ပျောက်ကွယ်သွားလေသည်။

'ကိုယ်ဖျောက်ပညာ အတော်ထူးချွန်တဲ့လူပါလား'

လူငယ်က အံ့သြစွာ ချီးကျူးလိုက်သည်။

အဘိုးအိုက—

'ဟုတ်တယ် သာမန်လူဆိုရင် အခုလို ကျောက်ဆောင် ပေါ်မှာ ပျောက်ဖို့လွယ်မှာမဟုတ်ဘူး'

'ဒါကြောင့် သခင်ကြီးက အားကိုးတကြီးမှာတာ'

အဘိုးအိုက သက်ပြင်းကို လေးတွဲ့စွာချလိုက်လေတော့သည်။

* * *

# မြို့ကလေး

မြို့ကလေးတစ်မြို့။

ဤနေရာသည် မြို့ကလေးတစ်မြို့ ဖြစ်လေသည်။

ဤမြို့ကလေးတွင် တည်းခိုခန်းတစ်ခုသာ ရှိသည်။

တည်းခိုခန်း၏ အဝင်ဝမှာ စားသောက်ခန်းမဖြစ်လေသည်။

စားသောက်ခန်းမ၌ စားပွဲ ၁၄–၁၅ လုံး ခင်းကျင်းထားလေသည်။

တည်းခိုခန်း၏ အပေါ်ထပ်နှင့် နောက်ဘက်ဆောင်မှာ အိပ်ခန်းများဖြစ်သည်။

ဤနေရာသည် ကျွန်းစုကျေးရွာသို့ သွားရာလမ်းပေါ်ရှိ မြို့ကလေး

www.burmeseclassic.com

www.burmeseclassic.com



သာ ဖြစ်သည်။

ဤမြို့ကလေးမှ ရှေ့သို့တစ်မိုင်သာသာသွားလျှင် ကျုန်းစုကျေးရွာသို့ ရောက်မည်ဖြစ်သည်။

ယနေ့ ဤမြို့ကလေး၏ တခုသောတည်းခိုခန်းသည် ယခင်ကထက် ပို၍စည်ကားနေလေသည်။

ယနေ့သည် ဤတည်းခိုခန်းတွင် လာရောက်တည်းခိုသူအများစုမှာ နောက်တနေ့တွင် ကျုန်းစုကျေးရွာသို့ သွားမည့်လူများဖြစ်လေသည်။

ထိုလူများထဲတွင် သိုင်းပညာရှင်များမှာ အများဆုံးပါဝင်လေသည်။

အဘယ်ကြောင့်ဆိုသော် နောက်တစ်ရက်တွင် သူဌေးကြီးတချွန်ကျုန်းပါက သိုင်းဆရာ ရွေးချယ်မည်ဖြစ်သောကြောင့် အမိုလာကြခြင်း ဖြစ်လေသည်။

အနည်းစုမှာ တမင်တကာ လာရောက်၍ သိုင်းပြိုင်ပွဲကို ကြည့်ရန်ဖြစ်သည်။

ထိုရည်ရွယ်ချက် နှစ်ခုလုံးတွင် ပါဝင်သူ လူနှစ်ယောက်ရှိသည်။

၎င်းတို့မှာ လက်ဖက်ရည်ဆိုင်မှ ထွက်၍ ရှောင်မားနောက်လိုက်နေသော အဘိုးအိုနှင့် လူငယ်တို့ဖြစ်လေသည်။



သူတို့သည် သိုင်းပြိုင်ရန် လာခြင်းမဟုတ်ပါ။

ပွဲကြည့်ရန်လာခြင်းလည်း မဟုတ်ပါ။

ဤသို့ဆိုလျှင် အဘယ်ကြောင့် ရောက်လာကြပါသနည်း။

သူတို့သည် လူတစ်ယောက်အား ရှာဖွေရန် လာခြင်းသာဖြစ်လေသည်။

သူတို့တွေ့လိုသောသူမှာ သိုင်းသမား ရှောင်မားပင်ဖြစ်လေသည်။

သူတို့သည် အဘယ်ကြောင့် ရှောင်မားအား သဲကြီးမဲကြီးလိုက်ရှာရပါသည်။

သူတို့ကိုယ်တိုင်မှအပ မည်သူမျှမသိပါ။

* * *

ညနေ

တည်းခိုခန်း၏ စားသောက်ခန်းရှိ စားပွဲအားလုံးတွင် လူပြည့်ပြီဖြစ်နေလေသည်။

အဘိုးအိုနှင့် လူငယ်စားသောက်ခန်းသို့ ဝင်ရောက်လာသည်

www.burmeseclassic.com

www.burmeseclassic.com



နှင့် နေရာလွတ်ပင်မရှိတော့ပါ။

'ဟင်… နေရာလည်း မရှိတော့ဘူး ဒုက္ခပါပဲ'

လူငယ်က ငြီးငြူလိုက်လေသည်။

အဘိုးအိုက

'တော်ကြာမှ တစ်ခေါက်လာတာပေါ့'

အဘိုးအိုက ပြောပြီး ချာခနဲ လှည့်ထွက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် ကျယ်လောင်သော အသံတစ်သံကို ကြားလိုက်ရသည်။

'ဟော့…မိန်းမလျာ နေရာမရှိရင် ဒီမှာလာထိုင်ပါလားကွ ဟား…ဟား…ဟား'

လူငယ်က လှည့်ကြည့်လိုက်ရာ အလွန်ထွားကြိုင်းပြီး မုတ်ဆိတ်ဗရဗျစ်ရှိသော လူတစ်ယောက်က သူ၏အဖော်များနှင့် အရက်သောက်ရင်း ရယ်မောနေသည်ကို တွေ့ရလေသည်။

လူငယ်က ဒေါသထွက်လာပြီး မျက်နှာတစ်ခုလုံး နီရဲလာလေသည်။

သူ၏လက်က ခါးတွင်ချိတ်ထားသော ဓားဆီသို့ လှမ်းလိုက်လေသည်။

မုတ်ဆိတ်ဗရဗျစ်ရှိသောလူက သူ့ဘေးရှိ ပိန်ရှည်ရှည်လူအား လှည့်ကြည့်ကာ

'အမလေး… မိန်းမလျာက ဓားတွေကိုင်လို့ပါလား'

'ကြောက်စရာကြီးပဲ၊ ဟား…ဟား…ဟား'



သူကပြောရင်း သူ့အဖော်များနှင့် တဟားဟား ရယ်မောကြလေသည်။

'ဟား… ဟား… ဟား'

လူငယ်က အလွန်ဒေါသထွက်လာပြီး ဓားကိုဆွဲထုတ်ကာ ထိုလူ၏ ရင်ဝကို ထိုးသွင်းလိုက်လေသည်။

'ကဲကွာ… လူယုတ်မာတွေ'

ထိုလူက ရှောင်တိမ်းလိုက်သည်။

ဓားသည် သူ၏ခေါင်းပေါ်မှ ကျော်သွားလေသည်။

လူငယ်က ထိုလူအား မထိသဖြင့် ဓားကိုပြန်ရုပ်သိမ်းလိုက်သည်။

သို့သော်–

ထိုလူက သူ၏လက်ကောက်ဝတ်အား ဖမ်းဆုပ်ထားလိုက်သည်။

ထိုလူက သူ၏ လက်ဝဲလက်ဖြင့် လူငယ်အား ဖမ်းဆုပ်မိသွားသည်နှင့် သူ၏ ညာဘက်လက်က လူငယ်၏ ခေါင်းပေါ်ရှိ ခေါင်းပေါင်းပုဝါကို လှမ်းဖြုတ်လိုက်လေသည်။

အဘိုးအိုက ထိတ်လန့်သွားပြီး ဂယောင်ချောက်ချား ဝင်၍ တိုက်ခိုက်လိုက်လေသည်။

သို့သော်

ထိုလူက ခြေထောက်ဖြင့် ဆီးကန်လိုက်ရာ အဘိုးအိုသည် အဝေးသို့ လွင့်စင်လဲကျပြီး မထနိုင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက ကောက်ကျစ်စွာပြုံးလိုက်ပြီး လူငယ်၏ ခေါင်းပေါင်းကို ဖြုတ်ရန် ကြိုးစားလေသည်။

လူငယ်က အတင်းရုန်းကန်နေလေသည်။

သို့သော်

အားချင်းမမျှသဖြင့် လူငယ်က မောဟိုက်လာလေသည်။

ထိုအချိန်မှာပင်

'ထောက်'

ထိုလူ၏ လက်သည် လူငယ်အား လွှတ်ချလိုက်ပြီး"အွန့်"ဟု တချက်သာ အော်နိုင်ပြီး မြေပေါ်သို့ လဲကျသွားလေသည်။

လူငယ်က ထိတ်လန့်အံ့ဩစွာ ကြည့်လိုက်ရာ–

တူတစ်ချောင်းသည် ထိုလူ၏ ပခုံးတွင် စိုက်ဝင်နေသည်ကို တွေ့လိုက်ရလေသည်။

"ဟင် . . ."

လူငယ်က အံ့ဩတုန်လှုပ်သွားသည်။

သူသည် ပတ်ဝန်းကျင်အား တချက်လှည့်ကြည့်လိုက်ရာ

စားသောက်နေသူများက သူတို့အား ကြောင်စီစီဖြင့် ကြည့်နေသည်ကိုသာ တွေ့ရလေသည်။

ထိုစဉ်မှာပင် ထိုလူ၏ အဖော်များက ထလာပြီး ဓားများဆွဲထုတ်ကာ လူငယ်အား ဝိုင်းထားလေသည်။



မုတ်ဆိတ်ဗရပျစ်၏ ဘေးတွင်ထိုင်နေသော ပိန်ရှည်ရှည်လူက ချောင်ကျကျ စားပွဲတွင် တစ်ယောက်တည်း ထိုင်နေသူထံပြေးသွားပြီး–

"ဟေ့လူ ဘာဖြစ်လို့ ကျုပ်တို့လူကို သတ်ရတာလဲ"

တစ်ယောက်တည်း ထိုင်နေသောသူက မော့ပင်မကြည့်ဘဲ–

"မင်းတို့ကကော ဘာဖြစ်လို့ ဟိုအတိုးအိုကို သတ်လိုက်တာလဲ"

ပိန်ရှည်ရှည်လူက–

"ဩော်... ဒါဖြင့် တူနဲ့ မုတ်ဆိတ်ကို မင်းသတ်တာဝန်ခံတယ် ပေါ့လေ၊ ဟုတ်လား"

တစ်ယောက်တည်းထိုင်နေသူကပြုံး၍ စားပွဲပေါ်ရှိတူများထည့်သော ဝါးမှုးထဲမှ တူတစ်ချောင်းကိုထုတ်လိုက်ပြီး သူ့ရှေ့ရှိတူတစ်ချောင်းနှင့် ယှဉ်ထားလိုက်လေသည်။

"တူတစ်ချောင်းမရှိတာ အရေးမကြီးပါဘူးဗျာ"

"ဒီမှာလဲ တူတွေအများကြီးရှိသားပဲ၊ မင်းလိုချင်ရင်လည်း ယူသွားပေါ့"

"ဟင်... တော်တော်လူပါးဝတဲ့ကောင် သေပေတော့"

သို့သော်

သူ၏ဓားသည် လူကိုမခုတ်မိဘဲ စားပွဲကိုသာခုတ်မိရာ စားပွဲမှာ ထက်ပိုင်းပြတ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်ရှိဟင်းလျာများနှင့် ပန်းကန်များမှာလည်း ကွဲကြေလွင့်စင်သွားလေသည်။

ဝိန်ရှည်ရှည်လူသည် လူငယ်အား မတွေ့ရတော့ပါ။

သူက နောက်သို့လှည့်ကြည့်လိုက်ရာ လူငယ်ကပြုံးပြီး သူ၏တင်ပါးအား ကန်ချလိုက်လေတော့သည်။

"အား…"

ဝိန်ရှည်ရှည်လူသည် စူးရှစွာအော်ရင်း ဆိုင်၏အပြင်ဘက်သို့လွင့်စင်သွားလေသည်။

လူငယ်သည် မြေပေါ်တွင် လဲကျနေသော အသိုးအိုအား ပွေ့ချီ၍ ကြောင်းအအဖြစ်နေသော လူငယ်အား လက်ဆွဲပြီး ဆိုင်ထဲမှထွက်သွားလေသည်။

သူသည် ခွက်ခွာသွားခါနီးတွင် ဝိန်ရှင်ရှည်လူ၏ အဖော်များအား

"ဟေ့ကောင်တွေ… မင်းတို့လူတွေကို ခေါ်သွားပြီး ဆေးကုပေးလိုက်ဦး… နောက်ဒီလိုအနိုင်ကျင့်ရင်တော့ အရှင်မထားဘူးလို့ပြောပြလိုက်"

ဟု မှာကြားခဲ့လေသည်။

* * *

## လီချွေ့ချွေ့

နေလုံးကြီး ပျောက်ကွယ်သွားလေပြီ။

သစ်လွင်သော မြေပုံတစ်ခု၏ ဘေးတွင် လူငယ်နှစ်ယောက်သည် ဒူးတုပ်ထိုင်နေကြသည်။

လူငယ်တစ်ယောက်၏ မျက်နှာမှာ တည်ကြည်လေးနက်ပြီး လူငယ်တစ်ယောက်မှာမူ မြေပုံကို စိုက်ကြည့်၍ အသံမထွက်ပဲ ငိုကြွေးနေလေသည်။

သူတို့နှစ်ယောက်စလုံး၏ မျက်နှာတွင် သေဆုံးသူအတွက်

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းကြေကွဲနေဟန် ပေါ်နေ၏။

မျက်နှာတည်တည်ကြည့်သော လူငယ်က စတင်မေးလိုက်လေသည်။

'ခင်ဗျားကဘယ်သူလဲ၊ သေဆုံးသွားတဲ့လူက ခင်ဗျားနဲ့ ဘာတော်သလဲ'

ငိုကြွေးနေသောလူငယ်က မျက်ရည်များကိုသုတ်၍

'ခင်ဗျားကကော ဘယ်သူလဲ'

မျက်နှာတည်တည်ကြည့်သော လူငယ်က ပြုံးလိုက်ပြီး–

'ကျွန်တော်က ရှောင်မားပါ'

ငိုကြွေးနေသော လူငယ်က ထိတ်လန့်အံ့သြသွားသည်။

'ခင်ဗျားက သိုင်းသမား ရှောင်မားဟုတ်လား'

'ဟုတ်ပါတယ်ဗျာ'

'ဟာ... ဝမ်းသာလိုက်တာ ကျွန်တော်က ခင်ဗျားကို လိုက်ရှာနေတာ'

'ဗျာ... ကျွန်တော့်ကို လိုက်ရှာတယ်ဟုတ်လား'

'ဟုတ်ပါတယ်ဗျာ'

ရှောင်မားက လူငယ်အား စိုက်ကြည့်လိုက်သည်။

လူငယ်က မျက်ရည်များကို ကုန်စင်အောင် သုတ်ပြီး ကြိုးစား၍ ပြုံးပြလိုက်သည်။

ရှောင်မားက မျက်မှောင်ကုတ်၍

'ခင်ဗျားက ဘာဖြစ်လို့ ကျွန်တော့်ကို လိုက်ရှာရတာလဲဗျ'



ရှောင်မားက–

'ကျွန်တော်က လီချွေ့ချွေ့ပါ... သေဆုံးသွားတဲ့လူကတော့ ကျွန်တော့်လူယုံတော်ပါ'

ရှောင်မားသည် 'လီချွေ့ချွေ့' ဟူသော အမည်ကို ကြားလိုက်ရသဖြင့် အံ့သြသွားသည်။

ဤအမည်သည် သူသိကျွမ်းနေသော အမည်ဖြစ်သည်။

သူက လူငယ်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

'ခင်ဗျားရဲ့ ဖခင်က ဘယ်သူလဲ၊ ဘယ်ဇာတိကလဲ'

လူငယ်က–

'ကျွန်တော့်ဖခင်က လီရှန့်ကုန်းပါ၊ ဇာတိကတော့ ဟန်ကြူးမြို့ပါ'

ရှောင်မားက နားလည်လိုက်လေသည်။

သူ့ဖွေးကြီး လီရှန့်ကုန်းနှင့် သူ၏မိတ္တများသည် အလွန်ရင်းနှီးလေသည်။

ထို့ကြောင့် နှစ်ဦးနှစ်ဖက် သားသမီးများကို သဘောတူစေ့စပ်ထားလိုကြသည်။

စေ့စပ်ရန်အတွက် သူ့ဖွေးကြီး လီရှန့်ကုန်းက ကျောက်စိမ်းဟသ်ာရုပ်မှာ ဗို–မ နှစ်ခုသာ ရှိလေသည်။

သူ၏မိတ္တများက အလွန်နှစ်သက်သောကြောင့် တစ်ခုကို

www.burmeseclassic.com

www.burmeseclassic.com



လက်ခံလိုက်လေသည်။

သို့သော်–

ရှောင်မားက သိုင်းပညာကိုသာ သင်ကြားလိုသဖြင့် အိမ်မှ ထွက်လာခဲ့သည်။

ထိုအခါ သူ၏မိဘများက ကျောက်စိမ်းဟင်္သာရုပ်ကို ပြန်ပေးလိုက်ရသည်။

ထိုအချိန်မှစ၍ သူနှင့် သူဌေးကြီး လီရှန့်ကုန်းမှာ အဆက်အသွယ်ပြတ်သွားခဲ့လေသည်။

ယခု သူဌေးကြီး လီရှန့်ကုန်း၏ မျိုးဆက်က သူ့အား အကူအညီ တောင်းလာလေပြီ။

ရှောင်မားသည် လီရွှေ့ရွှေ့အား တစ်ချက်ကြည့်လိုက်ပြီး–

'နေပါဦး။ သူဌေးကြီး လီရှန့်ကုန်းမှာ သားတစ်ယောက်မှ မရှိပါဘူး။ သမီးတစ်ယောက်ပဲရှိတယ်လို့ ကျွန်တော်သိထားတာ'

လီရွှေ့ရွှေ့က ခေါင်းပေါ်မှ ပေါင်းထားသော အဝတ်စကို ဖြေလိုက်ရာ နက်မှောင်သော ဆံကေသာများသည် ပြေကျလာလေသည်။

'ဟုတ်တယ်၊ ကျွန်မက လီရှန့်ကုန်းရဲ့သမီး လီရွှေ့ရွှေ့ပါ'

ရှောင်မားက နားမလည်သော မျက်လုံးဖြင့်ကြည့်လိုက်ပြီး

'ခင်ဗျား ကျွန်တော့်ကို လိုက်ရှာတာက'

ရွှေ့ရွှေ့က မျက်ရည်များ ဝဲလာလေသည်။



'ဒီလိုပါ... လွန်ခဲ့တဲ့ နှစ်လလောက်က ကျွန်မဖေဖေကို လူသတ်သမားတစ်စုက လာသတ်သွားလို့ပါ။ ကျွန်မက ဦးလေးအိမ်ကို ရောက်နေလို့ လွတ်သွားပါတယ်၊ ကျွန်မရဲ့ လူယုံတော်ကလည်း သေချင်ယောင်ဆောင်လို့ သက်သာသွားတာပါ။ ဖေဖေမသေခင်မှာ ကျွန်မရဲ့လူယုံတော်ကို ရှင့်ကိုလိုက်ရှာဖို့ မှာခဲ့ပါတယ်'

ရှောင်မားက သက်ပြင်းချလိုက်သည်။

'ခင်ဗျား ကျွန်တော့်ကို လိုက်ရှာတာ လူသတ်သမားကို ကလဲ့စားချေဖို့ အကူအညီတောင်းမလို့... ဟုတ်လား'

ရွှေ့ရွှေ့က–

'ဟုတ်ပါတယ်၊ ဒါကလည်း ဖေဖေမှာခဲ့လို့ပါ'

ရှောင်မားက–

'ဒါနဲ့ လူသတ်သမားဟာ ပစ္စည်းတွေယူသွားသေးသလား'

ရွှေ့ရွှေ့က–

'ဟင့်အင်း တခြားဘာပစ္စည်းမှ မယူသွားပါဘူးရှင်... ကျွန်မဖေဖေက ကျွန်မကို အမွေအဖြစ် ထိန်းသိမ်းဖို့ပေးထားတဲ့ ကျောက်စိမ်းဟင်္သာရုပ်တစ်ခုကိုပဲ ယူသွားတာပါ၊ နောက်တစ်ခုကတော့ ကျွန်မဆီမှာပါ'

'ကျောက်စိမ်းဟင်္သာရုပ်'

ရှောင်မားက လွတ်ကနဲ အသံထွက်သွားလေသည်။

သူသည် လီရွှေ့ရွှေ့အား အားနာစွာ ကြည့်လိုက်ပြီး–

www.burmeseclassic.com

www.burmeseclassic.com



'ကဲ... ညီမလေး မိုးလည်းချုပ်တော့မယ်၊ အစ်ကိုတို့နားဖို့ တစ်နေရာကိုသွားရအောင်'

ချွေးချွေးက ခေါင်းညိတ်လိုက်သည်။

သူတို့သည် ထိုနေရာ မြေပြေချင်းထွက်ခွာသွားလေတော့သည်။

* * *

ဤနေရာသည် တောင်သူလယ်သမားတစ်ဦး၏ အိမ်ဖြစ်သည်။ ပတ်ဝန်းကျင်တစ်ခုလုံးတွင် မဲမှောင်နေလေ၏။

လယ်သမားကြီး၏ အိမ်လေးထဲတွင် မီးရောင်မှိန်မှိန်လေး လင်းနေ၏။

လူရိပ်နှစ်ခုသည် အိမ်ကလေးအနီးသို့ ချဉ်းကပ်သွားသည်။

ထို့နောက် အိမ်၏ထရံပေါက်မှ ချောင်းကြည့်လိုက်ကြသည်။

အဘိုးကြီးအဘွားကြီးနှစ်ယောက်သည် စိတ်ပျက်စွာဖြင့် ငုတ်တုတ်လေးထိုင်နေကြသည်။

လူရိပ်တစ်ရိပ်က အသံတိုးတိုးဖြင့်–

'လာ... ညီမလေး အန္တရာယ်မရှိနိုင်ဘူး။ ခွင့်တောင်းပြီး ဒီည ဒီမှာနေရမယ်'



ဂုဏ်လူရိပ်နှစ်ခုမှာ ရှောင်မားနှင့် ချွေးချွေးပင်ဖြစ်သည်။

* * *

ရှောင်မားက တံခါးကို အသာအယာခေါက်လိုက်သည်။

တံခါးလာဖွင့်ပေးသော အဘိုးအိုမျက်နှာမှာ ပြုံးရွှင်နေ၏။

သို့သော်–

ရှောင်မားတို့အား တွေ့လိုက်သည်နှင့် မျက်နှာမှာ ညှိုးနွမ်းသွားလေသည်။

ရှောင်မားက အဘိုးအိုအား တစ်ညတာတည်းခိုခွင့် တောင်းလိုက်လေသည်။

သဘောကောင်းလှသော အဘိုးအိုနှင့် အဘွားအိုက သူတို့အား ခွင့်ပြုပြီး ညစာများ ချက်ပြုတ်၍ ကျွေးမွေးလေသည်။

သူတို့သည် ညစာစားသောက်ပြီးနောက် စကားစမြည်ပြောဆိုကြလေသည်။

ထိုသို့ ပြောဆိုစဉ်မှာပင် အဘိုးအို၊ အဘွားအိုတို့ ရင်ထဲရှိခံစားချက်များကို သိနားလည်လာကြလေသည်။

အကြောင်းမှာ ၎င်းတို့တွင် သားတစ်ယောက်ရှိသည်။

လောင်ကစားမက်ပြီး နေ့စဉ်ညစဉ် လောင်းကစားမှုကို ပြုလုပ်သောကြောင့် ရှိသည့်ပစ္စည်းဥစ္စာများ ကုန်ခမ်းပြီး ကြွေးများပင် တင်နေလေပြီ။

www.burmeseclassic.com



ရှောင်မားက–

'အခု အဘိုးတို့သား ဘယ်မှာလဲ'

အဘိုးအိုက–

'ထုံးစံအတိုင်း လောင်းကစားအိမ်မှာပေါ့ကွာ'

ရှောင်မားက–

'လောင်းကစားအိမ်က ဘယ်နေရာမှာလဲ'

အဘိုးအိုက–

'ဒီကနေသွားရင် သိပ်မဝေးပါဘူး'

ရှောင်မားက–

'အဘိုးသားက အသက်ဘယ်လောက်ရှိပြီလဲဗျ'

အဘိုးအိုက ရှောင်မားအား ကြည့်လိုက်ပြီး–

'မင်းလောက်ပါပဲ... အသက် ၂၀ ဝန်းကျင်ပေါ့'

ရှောင်မားက–

'အဘိုးသားနာမည်က ဘယ်သူလဲဗျ'

အဘိုးအိုက–

'အာတိုင်းပါ'

ရှောင်မားက အဘိုးအိုအား ပြုံးပြလိုက်သည်။

'ကဲ... ဒါဆို ကြိုတုန်း ကျွန်တော်သွားခေါ်လာခဲ့ပါ့မယ်'

အဘိုးအိုက အံကလေးကြိတ်၍–

'နေပါစေကွာ၊ သွားမခေါ်ပါနဲ့တော့၊ သူက လောင်းကစားရင်း မိဘကိုတောင် မေ့တဲ့ကောင်ကွ'

ရှောင်မားက ချွေ့ချွေ့ဘက်သို့ လှည့်လိုက်ပြီး–



'ညီမလေး... အဘိုးအဘွားတို့နဲ့ ခဏနေခဲ့နော်၊ အစ်ကို ပြန်လာခဲ့မယ်'

ချွေ့ချွေ့က–

'ကောင်းပါပြီအစ်ကို'

ရှောင်မားက အဘိုးအိုဘက်သို့ လှည့်လိုက်ပြီး–

'ရပါတယ်အဘိုး... ကျွန်တော်ပါအောင် ပြန်ခေါ်ခဲ့ပါ့မယ်၊ လောင်းကစားအိမ်ရဲ့ နေရာကိုသာ တိတိကျကျပြောပြပါ'

အဘိုးအိုသည် ရှောင်မားအား တားလို့မရမှန်း သိရသဖြင့် လောင်းကစားအိမ်၏နေရာကို တိတိကျကျညွှန်ပြလိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# လောင်းကစားအိမ်

လောင်းကစားအိမ်။

လောင်းကစားအိမ်သည် သိပ်မဝေးလှပါ။

ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်နေ၏။

လောင်းကစားအိမ်တစ်ခုလုံး လင်းထိန်နေ၏။

ရှောင်မားသည် အဘိုးအိုညွှန်ပြသည့်အတိုင်း လောင်းကစားအိမ်သို့ တည့်တည့်မတ်မတ် ရောက်ရှိလာသည်။

အခန်းတစ်ခုလုံးတွင် ဆေးလိပ်မီးခိုးနံ့များ မွှန်ထူနေ၏။

အော်ဟစ်သံ၊ ငြင်းခုန်သံ၊ ရယ်မောသံများ ဆူညံနေ၏။



များပြားလှသော လောင်းကစားသူများထဲတွင် အဘတိုင်းအား ညီသို့ ရှာဖွေရမည်နည်း။

သူသည် အခန်းတစ်ခုတစ်လုံးအား ဝေ့ကြည့်လိုက်သည်။

လောင်းကစားသူများက ဝင်ရောက်လာသော သူ့အား သတိပင် မပြုမိကြပါ။

လောင်ကစားမှုထဲတွင်သာ အာရုံစူးစိုက်နေကြသည်။

ရုတ်တရက်–

သူ၏လက်မောင်းအား တစ်စုံတစ်ယောက်က ဖမ်းဆုပ် လိုက်သည်။

သူက လှည့်ကြည့်လိုက်ရာ ရှစ်ရှည်ကြမ်းတမ်းခက်ထန်ပြီး သန် ထွားကြိုင်းသော လူတစ်ယောက်အား တွေ့လိုက်ရသည်။

ထိုလူက မာကြောသောလေသံဖြင့် မေးလိုက်သည်။

'ဟေ့လူ… ခင်ဗျားဘယ်သူလဲ… ဘာကိစ္စလဲ… ဘယ်သူ့ကို ရှာတာလဲ'

ရှောင်မားသည် ထိုလူမှာ လောင်းကစားအိမ်၏ လူမိုက်ကြီး ဖြစ်သည်ဟု ခန့်မှန်းမိလိုက်သည်။

ထို့ကြောင့် သူကပြုံး၍–

'ကျွန်တော် အဘတိုင်းရဲ့သူငယ်ချင်းပါ အခု သူ့ကိုလာရှာတာပါ'

လူမိုက်ကြီးက ကစားဝိုင်းတစ်ခုသို့ မေးဆတ်ပြလိုက်သည်။

'အဲ့ဒီအံစာဝိုင်းမှာ'

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မားက–

'ဟုတ်ကဲ့'

သူကပြောပြီး အံစာဝိုင်းဆီသို့ လျှောက်လာရင်း အံစာကစား နေသော လူများကို အကဲခတ်လိုက်သည်။

ကစားနေသောလူများမှာ ၁၄–၁၅ ယောက်ခန့်ရှိသည်။

ထိုလူများထဲတွင် အသက် ၂၀ ဝန်းကျင်မှာ တစ်ယောက် တည်းသာရှိသည်။

ရှောင်မားသည် ထိုလူထံသို့ လျှောက်သွားလိုက်သည်။

ထိုအချိန်တွင် အာတိုင်းမှာ ငွေများစွာရှုံးနေပြီး မျက်နှာတွင် ချွေးများပြန်နေသည်။

ရှောင်မားက ဒိုင်လုပ်သူအား ကြည့်လိုက်ရာ မရိုးသားမှန်း သိလိုက်လေသည်။

သူက ပြုံးလိုက်လေသည်။

သူသည် အာတိုင်းနောက်တွင် ဝင်ထိုင်လိုက်ပြီး အသံ တိုးတိုးဖြင့်–

'ခင်ဗျားက အာတိုင်းမဟုတ်လား'

အာတိုင်းက သူ့အား လှည့်ကြည့်လိုက်ပြီး–

'ဟုတ်ပါတယ် ခင်ဗျားက ဘယ်သူလဲ'

ရှောင်မားက ပြုံးလိုက်ပြီး–

'ငါက မင်းအဖေရဲ့မိတ်ဆွေပဲ၊ အခုမင်းကိုခေါ်ဖို့ လိုက်လာတာ'



'ဟ... ကျွန်တော်မှ မပြန်ချင်သေးဘဲ'

'ဘာဖြစ်လို့လဲ၊ မင်းငွေတွေလည်းကုန်ပြီ မဟုတ်လား'

'အင်းလေ ကျွန်တော်အခုရှုံးထားလို့ မပြန်ချင်သေးတာပေါ့ဗျ'

'ဒါဖြင့်ရင် ငါမင်းကိုငွေချေးမယ် ဘယ်လိုလဲ'

အာတိုင်း၏မျက်နှာတစ်ခုလုံး ပြုံးရွှင်သွားသည်။

'ခင်ဗျားတကယ်ပြောတာလားဗျ'

ရှောင်မားက အိတ်ထဲမှ ငွေစက္ကူများကိုနှိုက်ယူပြီး အာတိုင်း၏ မျက်နှာရှေ့တွင် ဝှေ့ယမ်းပြလိုက်သည်။

'ဒီမှာတွေ့လား ငွေရှိတယ်၊ မင်းကိုချေးမယ် ဒါပေမယ့်'

အာတိုင်းက မရိုးမရွ ဖြစ်လာသည်။

'ဒါပေမယ့်... ဘာဖြစ်သလဲ'

ရှောင်မားက–

'ငါ့ကို အပေါင်တစ်ခုတော့ ပေးရမယ်'

အာတိုင်း၏မျက်နှာ ညှိုးနွမ်းသွားလေသည်။

'ကျွန်တော့်မှာ တန်ဖိုးရှိတဲ့ပစ္စည်း ဘာမှမရှိတော့ဘူးဗျ'

'ရတယ်လေ... ဒီလိုဆိုရင် မင်းရဲ့အသက်ကို ပေါင်ထားပေါ့'

အာတိုင်းသည် စဉ်းစားခြင်းပင်မပြုဘဲ ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ... ပေါင်မယ်'

ရှောင်မားက စိတ်ပျက်စွာ ခေါင်းခါယမ်းလိုက်သည်။

'ကောင်းပြီလေ မင်းဒီလောက်တောင် ပေါင်ချင်မှတော့'

www.burmeseclassic.com

www.burmeseclassic.com



သူက လက်ထဲမှ ငွေစက္ကူများကို အာ့တိုင်းအား လှမ်းပေး လိုက်သည်။

'မင်းတစ်ခုတော့ သတိရပါ... မင်းဒီငွေတွေ ငါ့ကိုမဆပ်နိုင်ရင် မင်းရဲ့အသက်ကို ငါပိုင်တယ်ဆိုတာပဲ ကဲ... လောင်းချင်လောင်းတော့'

ရှောင်မားသည် ပြောပြီးသည်နှင့် အရက်ကောင်တာသို့ လျှောက်သွားလေသည်။

* * *

## လက်ချောင်း(၃)ချောင်း

ရှောင်မားသည် အရက်ကောင်တာတွင် ထိုင်၍ အရက်ကို ဖိမ်ပြေနပြေ သောက်နေသည်။

သူသည် အရက်ကိုသောက်နေသော်လည်း သူ၏မျက်လုံးအစုံ မှာ အာ့တိုင်းဆီသို့ ရောက်နေ၏။

အာ့တိုင်း၏အသံသည် ပထမတွင် ကျယ်လောင်နေသော်လည်း တဖြေးဖြေးနှင့် အသံမှာ တိုးလာသည်။

မျက်နှာတွင် ချွေးသီးချွေးပေါက်များ ကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာခင်မှာပင် သူ့ရှေ့ရှိငွေများအားလုံး ကုန်သွားလေတော့သည်။

ရှောင်မားက ပြုံးလိုက်သည်။

အာတိုင်းသည် ငွေစက္ကူများအားလုံး ကုန်သွားသောကြောင့် အြက်ကြီးသည်ထိမ်ထားသည့်အလား ခေါင်းငိုက်စိုက်ဖြင့် လောင်းကစားဝိုင်းမှ ထလာရလေသည်။

ရှောင်မားက သူ့အား ပြုံး၍ လှမ်းခေါ်လိုက်သည်။

'ဟော့... အာတိုင်း... ဒီကိုလာ မင်းဘယ်လောက်နိုင်သလဲကွ'

အာတိုင်း၏မျက်နှာမှာ ပို၍ ရှုံ့မဲ့သွားသည်။

'ကျွန်တော်အားလုံး ရှုံးသွားပြီဗျ'

ရှောင်မားက အံ့ဩဟန်ဖြင့် မျက်ခုံးမွေးအစုံကို နဖူးပေါ်သို့ မြှင့်တင်လိုက်သည်။

'ဘာ... မင်းရှုံးသွားပြန်ပြီ ဟုတ်လား'

အာတိုင်းက တိုးညှင်းအားပြတ်သောအသံဖြင့်–

'ဟုတ်တယ်'

ရှောင်မားက စိတ်မကောင်းဟန်ဖြင့်–

'ဒါဖြင့်... မင်းရဲ့အသက် ငါ့ကိုပေးရတော့မှာပေါ့'

အာတိုင်းက ထိတ်လန့်တုန်လှုပ်သွားသည်။

ရှောင်မားက မျက်နှာထားတင်းတင်းဖြင့်–



'ဘာလဲ... မင်းက ကတိဖျက်ချင်လို့လား'

အာတိုင်းက မပြောမဆိုတဲ့ လက်သီးဖြင့် လျှပ်တပြက် ရှောင်မား၏ ဝမ်းဗိုက်အား ထိုးသွင်းလိုက်သည်။

'အား...'

ခန အော်သံနှင့်အတူ 'ဗုန်း'ကနဲ လဲကျသံကို ကြားလိုက်ရသည်။

အာတိုင်းသည် အဝေးသို့ လဲကျသွားလေသည်။

ရှောင်မားက သူ့ထံသို့ လျှောက်လာနေ၏။

အာတိုင်းက ထိတ်လန့်တုန်လှုပ်စွာဖြင့် ရှုးလဲထလိုက်သည်။

ထိုအချိန်မှာပင် လူမိုက်ကြီးက သူတို့အနားသို့ ရောက်လာလေသည်။

'ဟော့လူတွေ မင်းတို့ဘာသာ ရန်ဖြစ်ချင်ရင် အပြင်မှာသွားဖြစ်ကြ'

ရှောင်မားက လူမိုက်ကြီးအား စိုက်ကြည့်လိုက်သည်။

'သွားမှာပါ... ဒါပေမယ့် မင်းတို့ငွေလိမ်ပြီး ကစားတဲ့လုပ်ငန်းကိုတော့ ကျုပ်က အရင်စာရင်းရှင်းရမယ်'

လူမိုက်ကြီးက–

'ကျုပ်တို့က ငွေလိမ်တယ်ဟုတ်သလား'

ရှောင်မားက–

'ဒါကို မင်းတို့အသိဆုံးဖြစ်မှာပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်... မင်းဘာတွေလာပြောနေတာလဲ'

အချိန်နှင့်အတူ နောက်ထပ်လူမိုက်နှစ်ယောက် ရောက်ရှိလာသည်။ ရှောင်မားက ပြုံးလိုက်ပြီး–

'မင်းတို့ရဲ့လောင်းကစားဝိုင်းတွေဟာ လိမ်နည်းအမျိုးမျိုးနဲ့ ထိန်းနေတယ်လို့ ပြောတာပါ'

လူမိုက်ကြီးက–

'ဟား... ဟား... လောင်းကစားတယ်ဆိုတာ ကံတရားပါကွာ ကျုပ်တို့က လိမ်တယ်လို့ မင်းက ဘာအထောက်အထားပြစရာရှိသလဲ'

ရှောင်မားက အိတ်ထဲမှ ငွေစက္ကူတစ်ထပ် ထုတ်လိုက်ပြီး–

'ကဲ... ဒီလိုဆိုရင် ကျုပ်လောင်းမယ်'

လူမိုက်ကြီးက–

'ဟား... ဟား... ဟား... ကြိုက်တယ်ဗျာ ကြွပါ ကြွပါ ကြိုက်တဲ့ကစားဝိုင်းမှာ လောင်းနိုင်ပါတယ်'

ရှောင်မားက အာတိုင်းရှိခဲ့သော ကစားဝိုင်းဆီသို့ လျှောက်သွားပြီး ငွေစက္ကူများကို ချလိုက်သည်။

'ကဲ... ကျုပ်အချိန်မရဘူး။ တစ်ပွဲပဲကစားမယ် ဘယ်လိုလဲ သဘောတူရဲ့လား'

ဒိုင်လုပ်သူက ငွေစက္ကူများကိုကြည့်ပြီး ပြုံးရွှင်စွာဖြင့်–

'ဟား... ရတာပေါ့'

ရှောင်မားက မဲ့ပြုံးပြုံးလိုက်သည်။



'ကဲ... ဒါဖြင့်စတော့'

ဒိုင်လုပ်သူက အံစာတုံးများကို တချပ်ချပ် အသံမြည်အောင် ခေါက်လိုက်ပြီး–

'ကဲ... လက်ရှောင်'

ဟု အော်ကာ စားပွဲပေါ်သို့ အံစာတုံးများကို ပစ်တင်လိုက်သည်။ အံစာတုံးနှစ်တုံးစလုံးသည် စားပွဲပေါ်တွင် လှည့်ပတ်လည်နေပြီး အရှိန်ရပ်သွားသောအခါ (၆)ပွင့် ဖြစ်နေလေသည်။

သို့သော်

အံစာတုံးတစ်တုံးသည် ရုတ်တရက် တစ်ဖက်သို့ အလိုအလျောက် လန်သွားလေသည်။

ထိုအံစာတုံး၏ အပွင့်မှာ (၅) ဖြစ်သည်။

အံစာတုံးနှစ်တုံး၏ အပွင့်များကို ပေါင်းလိုက်သောအခါ 'တစ်' သာ ရလေသည်။

ဒိုင်လုပ်သူ၏မျက်နှာ ကွက်ကနဲ ပျက်သွားလေသည်။

သူက ရှောင်မားအား စေ့စေ့ကြည့်လိုက်ပြီး–

'ခင်ဗျား ဘယ်လိုလုပ်တာလဲဗျ'

ရှောင်မားက–

'ကျုပ်က ဘာလုပ်လို့လဲ'

ဒိုင်လုပ်သူက–

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားလေနဲ့မှုတ်လိုက်တာ ကျုပ်တွေ့သွားပဲ'

ရှောင်မားက အံစာတုံးနှစ်တုံးကို ကောက်ကိုင်လိုက်သည်။ ထို့နောက် နိုင်အား ပြုံးပြလိုက်သည်။

'ဟဲ... ခင်ဗျားမကျေနပ်ရင် ကျုပ်အလှည့်မှာ လေနဲ့မှုတ်လိုက်ဟုတ်ပြီလား'

သူက အံစာတုံးကို ခေါက်၍ စားပွဲပေါ်သို့ တင်လိုက်ရာ နှစ်ခုလုံးမှာ အနီပွင့်များဖြစ်သည်ကို တွေ့လိုက်ရလေသည်။ ရှောင်မားက သူ၏ငွေစက္ကူများကိုယူပြီး ရေတွက်လိုက်သည်။

'ဟဲ... တစ်သောင်းတိတိရှိတယ်၊ လျှော်ပေတော့'

နိုင်လုပ်သူမှာ ရှောင်မား မည်သို့မည်ပုံပြုလိုက်မှန်း မသိသော်လည်း ဘာမှမတတ်နိုင်ဘဲ ငွေတစ်သောင်း လျှော်လိုက်ရလေသည်။

ရှောင်မားက နိုင်လုပ်သူအား ပြုံးစိစိဖြင့်ကြည့်ကာ–

'ကျုပ် ခင်ဗျားကို အကြံတစ်ခုပေးချင်တယ်'

'အဲ့ဒါကတော့ ဒီလောင်းကစားအိမ်ကို အမြန်ဆုံး ပိတ်လိုက်ပါ၊ နို့မဟုတ်ရင် ကျုပ်က နေ့တိုင်း လာလောင်းမယ်၊ ဒါပါပဲ'

သူက ပြောပြီးသည်နှင့် အာတိုင်းအား ဆွဲကာ ထိုအိမ်မှ အမြန် ဆုံး ထွက်လာလေသည်။

* * *



အာတိုင်းသည် ရှောင်မား၏နောက်မှ ခပ်ကုပ်ကုပ်လေး ပါသွားလေသည်။

ရှောင်မားက သူ့ကို ကြည့်လိုက်ပြီး–

'မင်းက လောင်းကစားတော်တော်ဝါသနာပါတာပဲ'

အာတိုင်း ခေါင်းညိတ်လိုက်သည်။

ရှောင်မားက သူ၏ပုခုံးအား ပုတ်၍ အားပေးလိုက်သည်။

'အာတိုင်း လောင်းကစားတယ်ဆိုတာ ဘယ်တော့မှ အကျိုးပေးကောင်းတာမဟုတ်ဘူးကွ ငွေလိုချင်ရင် ကိုယ့်ရဲ့ ကာယဉာဏ်စွမ်းအားကို အသုံးပြုပြီး ရှာရတယ်'

အာတိုင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ ကျွန်တော်နောင်တရပါပြီ၊ နောက်ကို ဘယ်တော့မှ လောင်းကစားမလုပ်တော့ပါဘူးဗျာ'

ရှောင်မားက–

'မင်းအခု ဘာလုပ်ချင်သလဲ'

အာတိုင်းက–

'ကျွန်တော် အိမ်ပြန်ချင်ပါတယ်'

ရှောင်မားက ပြုံး၍–

'မင်းငါ့ဆီက ချေးထားတဲ့ငွေတွေ မဆပ်ရသေးဘူးလေ'

အာတိုင်းက–

'ခင်ဗျားက ကျွန်တော့်ကို'

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မားက ရယ်မောလိုက်သည်။

'အခုလောလောဆယ်တော့ မင်းကိုငါဘာမှ မလုပ်ပါဘူးကွ၊ ကဲ... အခုမင်းအိမ်ကို အရင်ပြန်ကြမယ်'

အာတိုင်းက–

'ဘာဖြစ်လို့လဲဗျ'

ရှောင်မားက–

'မင်းမိဘတွေရှေ့မှာ မင်းကငါ့ကို ကတိနှစ်ခုပေးရင် ငါက အကြွေးကိုပြန်မတောင်းတော့ဘူး'

အာတိုင်းက–

'ဘာကတိပေးရမှာလဲ'

ရှောင်မားက–

'နောက်ကို လောင်းကစားလုံးဝမလုပ်တော့ပါဘူးလို့ ကတိပေးရမယ်၊ နောက်တစ်ခုကတော့'

အာတိုင်းက–

'နောက်တစ်ခုက'

ရှောင်မားက မျက်နှာထားကို တည်ကြည်လေးနက်လိုက်သည်။

'မင်းမိဘကို စိတ်ချမ်းသာအောင် တစ်သက်လုံးပြုစုလုပ်ကျွေးရမယ်ဆိုတဲ့ ကတိပဲ'

အာတိုင်းက ဝမ်းသာအားရဖြင့်–

'ဘာများလဲလို့ဗျာ... အဲဒီနှစ်ခုလုံးကို ကျွန်တော်လုပ်ဖို့ ဆုံးဖြတ်



ပြီးသားပါ။ အခု ကျွန်တော် ခင်ဗျားကို ဒီကတိနှစ်ခုကို ပေးပါတယ်ဗျာ'

ရှောင်မားက ဝမ်းသာသွားလေသည်။

'ဝမ်းသာလိုက်တာကွာ၊ ကဲ... မြန်မြန်လာ၊ မင်းမိဘတွေကို ပြောပြရင် သူတို့အရမ်းဝမ်းသာမှာကွ'

သူတို့သည် လယ်သမားအဘိုးအိုဏ်အိမ်သို့ ခြေလှမ်းသုတ်သုတ် [illegible] ပြန်လာကြလေသည်။

* * *

ဝန်ကျင်တစ်ခုလုံး မှောင်မည်းနေ၏။

အိမ်ဝင်းတစ်ခုလုံးမှာလည်း မှောင်မည်းတိတ်ဆိတ်နေ၏။

ရှောင်မား၏ရင်ထဲတွင် ထိတ်ကနဲ ဖြစ်သွားလေသည်။

အိမ်ရှိရာသို့ လျှောက်သွားသောအခါ အိမ်တံခါးမှာ ဟာလာဟင်းလင်းဖြစ်နေသည်ကို တွေ့ရလေသည်။

သူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်သည်။

အာတိုင်းသည် ရုတ်တရက် အိမ်ထဲသို့ ပြေးဝင်သွားလေသည်။

ရှောင်မားကလည်း နောက်မှ ပြေးလိုက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းတစ်ခုလုံး ဖရိုဖရဲဖြစ်နေလေသည်။

ရှောင်မားသည် တစ်စုံတစ်ခုကို သတိရလာသည်။

'ချွေချွေ... ညီမလေး'

အာတိုင်းကလည်း အော်လိုက်လေသည်။

'မေမေ... မေမေ'

ရှောင်မားသည် အာတိုင်းဘက်သို့ လှည့်ကြည့်လိုက်သည်။

လယ်သမားအဘိုးအိုနှင့် အဘွားအိုမှာ သွေးအိုင်ထဲတွင် လဲကျနေသည်ကို တွေ့လိုက်ရသည်။

'မေမေရေ... မေမေရေ... သားကိုထကြည့်ကြပါဦးဗျာ'

အာတိုင်းသည် ရှိုက်ကြီးတစ်ငင်ဖြင့် မိဘများအလောင်းကို ပွေ့ဖက်ပြီး ငိုကြွေးနေလေသည်။

ရှောင်မားသည် အခန်းတစ်ခုလုံးကို လိုက်လံရှာဖွေကြည့်ရာ ချွေချွေတစ်ယောက်အား လုံးဝမတွေ့ရပါ။

ထိုအချိန်မှာပင် အာတိုင်းသည် ရုတ်တရက် အငိုရပ်သွားပြီး အနီးရှိ တုတ်တစ်ချောင်းအား ဆွဲကာ ရှောင်မား၏ခေါင်းပေါ်သို့ ရိုက်ချလိုက်လေသည်။

'သေပေတော့... လူယုတ်မာ ငါ့မိဘကိုသတ်တဲ့ကောင်'

ရှောင်မားက ခုန်ရှောင်လိုက်ပြီး အနီးရှိ ကုလားထိုင်တစ်လုံးဖြင့် ခုခံလိုက်လေသည်။

'ဖြောင်း...'



အာတိုင်း၏တုတ်မှာ ထက်ပိုင်းကျိုးသွားလေသည်။

အာတိုင်းက စိတ်မကျေနပ်သေးဘဲ အနီးရှိ ပေါက်ပြားအား ဆွဲ၍ ရှောင်မားအား တိုက်ခိုက်လိုက်ပြန်သည်။

ရှောင်မားက ရှောင်တိမ်းရင်း–

'အာတိုင်း... မင်းမိဘကိုသတ်တာ ငါမဟုတ်ဘူးကွ'

'ငါ့ကိုအထင်မလွဲပါနဲ့'

အာတိုင်းက ဒေါသတကြီးဖြင့်–

'ခင်ဗျားမသတ်ရင် ဘယ်သူသတ်မလဲဗျ'

ရှောင်မားက–

'အာတိုင်းရေ... စဉ်းစားပါဦးကွာ... မင်းမိဘကို ငါကသတ်မှတော့ မင်းကိုလာခေါ်ပါဦးမလားကွာ'

အာတိုင်းက တွေဝေသွားလေသည်။

ရှောင်မားသည် သူနှင့် ချွေချွေ တစ်ညတာတည်းခိုခွင့်တောင်းသည်မှ အာတိုင်းအား အိမ်သို့ပြန်ခေါ်လာပုံကို ရှင်းပြလိုက်မှ သုပ်ရှားနေသော အာတိုင်း၏စိတ်များ ငြိမ်သက်သွားလေသည်။

'ဒါဖြင့် ကျွန်တော့်မိဘကို ဘယ်သူသတ်တာလဲ'

ရှောင်မားက–

'ဒါတော့ ငါလည်း ဘယ်သိမှာလဲကွ'

သူသည် ပြောပြီးသည်နှင့် အဘိုးအို၏ အလောင်းနားသို့ လျှောက်သွားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒယ်ရာများကို စစ်ဆေးသည်။

ဒယ်ရာမှာ ဓားဒဏ်ရာဖြစ်သည်ကို သေချာစွာ သိရှိရလေသည်။

ထူးဆန်းသည်မှာ အဘိုးအို၏လက်များသည် ဝမ်းဗိုက်ပေါ်တွင် တင်ထားပြီး လက်ချောင်းသုံးချောင်း ထောင်ထားသည်ကို တွေ့လိုက်ရလေသည်။

လက်ချောင်းသုံးချောင်း–

မည်သည့်အဓိပ္ပာယ်ဖြစ်ပါသနည်း။

အဘိုးအိုကိုယ်တိုင်မှလွဲ၍ မည်သူမှမသိပါ။

အဘိုးအိုသည် သေဆုံးနီးတွင် တစ်ခုခုကို ပြောပြချင်မှု ရလေသည်။

ထိုလက်ချောင်းသုံးချောင်းမှာ အဓိပ္ပာယ်ရှိမည်ဟု ရှောင်မားက ယုံကြည်လေသည်။

ထိုလက်ချောင်းသုံးချောင်းမှာ သူ့ကိုသတ်သည့် လူမှာ သုံးယောက်ဟု ပြောချင်သည်လော။

ရှောင်မားသည် ထိုလက်ချောင်းသုံးချောင်းမှာ လူသုံးယောက် လော…။

အရာဝတ္ထုပစ္စည်းသုံးမျိုးလော စသည်ဖြင့် စဉ်းစားနေ၏။

သိုင်းလောကတွင် သုံးဂဏန်းနှင့် ပတ်သက်သောလူများ ရှိလေသည်။

ဥပမာ– ဓားသုံးလက်သိုင်းသမား၊ ကျွန်းနန်နယ်မှ ဘီလူး



...သုံးယောက်၊ မျက်လုံးသုံးလုံးသိုင်းသမား၊ ဓားသရဲသုံးယောက် ...သည်ဖြင့် ရှိလေသည်။

သူသည် တွေးတောရင်း ခေါင်းရှုပ်လာလေသည်။

သူသည် ချွေ့ချွေ့အား ရုတ်တရက် သတိရလာသည်။

'ချွေ့ချွေ့'

သူ၏ရင်ထဲတွင် စိုးရိမ်လာလေသည်။

သူမသည် ယခုမည်သည့်နေရာသို့ ရောက်နေပါသနည်း။

သူမအား တစ်စုံတစ်ယောက်က ခေါ်ဆောင်သွားခြင်းလော။

သူမအား အဘယ်ကြောင့် ခေါ်ဆောင်သွားခြင်းလော။

သူသည် ဦးနှောက်ခြောက်လာလေသည်။

ထို့ကြောင့် သူက ဆက်မတွေးတော့ဘဲ အဘိုးအိုလင်မယား၏ ...လောင်းကို မြေမြှုပ်ပေးလိုက်လေသည်။

အာတိုင်းမှာလည်း ညတွင်းချင်းပင် အိမ်မှထွက်သွားလေသည်။

ရှောင်မားမှာလည်း ချွေ့ချွေ့အား ရှာဖွေရန် ကျန်းစုကျေးရွာသို့ ...ထွက်ခွာလာခဲ့လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ကျန်းစုကျေးရွာ

ကျန်းစုကျေးရွာ။

ဤနေရာသည် ကျန်းစုကျေးရွာ၏ အရှေ့ဘက်ရှိ မြေကွက်လပ်တစ်ခု ဖြစ်လေသည်။

ထိုနေရာတွင် လူများ ကြိတ်ကြိတ်တိုးစည်ကားနေ၏။

ကျန်းစုကျေးရွာရှိ လူများသည် ရောက်ရှိလာသော ဧည့်သည်များကို နေရာထိုင်ခင်းစီစဉ်ပေးကြလေသည်။

သိုင်းဆရာလျှောက်ထားသော သိုင်းသမားများသည် စုရုံးရောက်ရှိလာကြလေပြီ။

ရာသီဥတုမှာ အလွန်ပူအိုက်နေသောကြောင့် သူဌေးကြီး



ကျန်းကုန်းပါမှာ သိုင်းဆရာရွေးချယ်ယှဉ်ပြိုင်ပွဲကို နှစ်ကြိမ်ခွဲ၍ ကျင်းပရန် ဆုံးဖြတ်လိုက်လေသည်။

နံနက်ပိုင်းတွင်တစ်ကြိမ်၊ ညနေပိုင်းတွင်တစ်ကြိမ် ကျင်းပမည်ဖြစ်လေသည်။

မြေကွက်လပ်၏ အလယ်တွင် ခါးစောင်းကိုက်ခန့်မြင့်သော စင်တစ်ခုကို ဆောက်လုပ်ထားလေသည်။

စင်မြင့်၏ အကျယ်အဝန်းမှာ ရှစ်ပေပတ်လည်မျှသာ ရှိသည်။

ယှဉ်ပြိုင်သူတို့သည် အကယ်၍ ထိုစင်မြင့်မှ ပြုတ်ကျလျှင် သက်သာမည်မဟုတ်ပါ။

သူဌေးကြီး ကျန်းကုန်းပါသည် သိုင်းဆရာတို့ ငှားရမ်းရန်သာဖြစ်သည်။

သို့သော်-

သိုင်းပညာအရည်အချင်း တကယ်ရှိသူကိုသာ ငှားရမ်းလိုသည်။

ထို့ကြောင့် ယခုကဲ့သို့ ဆောက်လုပ်ထားခြင်းဖြစ်လေသည်။

သိုင်းသမားရှောင်မားသည် ထိုနေရာသို့ မနက်စောစောကတည်းက ရောက်နှင့်နေ၏။

သူသည် ထိုစင်မြင့်အားကြည့်ရင်း သိုင်းပညာအကြောင်းကို တွေးနေမိလေသည်။

သိုင်းပညာဆိုသည်မှာ တိုက်ကွက်တစ်ခုနှင့်တစ်ခုမတူ ခုခံသော ပုံစံခြင်းမတူသော်လည်း ရည်ရွယ်ချက်မှာ အတူတူပင်ဖြစ်သည်။

www.burmeseclassic.com



မိမိကိုယ်ကို ချီနိုင်ရန်နှင့် တစ်ပါးသူအား တိုက်ခိုက်နိုင်ရန် ဖြစ်သည်။

သိုင်းပညာကို ကောင်းသည့်နေရာတွင် အသုံးပြုပါက အမှန်တရားဘက်မှ ရပ်တည်နိုင်ခြင်း၊ မိမိအား နိုင့်ထက်စီးနင်းပြုသူကို ကာကွယ်နိုင်ခြင်း၊ ရပ်ရွာအေးချမ်းသာယာရေးတွင် အထောက်အကူ ပြုနိုင်ပေသည်။

မကောင်းသောလမ်းများတွင် အသုံးပြုပါက အဆုံးတစ်နေ့တွင် ဇာတ်သိမ်းမလှဖြစ်သွားနိုင်ပေသည်။

ထို့ကြောင့် သိုင်းပညာအား အမှန်တရားဘက်မှ ရပ်တည်နိုင်အောင် ကြိုးစားအားထုတ်ခြင်းသည် အကောင်းဆုံးပင်ဖြစ်ပေသည်။

သူက တွေးရင်း ဟိုဟိုဒီဒီ လျှောက်ကာ လူများကို သတိပြု အကဲခတ်လေ့လာနေ၏။

အဘယ်ကြောင့်ဆိုသော် လယ်သမားအဘိုးအိုလင်မယားအား သတ်သူကို စုံစမ်းရှာဖွေရမည်ဖြစ်သောကြောင့် ဖြစ်သည်။

ထို့ပြင် နောက်ထပ် တာဝန်တစ်ခုမှာ ချွေ့ချွေ့အား ရှာဖွေရန် ဖြစ်သည်။

သူသည် ချွေ့ချွေ့အတွက် အလွန်စိတ်ပူနေမိ၏။

ထိုအချိန်မှာပင် သူ့နောက်ကျောမှ အသံတစ်သံကို ရုတ်တရက် ကြားလိုက်ရလေသည်။

'ဟေ့လူ… နောက်လှည့်မကြည့်နဲ့၊ ငြိမ်ငြိမ်နေ နို့မဟုတ်ရင်



ခင်ဗျား လီချွေ့ချွေ့ကို ဘယ်တော့မှ တွေ့ရတော့မှာမဟုတ်ဘူး'

ရှောင်မားသည် ချွေ့ချွေ့အမည်ကို ကြားလိုက်ရသဖြင့် ရင်ထိတ်သွားလေသည်။

'ခင်ဗျားက ဘယ်သူလဲဗျ'

နောက်မှ အသံရှင်က–

'ကျုပ် ဘယ်သူလဲဆိုတာ မမေးနဲ့ ခင်ဗျားက ရှောင်မား ဆိုတာသလား၊ မဟုတ်ဘူးလား'

ရှောင်မားက–

'ဟုတ်ပါတယ်'

နောက်မှ အသံရှင်က–

'အခုအချိန်ထိ လီချွေ့ချွေ့မှာ အသက်အန္တရာယ်လုံးဝမရှိဘူး… ဒါပေမယ့် ခင်ဗျားက သူတို့ခိုင်းတဲ့အတိုင်း လုပ်ပေးရမယ်တဲ့ နို့မဟုတ်ရင် လီချွေ့ချွေ့ရဲ့အသက်ကို အာမမခံနိုင်ဘူးလို့ မှာလိုက်တယ်'

ရှောင်မား ချွေ့ချွေ့တွင် အသက်အန္တရာယ်မရှိဟု ဆိုသဖြင့် စိတ်အေးသွားလေသည်။

'သူတို့ဆိုတာ ဘယ်သူတွေလဲ ကျုပ်က ဘာလုပ်ပေးရမှာလဲ'

အသံရှင်က–

'သူတို့ကို ကျုပ်လည်း မသိဘူး၊ ကျုပ်ကို ငွေပေးပြီး ပြောခိုင်းလာပြောတာ'

ရှောင်မားက–

www.burmeseclassic.com

www.burmeseclassic.com



'ကဲ... ဒါဆိုလည်း ကျုပ်ကဘာလုပ်ပေးရမှာလဲ'

အသံရှင်က–

'လီရှေ့ရှေ့ကို လွှတ်စေချင်ရင် ကျောက်စိမ်းဟသာ်ရုပ် ပေးရမယ်တဲ့'

'ဗျာ... ကျောက်စိမ်းဟသာ်ရုပ် ဟုတ်လား'

သူ့နောက်တွင် အသံတိတ်သွားလေသည်။

သူက လှည့်ကြည့်လိုက်ရာ သူ့နောက်တွင် ဘယ်သူမှ ရှိမနေပါ။

ခရီးသည်များသည် ကိုယ့်အုပ်စုနှင့်ကိုယ် သူ့အား ဘယ်သူကမှ အရေးစိုက်မနေပါ။

သူက လူအုပ်ထဲ တိုးဝင်၍ သူ့အား သတင်းပို့သူကို ရှာဖွေကြည့်လိုက်၏။

သူ့အား သတင်းလာပို့သူမှာ ထိုလူအုပ်ကြားတွင်ပင် ရှိမည်ဟု သူက အတပ်သိလေသည်။

သို့သော်–

မည်သူမှန်းမသိပါ။

ထိုသတင်းပို့သူပြောသည့် 'သူတို့'ဆိုသည်မှာ လယ်သမားအဘိုးအဘွားအားသတ်ပြီး ရှေ့ရှေ့အား ဖမ်းဆီးသွားသူများ ဖြစ်သည်။

သူတို့သည် အဘယ်ကြောင့် ကျောက်စိမ်းဟသာ်ရုပ်အား အလွန်လိုချင်နေပါသနည်း။

ကျောက်စိမ်းဟသာ်ရုပ်မှာ အဘယ်မျှ အဖိုးတန်နေပါသနည်း။

ရှောင်မားက တွေးတောနေရင်းမှ စင်မြင့်ဘက်သို့ လှမ်းကြည့်



လိုက်သည်။

စင်မြင့်ပေါ်တွင် သိုင်းယှဉ်ပြိုင်ပွဲ စတင်နေပြီဖြစ်သည်။

သို့သော်–

သူက စိတ်မဝင်စားတော့ပါ။

သူ့ခေါင်းထဲတွင် လူသတ်သမားများနှင့် ကျောက်စိမ်းဟသာ်ရုပ်က စိုးမိုးနေ၏။

ထိုအချိန်မှာပင် သူ့နောက်မှ ချိုလွင်သောအသံတစ်ခု ထွက်ပေါ်လာလေသည်။

'ရှင်က ဘာတွေတွေးနေတာလဲ၊ စင်မြင့်ပေါ်တက်ပြီး ယှဉ်ပြိုင်ပါတော့လား'

သူက ချာကနဲ လှည့်ကြည့်လိုက်သည်။

မိန်းကလေးတစ်ယောက်က သူ့အား ပြုံးစိစိဖြင့် ကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

မိန်းကလေးမှာ အလွန်လှပချောမောပြီး ကျောတွင် ဓားတစ်လက် ပိုးထားလေသည်။

မိန်းကလေးမှာ သိုင်းသမီးပျိုတစ်ယောက် ဖြစ်နိုင်လေသည်။

ရှောင်မားက–

'မင်းက ဘယ်သူလဲ'

မိန်းကလေးက–

'ကျွန်မ ဘယ်သူဖြစ်ဖြစ်ပေါ့၊ ရှင်က ယှဉ်ပြိုင်ပွဲကို ဝင်ပြိုင်မလား။

www.burmeseclassic.com

www.burmeseclassic.com



မပြိုင်ဘူးလား'

ရှောင်မားက ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော သိုင်းယှဉ်ပြိုင်ဖို့ လာတာမဟုတ်ဘူးဗျ'

မိန်းကလေးက–

'ဒါဖြင့် ရှင်က သိုင်းသမားရှောင်မား မဟုတ်လား'

ရှောင်မားက–

'ဟုတ်ပါတယ်'

မိန်းကလေး၏မျက်လုံးအစုံမှာ ဝင်းလက်သွားလေသည်။

'အို... ဟန်ကျူးလိုက်တာ ကျွန်မက ရှင့်ကိုလိုက်ရှာနေတာ'

ရှောင်မားက မျက်မှောင်ကုတ်သွားသည်။

'ကျွန်ုပ်ကိုလိုက်ရှာနေတာ ဟုတ်လား ဘာကိစ္စများ ရှိလို့လဲဗျ'

မိန်းကလေးက ကျောမှပိုးထားသောဓားအား ဆွဲထုတ်လိုက်ပြီး–

'ဒီကိစ္စရှိလို့ပေါ့ရှင့်'

သူမက ပြောပြီးသည်နှင့် ရှောင်မားအား စတင်တိုက်ခိုက်လိုက်လေသည်။

ရှောင်မားက ကိုယ်ကို လှုပ်ရုံလေး ရှောင်တိမ်းလိုက်သည်။

မိန်းကလေး၏ဓားမှာ သူ၏နားရွက်နားမှ ကပ်လွဲသွားလေသည်။

မိန်းကလေးက ထပ်မံတိုက်ခိုက်လိုက်ပြန်သည်။

ရှောင်မားမှာ ကြပ်ညပ်နေသော လှုအုပ်ထဲမှ ရှောင်တိမ်းရန်မှာ မလွယ်ကူပါချေ။



ထို့ကြောင့် သူက တစ်ပတ်ကျွမ်းပစ်၍ လူအုပ်ပေါ်မှ ဖြတ်ကျော်သွားလေသည်။

'ဝီ... ဝီ... ဝီ...'

သူမသည် လိုက်လာရင်း ဓားချက်သုံးချက်ဖြင့် တဆက်တည်း ခုတ်လိုက်လေသည်။

ရှောင်မားက ဘေးသို့ လှည့်ရှောင်လိုက်ပြီး မိန်းကလေး၏ ဓားကိုင်သောလက်ကို ဆတ်ကနဲ လှမ်းကန်လိုက်လေသည်။

သူ၏လှုပ်ရှားမှုမှာ လျှင်မြန်ပြီး တိကျလှပေသည်။

မိန်းကလေး၏ဓားမှာ အဝေးသို့ လွင့်ကျသွားလေသည်။

မိန်းကလေးနှင့် ရှောင်မား၏ကြားသို့ လူရိပ်တစ်ခု ဝင်ရောက်လာလေသည်။

အသက် ၂၀ ကျော် ရှုပ်ရည်သားနားသော လူငယ်တစ်ယောက် ဖြစ်လေသည်။

'ညီမလေး ဘာဖြစ်တာလဲ'

မိန်းကလေးက ထိုလူအား မြင်တွေ့လိုက်သည်နှင့် နှုတ်ခမ်းစူကာ ခြေထောက်ဆောင့်၍ ခပ်လှမ်းလှမ်းတွင် သွားရပ်နေလေသည်။ လူရွယ်က ရှောင်မားဘက်သို့ မျက်နှာထားတင်းတင်းဖြင့် ကြည့်ကာ–

'ဒီမှာ... ခင်ဗျားက ကျွန်တော့်ညီမလေးကို ဘာအနိုင်ကျင့်တာလဲ'

ရှောင်မားက ထိုလူရွယ်အား မျက်လုံးပြူး၍ ကြည့်ကာ–

www.burmeseclassic.com



'ဒီမှာ... ခင်ဗျားညီမကို ခင်ဗျားမေးကြည့်ပါဦးဗျာ'

လူရွယ်က မိန်းကလေးဘက်သို့ တစ်ချက်လှည့်ကြည့်ပြီး–

'ကျွန်တော့်ညီမက ဘာဖြစ်လို့လဲ'

ရှောင်မားက မဲ့ပြုံးပြုံးလိုက်ပြီး–

'ခင်ဗျားညီမက ကျုပ်ကို အသားလွတ် လာတိုက်ခိုက်တာဗျ'

လူရွယ်က အံ့ဩဟန်ဖြင့် မိန်းကလေးဘက်သို့ လှည့်လိုက်သည်။

'ညီမလေး... သူပြောတာ ဟုတ်သလား'

မိန်းကလေးက ရှုအောင့်အောင့်အသံဖြင့်–

'ဟုတ်တယ်'

လူရွယ်က–

'ညီမလေးက ဘာဖြစ်လို့ သူများကို တိုက်ခိုက်ရတာလဲ'

မိန်းကလေးက–

'သူက သိုင်းပြိုင်ပွဲကိုဝင်ပြီး မယှဉ်ပြိုင်တာကိုး အစ်ကိုရဲ့'

ရှောင်မားက ကမန်းကတန်းဖြင့်–

'ငါ့ဘာသာငါ မယှဉ်ပြိုင်တာ မင်းနဲ့ဘာဆိုင်သလဲ'

မိန်းကလေးက–

'ကျွန်မနဲ့ဆိုင်တာပေါ့၊ ရှင်က သိုင်းသမား ရှောင်မားဖြစ်နေတာကိုး'

ရှောင်မားက–



'ငါက သိုင်းသမားရှောင်မားဖြစ်တာနဲ့ သိုင်းပြိုင်ပွဲကို ဝင်ပြိုင်ရမှာလားကွ'

မိန်းကလေးက–

'ပြိုင်ရမှာပေါ့ရှင့်'

လူရွယ်သည် သိုင်းသမားရှောင်မားဟူသော အသံကို ကြားလိုက်သည်နှင့် သူ၏ပုံဟန်မှာ လေးစားသောပုံဟန် ပေါ်လွင်လာလေသည်။

သူက လက်နှစ်ဖက်ဆုပ်၍ ရှောင်မားအား ဦးညွှတ်လိုက်သည်။

'ခင်ဗျားက သိုင်းသမားရှောင်မားကိုး... ကျွန်တော်က ခင်ဗျားကို လူမမြင်ဖူးပေမယ့် လေးစားပြီးသားပါဗျာ'

ရှောင်မားက လူရွယ်အား အားနာသွားလေသည်။

'ကျေးဇူးတင်ပါတယ်ဗျာ'

လူရွယ်က–

'ကျွန်တော့်ညီမလေးကိုလည်း အပြစ်မယူပါနဲ့ဗျာ'

ရှောင်မားက–

'ဟုတ်ကဲ့ ဒါပေမယ့် သူကဘာကြောင့် ကျွန်တော့်ကို တိုက်ခိုက်ရတာလဲဆိုတာတော့ သိချင်ပါတယ်ဗျာ'

မိန်းကလေးက ပြုံးစိစိဖြင့်–

'ကျွန်မကလည်း ရှင့်ကိုတောင်းပန်ပါတယ်ရှင်၊ အမှန်တော့ ကျွန်မဖေဖေက ရှင့်ကိုအရမ်းချီးမွမ်းလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဗျာ…'

ထိုအချိန်မှာပင် လူရွယ်က–

'ဟဲဒါဗျာ… ကျွန်တော်တို့အိမ်ကို ခဏလောက်လိုက်လည်ဦးမှ ဖြစ်မှ အေးအေးဆေးဆေးရှင်းပြတာပေါ့ဗျာ'

ရှောင်မားက တစ်စုံတစ်ခုကို ရုတ်တရက် သတိရလာပြီး

'ဒါနဲ့ ခင်များတို့က ဘယ်သူတွေလဲဗျ'

လူရွယ်က ထိုအခါမှပင် သတိရသွားလေသည်။

'ခြော်… ဟုတ်ပါရဲ့ဗျာ ကျွန်တော်က ကျန်းပကျူန်းပါ ညီမလေးကတော့ ကျန်းချူးတုန်းပါ၊ သူဌေးကြီး ကျန်းကုန်းပါရဲ့ သားသမီးတွေပါ'

'ခြော်… တွေ့ရတာဝမ်းသာပါရဲ့ဗျာ'

ကျန်းပကျူန်းနှင့် ကျန်းချူးတုန်းတို့သည် ရှေ့မှဦးဆောင်၍ ရှောင်မားအား ခေါ်ဆောင်သွားလေသည်။

သိုင်းယှဉ်ပြိုင်ပွဲမှာလည်း အချိန်မပျက် ဆက်လက်၍ သဲသဲမဲမဲ ယှဉ်ပြိုင်လျက်ပင် ရှိနေ၏။

* * *



ရှောင်မားသည် မြို့ကလေးသို့ ပြန်လည်ရောက်ရှိလာလေသည်။

သူသည် ကျန်းပကျူန်းတို့ မောင်နှမ အတန်တန်တားနေသည့်ကြားမှ ဤမြို့ကလေးသို့ ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။

အကြောင်းမှာ သူက တရားခံများကို ရှာဖွေရဦးမည် မဟုတ်ပါလား။

သူက ချွေ့ချွေ့အား ရုတ်တရက် သတိရလာလေသည်။

ချွေ့ချွေ့၏ ကြည်လင်သောမျက်နှာအား ပြန်လည်မြင်ယောင်လာလေသည်။

'ချွေ့ချွေ့ရေ မင်းဘယ်ရောက်နေသလဲကွာ'

* * *

ရှောင်မားသည် မြို့ကလေး၏ တစ်ခုသောတည်းခိုခန်းထဲသို့ ဝင်ရောက်လာလေသည်။

သူအထဲသို့ လှမ်းဝင်လိုက်သည်နှင့် ဆိုင်လုလင်က ပျာပျာသလဲ ခရီးဦးကြိုပြုလေသည်။

'အစ်ကိုလေး ကြွပါ… ဘာများသုံးဆောင်မလဲခင်ဗျာ'

ရှောင်မားက ပြုံး၍ ဆိုင်လုလင်လက်ထဲသို့ ငွေတုံးတစ်တုံး

www.burmeseclassic.com

www.burmeseclassic.com



ထည့်ပေးလိုက်လေသည်။

ဆိုင်လုလင်၏မျက်နှာမှာ ဝင်းပသွားလေသည်။

'ကျွပ် တစ်ခုမေးချင်လို့ပါ'

'ဟုတ်ကဲ့... မေးပါခင်ဗျာ ကျွန်တော်သိတာဖြေပါ့မယ်'

ရှောင်မားက–

'မင်းတို့ဆိုင်မှာ ခရီးသည်တွေ ကျန်သေးသလား'

ဆိုင်လုလင်က–

'မကျန်တော့ပါဘူးခင်ဗျာ အားလုံး ကျန်းစုကျေးရွာကို သွားပါပြီ'

ရှောင်မားက–

'ဒါဖြင့် ကျန်းစုကျေးရွာက ပြန်လာတဲ့လူကော ရှိသလား'

ဆိုင်လုလင်က တခဏကြာ စဉ်းစားလိုက်သည်။

'ဪ... ဟုတ်ကဲ့ ရှိတယ်ခင်ဗျ'

ရှောင်မား၏ မျက်လုံးအစုံမှာ ဝင်းလက်သွားလေသည်။

'ဟုတ်လား ဘယ်နှစ်ယောက်လဲ ဘယ်လိုပုံစံတွေလဲ'

ဆိုင်လုလင်က–

'သုံးယောက် ထွားထွားကြိုင်းကြိုင်းချည်းပဲခင်ဗျ'

ရှောင်မားက–

'သူတို့ဘယ်အချိန်က ပြန်ထွက်သွားတာလဲ'

ဆိုင်လုလင်က–

'သိပ်မကြာသေးပါဘူး'



ရှောင်မားက–

'သူတို့ဘယ်ကိုသွားမယ်လို့ ပြောသွားကြသလဲ'

ဆိုင်လုလင်က–

'ဒါတော့ ကျွန်တော်မသိလိုက်ဘူး'

ရှောင်မားက–

'ဘာနဲ့သွားတာလဲ'

ဆိုင်လုလင်က–

'မြင်းလှည်းနဲ့'

ရှောင်မားက–

'သူတို့မှာ မြင်းလှည်းပါလာလို့လား'

ဆိုင်လုလင်က–

'ဟင့်အင်း မပါလာဘူး။ မြင်းလှည်းငှားဌာနက ငှားလာတာ'

ရှောင်မားက မျက်မှောင်ကုတ်၍–

'မြင်းလှည်းငှားဌာနက ဘယ်နေရာမှာလဲ'

ဆိုင်လုလင်က–

'ဒီကနေ နည်းနည်းလောက်လျှောက်ရင် လမ်းချိုးတစ်ခု ...ယ်၊ အဲ့ဒီမှာ နဂါးပျံမြင်းလှည်းငှားဌာနဆိုတဲ့ ဆိုင်းဘုတ်ကို ...လိမ့်မယ်'

ရှောင်မားက ဆိုင်လုလင်အား ကျေးဇူးတင်ကြောင်း ပြောဆို...ထက်ကာ ထွက်ခွာလာခဲ့လေတော့သည်။

* * *

www.burmeseclassic.com



အထဲမှ တုံ့ပြန်သံမကြားရပါ။

သူက ထပ်မံ၍ အော်မည်ပြုစဉ်မှာပင် အသံတစ်ခုကို ကြားလိုက်ရလေသည်။

'ဒီမှာ… သူငယ်'

ရှောင်မားက ချာကနဲ လှည့်ကြည့်လိုက်သည်။

အဘိုးအိုတစ်ယောက် ဖြစ်လေသည်။

'ကျုပ်က ဘေးကအိမ်နီးချင်းပါ… အားကျွန်တို့သားအဖ မရှိဘူး ဘာကိစ္စရှိလို့လဲ'

ရှောင်မားက ရိုရိုသေသေဖြင့်–

'ကျွန်တော်က ခရီးသွားပါ မြင်းလှည်းငှားချင်လို့ပါ'

အဘိုးအိုက–

'အားကျွန်ကတော့ မြင်းလှည်းငှား လိုက်သွားတယ်၊ သူ့အဖေတော့ လက်ဖက်ရည်ဆိုင် သွားတယ်၊ ဒီကသူငယ် ခဏစောင့်ပါလား'

ရှောင်မားက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ကဲ့… ကျွန်တော်စောင့်နေပါ့မယ်'

အိမ်နီးချင်းအဘိုးအိုသည် သူ့အိမ်သို့ ပြန်သွားလေတော့သည်။

* * *

## နဂါးပျံမြင်းလှည်းငှားဌာ…

နဂါးပျံမြင်းလှည်းငှားဌာန။

နဂါးပျံ မြင်းလှည်းငှားဌာနမှာ တဲအကြီးကြီးတစ်ခုရှေ့တွ… ဆိုင်းဘုတ်ချိတ်ထားခြင်းမျှသာ ဖြစ်လေသည်။

ရှောင်မားက တဲအထဲသို့ လှမ်းဝင်လိုက်လေသည်။

တဲအတွင်းတွင် မြင်းလှည်းလည်း မရှိပါ။

မြင်းများလည်း မရှိပါ။

မြင်းလှည်းမောင်းသမားလည်း မရှိပါ။

သူက အတွင်းဘက်သို့ အော်ခေါ်လိုက်လေသည်။

'အိမ်ရှင်တို့… အိမ်ရှင်တို့'

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မားသည် တခဏကြာ စောင့်နေသော်လည်း အားကျန်တို့ သားအမှာ ပြန်မလာသေးပါ။

ထို့ကြောင့် သူက မစောင့်တော့ရန် ဆုံးဖြတ်၍ ထိုင်ရာမှ ထလိုက်လေသည်။

ထိုအချိန်မှာပင် တဲ၏အတွင်းဘက်အခန်းထဲမှ လူရိပ်တစ်ခုကို ချက်ခနဲ တွေ့လိုက်လေသည်။

သူသည် မြင်းလှည်းပိုင်ရှင် အားကျန်၏အဖေ ပြန်ရောက်လာသည်ဟု ထင်မှတ်ကာ လှမ်းခေါ်လိုက်လေသည်။

'ဒီမှာ... အဘ'

ထိုအချိန်မှာပင် လူရိပ်သည် ပျောက်ကွယ်သွားလေသည်။

ရှောင်မားသည် သံသယဖြစ်လာလေသည်။

ထို့ကြောင့် သူသည် တဲအတွင်းသို့ ချဉ်းကပ်သွားလေသည်။

သူက တဲအတွင်းသို့ ရောက်ရှိသွားသောအခါ အခန်းထဲတွင် မည်သည့်တစ်စုံတစ်ရာကိုမှ မတွေ့ရချေ။

ထိုအချိန်မှာပင် သူ့နောက်ကျောမှ အသံတစ်သံကို ကြားလိုက်ရလေသည်။

'ငြိမ်ငြိမ်နေ လုံးဝလှည့်မကြည့်နဲ့'

သူက ထိုအသံကို ကြားဖူးသည်ဟု ထင်မှတ်လိုက်သည်။

အသံရှင်က–

'ရှင်က သူများအိမ်ထဲ ဘာဝင်လုပ်တာလဲ ပြောစမ်း'



ရှောင်မားသည် ထိုအသံအား လုံးဝမှတ်မိလိုက်လေသည်။

သူဌေးကြီး ကျန်းကုန်းပါ၏သမီး ကျန်းချူးတုန်း၏အသံ။

'ကျန်း... ချူး... တုန်း'

သူက တစ်လုံးချင်းပြောလိုက်လေသည်။

နောက်မှ တခစ်ခစ်ရယ်မောသံ ထွက်ပေါ်လာလေသည်။

ရှောင်မားက နောက်သို့ လှည့်ကြည့်လိုက်လေသည်။

မိန်းကလေးတစ်ယောက်–

သူမသည် ကျန်းချူးတုန်းပင် ဖြစ်လေသည်။

'ဟင်း...ဟင်း... ရှင်က ဘယ်ဆိုးလို့တုန်း ကျွန်မရဲ့အသံတောင် မှတ်မိသားပဲ'

ရှောင်မားက ရယ်မောလိုက်သည်။

'မှတ်မိတာပေါ့ဗျာ'

မိန်းကလေးက–

'ရှင်က ဘာလာလုပ်တာလဲ'

ရှောင်မားက–

'မြင်းလှည်းလာငှားတာလေ

မိန်းကလေးက–

'မနက်က မြင်းလှည်းလာငှားတဲ့လူ သုံးယောက်နောက်လိုက်[illegible] လို့ပေါ့ ဟုတ်လား'

ရှောင်မားက အံ့သြသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်... မင်းကဘယ်လိုလုပ်သိတာလဲ'

မိန်းကလေးက–

'သိတာပေါ့ ကျွန်မရှင့်နောက်ကလိုက်နေတာပဲဟာ'

ရှောင်မားက ထိပ်မံ့အံ့ဩသွားလေသည်။

'ခင်ဗျားက ဘာဖြစ်လို့ ကျုပ်နောက်ကို လိုက်လာရတာလဲ'

မိန်းကလေးက–

'ရှင့်ကို သိုင်းယှဉ်ပြိုင်ပွဲ ဝင်ပြိုင်ဖို့ တိုက်တွန်းမလို့ပေါ့'

ရှောင်မားက ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

'စိတ်မကောင်းပါဘူးဗျာ ကျုပ်က သူများနဲ့ယှဉ်ပြိုင်တာ ဝါသနာတို့ မပါလို့ပါ'

မိန်းကလေးက–

'ကဲ့ပါလေ ထားပါတော့ အခုရှင်ဘာလုပ်မလဲ'

ရှောင်မားက–

'မြင်းလှည်းတစ်စီးလိုချင်တယ်'

မိန်းကလေးက–

'ကျွန်မဒီကိစ္စကို ကူညီပါ့မယ်'

ရှောင်မားက ဝမ်းသာသွားလေသည်။

'ကျေးဇူးတင်ပါတယ်ခင်ဗျာ'

* * *



မြင်းလှည်းတစ်စီးသည် အရှိန်ပြင်းစွာဖြင့် မောင်းနှင်နေ၏။ မြင်းလှည်းအတွင်း၌ လူသူတစ်စုံတစ်ယောက်မှ မရှိပါ။ မြင်းလှည်းမောင်းသူ၏ ထိုင်ခုံတွင် လူငယ်တစ်ယောက်နှင့် မိန်းကလေးတစ်ယောက်တို့ ပုခုံးချင်းယှဉ်၍ ထိုင်နေသည်ကို တွေ့ရလေသည်။

ထိုလူငယ်နှင့် မိန်းကလေးမှာ ရှောင်မားနှင့် ကျန်းချူးတုန်းပင် ဖြစ်လေသည်။

'သူတို့ ဘယ်သူလဲဆိုတာ ခင်ဗျားသိသလား'

'ဟင့်အင်း မတွေ့လိုက်ဘူး။ ကျွန်မက ပုန်းနေတော့ အသံသာ ကြားလိုက်တာ'

'ဒါဖြင့် သူတို့ ဘယ်နေရာကိုသွားမယ်လို့ ကြားသလဲ'

'နေလတောင်ကြား'

ရှောင်မားက ခဏစဉ်းစားလိုက်လေသည်။

'ဒါနဲ့ ခင်ဗျားကို ကျုပ်မရှင်းတာတစ်ခု မေးရဦးမယ်'

မိန်းကလေးက–

'ဘာများလဲရှင့်'

ရှောင်မားက–

'ခြော်... ကျုပ်ကိုဘာကြောင့် သိုင်းယှဉ်ပြိုင်ပွဲကို ဝင်ပြိုင်ခိုင်းတာလဲလို့ပါ'

မိန်းကလေးက–

'ဒီလိုပါ... ဖေဖေက ရှင့်ကို သဘောကျတယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မားက–

'ဗျာ... သူက သဘောကျတာနဲ့ပဲ ကျူပ်ကဝင်ပြိုင်ရတော့မှာလား'

မိန်းကလေးက တခစ်ခစ်ရယ်မောလိုက်သည်။

'ဟုတ်တာပေါ့ ကျွန်မဖေဖေက ရှင့်ကို သိုင်းဆရာအဖြစ် ငှားနိုင်ရှင် နာမည်ကျော်သိုင်းသမားတစ်ယောက်ကို ရလို့ သိုင်းလောကမှာ သူက လက်မထောင်ပြီး ကြွားနိုင်တာပေါ့ရှင်'

'ခြော်... ဒါကြောင့်ကိုး... ဟား... ဟား... ဟား'

ရှောင်မားသည် ကျန်းချူးတုန်းပြောသည့်စကားကို ကြားလိုက်ရသောအခါ အားရပါးရ ရယ်မောမိလေသည်။

* * *

ညနေဆည်းဆာ။ ။

နေလုံးကြီးသည် မိုးကုတ်စက်ဝိုင်းပေါ်သို့ တဖြည်းဖြည်း မေးတင်လာပြီဖြစ်သည်။

ရှောင်မားနှင့် ကျန်းချူးတုန်းတို့သည် မြင်းလှည်းကို တစ်ယောက်တစ်ချည့်မောင်းရင်း နေလတောင်ကြားဆီသို့ ဦးတည်သွားနေလေ



သူတို့သည် ယခုအချိန်တွင် တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးလာပြီဖြစ်လေသည်။

ကျန်းချူးတုန်းသည် အလွန်ပွင့်လင်းပြီး ကလေးဆန်သည်ဟု ရှောင်မားက ထင်မှတ်မိလေသည်။

မကြာပါချေ။

သူတို့၏မြင်းလှည်းသည် တောင်ကြားတစ်ခု၏ အဝင်ဝသို့ ရောက်ရှိလာလေသည်။

တောင်ကြားမှာ မြင်းလှည်းတစ်စီးသာ သွားနိုင်လောက်အောင် ကျယ်ဝန်းလေသည်။

ရှောင်မားသည် မြင်းလှည်းကို အရှိန်လျှော့လိုက်သည်။

သူတို့နှစ်ယောက်သည် တစ်ယောက်မျက်နှာကို တစ်ယောက် လှမ်းကြည့်လိုက်သည်။

ထို့နောက် ဘာစကားမှ မပြောကြတော့ပါ။

ရှောင်မားက ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့်လိုက်သည်။

ထို့နောက် တောင်ကြားအတွင်းသို့ မြင်းလှည်းကို ဖြေးညှင်းစွာ မောင်းနှင်သွားလေသည်။

တောင်ကြားမှာ တဖြည်းဖြည်းနှင့် အနည်းငယ် ကျယ်ဝန်းလာသည်။

မကြာမီတွင် မြင်းလှည်းတစ်စီးနှင့် မြင်းတစ်ကောင် ယှဉ်ပြိုင်နိုင်

www.burmeseclassic.com

www.burmeseclassic.com



အောင် ကျယ်ဝန်းသောနေရာသို့ ရောက်ရှိလာလေသည်။

ထိုနေရာသို့ ရောက်လာသောအခါ ရှောင်မား၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

ထို့နောက် မျက်စိမှိတ်၍ အာရုံစူးစိုက်လိုက်လေသည်။

ကျန်းချူးတုန်းက ရှောင်မား၏မျက်နှာကို အကဲခတ်ရင်း–

'ဘာဖြစ်လို့လဲ'

ဟု အသံတိုးတိုးဖြင့် မေးလိုက်လေသည်။

ရှောင်မားက အသံမထွက်ရန် မျက်ရိပ်ပြလိုက်ပြီး–

'လာ အောက်ဆင်းစို့'

သူကပြောပြီး အောက်သို့ ခုန်ဆင်းလိုက်လေသည်။

ကျန်းချူးတုန်းကလည်း အောက်သို့ ခုန်ဆင်းလိုက်လေသည်။

ရှောင်မားသည် အောက်သို့ ရောက်သည်နှင့် ကျန်းချူးတုန်း၏ လက်ကိုဆွဲကာ ရှေ့သို့ပြေးသွားလေသည်။

ယခုမှပင် ကျန်းချူးတုန်းသည် ရှောင်မား၏သဘောကို နားလည် သွားလေသည်။

အကြောင်းမှာ ညီးညျ[illegible]ပွဲတစ်ခုကို ကြားလိုက်ရသော ကြောင့် ဖြစ်သည်။

ရှောင်မားသည် ညီးညျသံ[illegible]ရာသို့ ရောက်သွားသောအခါ လူ တစ်ယောက် လဲကျနေသည်ကို တွေ့လိုက်ရလေသည်။ သူ၏တစ်ကိုယ် လုံးတွင် သွေးများဖြင့် နီရဲစိုရွှဲနေ၏။



ထိုလူ၏ဝတ်စားဆင်ယင်ပုံကိုကြည့်၍ ကုန်သည်တစ်ယောက်ဟု [illegible]ဆရလေသည်။

ထိုလူသည် မသေသေးပါ။

သူ၏လက်ညှိုးသည် ရှေ့သို့ ညွှန်ပြနေ၏။

ရှောင်မားသည် ရှေ့သို့ လှမ်းကြည့်၍ အသံကို နားစွင့်ကာ [illegible]ထိုနေရာမှပြေးလွှားထွက်ခွာသွားလေသည်။

အတန်ကြာတော့မှ သူက ထိုနေရာသို့ ပြန်လည်ရောက်ရှိ [illegible]လာလေသည်။

သူသည် အဝေးမှပင် ကျန်းချူးတုန်းအား ဒဏ်ရာဖြင့်လဲနေသူက [illegible]တစ်စုံတရာပြောနေသည်ကို တွေ့လိုက်ရလေသည်။

သူအနီးသို့ ရောက်လာသောအခါ လူနာမှာ ကျန်းချူးတုန်း [illegible]လက်ထဲတွင် သေဆုံးသွားသည်ကို တွေ့လိုက်ရလေသည်။

ကျန်းချူးတုန်းသည် အလောင်းအား စိတ်မကောင်းစွာကြည့်၍ [illegible]မြေပေါ်သို့ အသာချပေးလိုက်သည်။

'ရှင် ရန်သူကိုတွေ့ခဲ့လား'

ရှောင်မားက–

'မတွေ့ခဲ့ဘူး... ကျုပ်က ခြေသံကြားလို့ လိုက်သွားတာ'

သူက စကားဆက်လိုက်လေသည်။

'ဒါနဲ့... သူကဘာပြောသွားတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ကျန်းချူးတုန်းက–

'ဘာမှမဟုတ်ပါဘူး။ သူက ကုန်သည်တစ်ယောက်တဲ့၊ ငွေကို အလုခံလိုက်ရတယ်လို့ ပြောတာပါ'

ရှောင်မားက သက်ပြင်းချလိုက်ပြီး–

'ကဲ... အချိန်လည်းမရှိတော့ဘူး အလောင်းကိုမြေမြှုပ်ပြီးရင် ခရီးဆက်ရဦးမယ်'

သူတို့သည် အလောင်းအား ထိုနေရာတွင်ပင် မြှုပ်နှံလိုက်လေသည်။

* * *

နေလတောင်ကြားသည် နေဝင်ဆည်းဆာချိန်၌ ပို၍ပင် သာယာလှပနေလေသည်။

နေလတောင်ကြား၏ အထွက်အပေါက်နှစ်ခုမှာ ကျဉ်းမြောင်းရာမှ တဖြည်းဖြည်း ကျယ်ဝန်းပြီး အလယ်တွင် မြေကွက်လပ်တစ်ခု ရှိနေ၏။

တောင်ကြား၏ ဘေးနံရံများပေါ်၌ နွယ်ပင်များ တွယ်ကပ်ပေါက်နေလေသည်။

မြေကွက်လပ်သို့ ရောက်ရန် ဝါးတရိုက်ခန့်အကွာရှိ ကျဉ်းမြောင်း



သော တောင်ကြားနေရာ၌ မြင်းလှည်းနှစ်စီးသည် ခေါင်းချင်းဆိုင်၍ ရပ်နေ၏။

မြေကွက်လပ်ဘက်သို့ မျက်နှာမူထားသော မြင်းလှည်းပေါ်တွင် ရှောင်မားနှင့် ကျန်းချူးတုန်းတို့ ထိုင်နေကြသည်။

တောင်ကြားဘက်သို့ မျက်နှာမူထားသော မြင်လှည်းပေါ်တွင် မြင်းလှည်းမောင်းသမားတစ်ယောက် ထိုင်နေ၏။

ယခု သူတို့ရပ်နေသောနေရာမှာ မြင်းလှည်းနှစ်စီး ယှဉ်၍ သွားနိုင်ပါ။

ထို့ကြောင့် တစ်စီးနှင့်တစ်စီး ရှောင်တိမ်းနိုင်ခြင်းမရှိပါ။

သူတို့တွင် ရှောင်တိမ်းနိုင်ရန်မှာ နည်းလမ်းတစ်ခုထဲသာ ရှိသည်။

ယင်းမှာ တောင်ကြားဘက်သို့ မျက်နှာမူထားသော မြင်းလှည်းက နောက်ဆုတ်ပေးရန်သာဖြစ်သည်။

သို့သော်–

ထိုမြင်းလှည်းက နောက်ဆုတ်မည့်ပုံ မပေါ်ပါ။

ရှောင်မားက ကျန်းချူးတုန်းအား အသံတိုးတိုးဖြင့်–

'ဟိုလူသုံးယောက် ငှားသွားတာ ဒီမြင်းလှည်းလား'

ကျန်းချူးတုန်းက–

'မြင်းလှည်းကိုတော့ မသိဘူး... ဒါပေမယ့် ဒီလူက အားသန် ဆိုတာတော့ သိတယ်'

ရှောင်မားသည် ထိုစကားအား ကြားလိုက်ရသောအခါ အထောက်

www.burmeseclassic.com



မြင်းလှည်းပေါ်ရှိ မြင်းလှည်းမောင်းသမားအား–

‘ညီလေး… မင်းမြင်းလှည်းထဲမှာ လူပါသလားကွ’

အားကျန်က–

‘မပါဘူးဗျ၊ ကျုပ်က အခုမြို့ကလေးထဲကို ပြန်သွားမလို့ ဘာလဲ ခင်ဗျားက မြင်းလှည်းငှားမလို့လား’

ရှောင်မားက–

‘ဂါ့မှာလည်း မြင်းလှည်းပါသာပဲ ဘာကြောင့် မင်းမြင်းလှည်းကို ငှားရမှာလဲကွ’

အားကျန်က–

‘ဒါဖြင့် ခင်ဗျားနောက်ကို နည်းနည်းဆုတ်ပေးပါလား’

ရှောင်မားက မြင်းလှည်းမောင်းလာရာ လမ်းတစ်လျှောက်တွင် မြင်းလှည်းနှစ်စီးစာ လမ်းကျယ်သည်ကို မတွေ့ရသဖြင့် နောက်သို့ လှည့်ကြည့်လိုက်သည်။

သူက ထိုသို့လှည့်ကြည့်စဉ် အားကျန်အား ပြောလိုက်သည်။

‘မင်းနောက်မှာက လမ်းကျယ်တာ မင်းဆုတ်ပေး’

သူ၏စကားမဆုံးလိုက်ပါ။

သူ၏သိုင်းပညာအတွေ့အကြုံအရ လေတိုးသံကို ကြားလိုက်ရသဖြင့် ထိုင်နေရာမှ ခုန်ထ၍ ရှောင်လိုက်လေသည်။

သူထိုင်နေသော ထိုင်ခုံတွင် ဓားတစ်လက်စိုက်ဝင်နေသည်ကို တွေ့လိုက်ရသည်။



သူ့ထိုင်ခုံ၏ဘေးတွင် ထိုင်နေသော ကျန်းချူးတုန်းက ရင်ထိတ်သွားလေသည်။

ရှောင်မား မြေကြီးပေါ်ရောက်သည်နှင့် တပြိုင်နက် တဘက် မြင်းလှည်းမှ လူသုံးယောက် ထွက်လာလေသည်။

ရှောင်မားသည် ထိုလူသုံးယောက်အား ကောင်းစွာ မှတ်မိလေသည်။

လောင်းကစားအိမ်မှ လူမိုက်သုံးယောက်။

သူက မျက်မှောင်ကုတ်သွားသည်။

လယ်သမား အဘိုးအိုလင်မယားအား သတ်ပြီး ချွေးချွေးအား ဖမ်းဆီးသွားသူမှာ ထိုလူသုံးယောက်ဖြစ်နေသည်လော။

ရှောင်မားက ထိုလူသုံးယောက်အား စိုက်ကြည့်ကာ–

‘ခင်ဗျားတို့က ဘယ်သူတွေလဲ… ဘာကြောင့် ကျုပ်ကိုရန်ရှာရတာလဲ’

ထိုလူသုံးယောက်က သူ့အား ဒေါသတကြီး ပြန်ကြည့်လိုက်သည်။

ထိုသုံးယောက်အနက် မုတ်ဆိတ် ဗရပျစ်နှင့်လူက မဲ့ပြုံးပြုံးလိုက်ပြီး–

‘ဟော့… မင်းက မေ့ချင်ယောင်ဆောင်နေတာလား’

ရှောင်မားက–

‘ကျုပ်ကဘာကို မေ့ချင်ယောင်ဆောင်ရမှာလဲ’

www.burmeseclassic.com

www.burmeseclassic.com



မှတ်ဆိတ်ဗရပျစ်နှင့်လူက–

'မင်းက ငါတို့လောင်းကစားအိမ်ကို ဝင်နှောင့်ယှက်သွားတာလေ၊ မေ့နေပြီလားကွ'

သူကပြောရင်း ဓားကိုဆွဲထုတ်လိုက်လေသည်။

ကျွန်းချူးတုန်းက ဝင်ရောက်ဟန့်တားလိုက်သည်။

'ရှင်တို့ ရှောင်မားကို ဘာမှမလုပ်ရဘူး သူက သူ့ဌေးကြီး ကျွန်းကုန်းပါရဲ့ညီသည်'

မှတ်ဆိတ်ဗရပျစ်နှင့်လူက တစ်ချက်တွေဝေသွားပြီး–

'အို… ဒါကျုပ်တို့နဲ့မဆိုင်ဘူး ကျုပ်တို့လောင်းကစားအိမ်ကို နှောင့်ယှက်တဲ့လူကို သေဒဏ်ပေးရမယ်လို့ ကျုပ်တို့က ဆုံးဖြတ်ပြီးသား။ မိန်းကလေးနဲ့မဆိုင်ရင် ရှောင်နေပါ'

ရှောင်မားက ကျွန်းချူးတုန်းအား နောက်ဆုတ်နေရန် မျက်ရိပ်ပြလိုက်သည်။

'ဟုတ်တယ်… မင်းပြောတာမှန်တယ်၊ မင်းတို့နဲ့ ပြဿနာဖြစ်တာက ကျုပ်ပဲ၊ မင်းတို့ရန်ရှာချင်ရင် ကျုပ်ကိုလာရှာပေါ့၊ အခုတော့'

သူက စကားကိုခေတ္တရပ်လိုက်ပြီး မှတ်ဆိတ်ဗရပျစ်နှင့်လူအား စိုက်ကြည့်လိုက်သည်။

'အခုတော့ ဘာကြောင့် မသိမသိုင်တဲ့ လယ်သမားအဘိုးအိုလင်မယားကို သတ်ရတာလဲ'

မှတ်ဆိတ်ဗရပျစ်နှင့်လူက အံ့ဩသွားလေသည်။



'ဟေ့လူ… မင်းဘာတွေလျှောက်ပြောနေတာလဲ'

ကျုပ်တို့က မင်းနောက်ကို လိုက်နေတာကလွဲရင် အခုထိ လူမသတ်ဘူးကွ'

ရှောင်မားက အံ့အားသင့်သွားသည်။

'ဒါဖြင့်… ရွှေ့ရွှေ့ကိုဖမ်းတာလဲ မင်းတို့မဟုတ်ဘူးပေါ့'

မှတ်ဆိတ်ဗရပျစ်နှင့်လူက–

'ဘယ်ကရွှေ့ရွှေ့လဲ'

ရှောင်မားက–

'ဒါဆို ဒီတောင်ကြားလမ်းမှာ ကုန်သည်ကို ဓားပြတိုက်တာ ဘာတော့'

မှတ်ဆိတ်ဗရပျစ်နှင့်လူက–

'ဟေ့လူ… ငါတို့အခုထိ လူမသတ်ရသေးဘူးလို့ မင်းကို ပြောပြီးပြီကောလားကွ'

ရှောင်မားက ထိုလူ၏မျက်နှာကို အကဲခတ်ကြည့်လိုက်သည်။ ၎င်းတို့လူစုသည် လူမိုက်ကြီးများသော ဖြစ်ကြသည်။

သူတို့က လိမ်ညာပြောဆိုမည်မဟုတ်ဟု သူက အလိုလို ယုံကြည်သွားလေသည်။

ဤသို့ဆိုလျှင် လယ်သမားအဘိုးအိုလင်မယားအား သတ်ပြီး ရွှေ့ရွှေ့ကိုဖမ်းဆီးသွားသူများမှာ မည်သူဖြစ်ပါသနည်း။

နေလတောင်ကြားတွင် တွေ့ခဲ့ရသော ကုန်သည်အား ဓားပြ

www.burmeseclassic.com

www.burmeseclassic.com



တိုက်၍ အသက်ထွက်သွားသူမှာ မည်သူဖြစ်ပါသနည်း။

သူမှာ ထွေးချင်းခေါင်းရှုပ်လာသည်။

ထိုအချိန်မှာပင် လေတိုးသံများကို ကြားလိုက်ရလေသည်။

ဝိုး... ဝိုး... ဝိုး...

လူမိုက်ကြီးသုံးယောက်က သူ့အား ဝိုင်းရံတိုက်ခိုက်လာခြင်း ဖြစ်သည်။

တိုက်ပွဲကား ပြင်းထန်ခြင်းမရှိပါ။

ရှောင်မားသည် တိုက်ကွက် ၁၀ ကွက်အတွင်းတွင် လူမိုက်ကြီးသုံးယောက်အား မြေပေါ်သို့ လဲကျစေခဲ့လေသည်။

သူက လူမိုက်ကြီးများကို တစ်ချက်ကြည့်လိုက်သည်။

ထို့နောက် သက်ပြင်းချ၍ ခေါင်းခါယမ်းလိုက်သည်။

'ကဲ... မင်းတို့မကျေနပ်ရင် ကျုပ်ကိုမှတ်ထားပေါ့ နောက်တစ်ခါမှပဲ အကြွေးတောင်းပါတော့ဗျာ'

သူကပြောပြီးသည်နှင့် ကျန်းချူးတုန်းလက်ကို ဆွဲကာမြင်းလှည်းပေါ်သို့ ခုန်တက်လိုက်လေသည်။

မြင်းလှည်းသမားအားကျန်မှာလည်း မည်သို့မှ မတတ်နိုင်တော့ဘဲ နောက်သို့ ဆုတ်ပေးလိုက်ရလေသည်။

ရှောင်မားသည် မြင်းလှည်းအား အရှိန်ပြင်းစွာ မောင်းနှင်၍ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

* * *



နေလုံးကြီးလုံးဝပျောက်ကွယ်သွားလေပြီ။

ကျန်းစုကျေးရွာတစ်ခုလုံး တိတ်ဆိတ်၍နေ၏။

သိုင်းယှဉ်ပြိုင်ပွဲမှာလည်း ပြီးဆုံးသွားပြီဖြစ်သည်။

ဧည့်သည်များတို့သည် တည်းခိုရန် စီစဉ်ပေးသည့်နေရာသို့ ရောက်ရှိနေကြပြီးဖြစ်သည်။

မြင်းလှည်းတစ်စီးသည် ရွာအဝင်လမ်းအတိုင်း ဖြေးညှင်းစွာ မောင်းဝင်လာလေသည်။

ရွာလယ်ရှိ ကျယ်ဝန်းလှသော ခြံဝင်းတစ်ခုရှေ့တွင် ရပ်တန့်သွားလေသည်။

မြင်းလှည်းမောင်းလာသူမှာ ကျန်းချူးတုန်းပင် ဖြစ်လေသည်။

မြင်းလှည်းခြံတွင် ရပ်လိုက်သည်နှင့် လူတစ်ယောက်က ပြေးလာပြီး ခြံတံခါးဖွင့်ပေးလိုက်လေသည်။

'ညီမလေး... သူ့ကိုတွေ့ခဲ့သလား'

ထိုလူမှာ ကျန်းချူးတုန်း၏အစ်ကို ကျန်းပကျုန်းပင်ဖြစ်လေသည်။

'တွေ့ခဲ့တယ်အစ်ကို'

ကျန်းပကျုန်းက–

'အခုကော ပါလာသေးသလား'

ကျန်းချူးတုန်းက–

'ဟင့်အင်း... သူ့မှာ ကိစ္စတစ်ခုရှိသေးတယ်ဆိုပြီး နေရစ်ခဲ့တယ်လေ၊ ဒါပေမယ့် သူလာမှာသေချာပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျန်းချူးတုန်းက–

'ဒါနဲ့ လမ်းမှာတယ်သူနဲ့တွေ့ခဲ့တယ်ထင်သလဲ'

ကျန်းပကျုန်းက–

'ဘယ်သူနဲ့တွေ့လို့လဲ'

ကျန်းချူးတုန်းက–

'ရတနာပွဲစား လောက်ရှုတ်'

ကျန်းပကျုန်းက မျက်မှောင်ကုပ်သွားလေသည်။

'ရတနာပွဲစား လောက်ရှုတ် ဟုတ်လား။ သူ့ကို ဘယ်မှာတွေ့ခဲ့တာလဲ'

ကျန်းချူးတုန်းက–

'နေလဲတောင်ကြားထဲမှာ၊ သူ့ဓားပြတိုက်ခံရလို့'

သူမက ဆက်၍–

'သူသေခါနီးမှာ ကျွန်မကို စကားပြောသွားသေးတယ်'

'ဟုတ်လား ဘာပြောသွားတာလဲ'

'ကျောက်စိမ်းဟသ်ာရုပ်နဲ့ ပတ်သက်တဲ့အကြောင်း'

ထိုစကားကြားလိုက်ရသောအခါ ကျန်းပကျုန်း၏မျက်နှာမှာ ဝင်းလက်သွားလေသည်။

'ဒါနဲ့ ရှောင်မားကော သိသွားသေးလား'

ကျန်းချူးတုန်းက–



'ဟင့်အင်း သူက ဓားပြနောက်လိုက်သွားတုန်းမို့ မသိလိုက်ဘူး'

ကျန်းပကျုန်းက ဝမ်းသာသွားသည်။

'တော်သေးတာပေါ့ကွာ၊ ကဲ... ညီမလေးရေ ဖေဖေဝမ်းသာသွားအောင် မြန်မြန်သွားပြောကြစို့'

ကျန်းချူးတုန်းက သက်ပြင်းချ၍ စကားကို တစ်လုံးချင်း ပြောဆိုက်လေသည်။

'ကျွန်မကတော့ မထင်ဘူး ဖေဖေဝမ်းသာမယ်လို့'

* * *

ကျန်းစုကျေးရွာတစ်ခုလုံး မှောင်မည်း၍ တိတ်ဆိတ်နေ၏။ ရွာအဝင်လမ်းပေါ်၌ လူရိပ်တစ်ခု လျှောက်လာနေ၏။ ထိုလူမှာ သိုင်းသမားရှောင်မားပင် ဖြစ်လေသည်။

ရုတ်တရက် သူ၏ဝဲယာမှ လူရိပ်နှစ်ခုက သူ့အား ဝိုင်းရံထားလေသည်။

'ဟေ့... ဘယ်သူလဲကွ'

ရှောင်မားသည် ထိုလူရိပ်နှစ်ခုမှာ ရွာ၏လုံခြုံရေးသမားများ ဖြစ်သည်ကို သူက နားလည်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်က ရှောင်မားပါ၊ ခင်ဗျားတို့သူဌေးကြီး ကျန်းကုန်းပါ ဖိတ်လို့လာတာပါ'

ထိုလူနှစ်ယောက်က ဘေးသို့ လမ်းဖယ်လိုက်ပြီး ဦးညွှတ်လိုက်လေသည်။

'ကြော်... သိုင်းသမားရှောင်မားကို... မသိလို့ပါခင်ဗျာ... ကြွပါ'

ရှောင်မားသည် ရှေ့သို့ ဆက်လက်လျှောက်လာလေသည်။

သူဌေးကြီး ကျန်းကုန်းပါ၏ အိမ်ဂေဟာအနီးသို့ ရောက်သောအခါ သူက အံ့သြသွားလေသည်။

အိမ်ဂေဟာ၏ ပတ်ဝန်းကျင်တွင် ကိုယ်ယောင်ဖျောက်ထားသော သိုင်းသမားများရှိသည်ကို သူက သတိပြုမိလိုက်သည်။

သူက အံ့သြသွားလေသည်။

သံသယလည်း ဖြစ်လာလေသည်။

သူဌေးကြီး ကျန်းကုန်းပါသည် အဘယ်ကြောင့် သိုင်းသမားများစွာကို ကင်းစောင့်ထားရပါသနည်း။

သူ့တွင် အန္တရာယ်တစ်စုံတရာရှိနေ၍လော။

အကယ်၍ သူ၏စည်းစိမ်ဥစ္စာကို ကာကွယ်ရန်ဆိုလျှင် သိုင်းသမား ၁၀ ယောက်နှင့် လုံလောက်မည်ဖြစ်သည်။

ယခု သူဌေးကြီးကျန်းကုန်းပါတွင် သိုင်းသမားအယောက် ၁၀၀ ထက်မနည်း ရှိသည်ဟု သူက ကြားသိခဲ့လေသည်။



သူက တွေးတောရင်း ခြံဝင်းထဲသို့ လှမ်းဝင်လိုက်လေသည်။

အသင့်စောင့်နေသော ကျန်းပကျုန်းက သူ့အား ကြိုဆိုလိုက်လေသည်။

'ရှောင်မား... ရောက်လာပြီလားဗျ'

ရှောင်မား သူ့အား ပြုံးပြလိုက်ပြီး–

'ဟုတ်ကဲ့ ကျွန်တော်ကိစ္စရှိလို့ ချူးတုန်းနဲ့ တစ်ခါတည်းလိုက်မလာတာပါ'

ကျန်းပကျုန်းက–

'ဟုတ်ကဲ့ ညီမလေးပြောပါတယ်၊ အိမ်ထဲကိုကြွပါခင်ဗျာ'

ကျန်းပကျုန်းက ဦးဆောင်၍ ရှောင်မားအား ဧည့်ခန်းထဲသို့ ခေါ်သွားလေသည်။

ဧည့်ခန်းထဲတွင် ကျန်းချူးတုန်းက စောင့်နေသည်ကို တွေ့လိုက်ရလေသည်။

သူမက ထိုင်နေရာမှ ထလိုက်သည်။

'ဟော... အစ်ကို ရှောင်မားရောက်လာပြီကိုး'

ကျွန်မက စောင့်နေတာကြာပြီ'

ရှောင်မားကပြုံးပြလိုက်သည်။

'ကဲ... ကျွန်တော့်မှာလည်း အချိန်သိပ်မရှိတော့ဘူး ကျွန်တော့်ကို ဘာကြောင့် တွေ့ချင်တာလဲဆိုတာ ပြောပြပါဦးဗျာ'

ကျန်းချူးတုန်းက–

'ဟုတ်ကဲ့ပါရှင် အခုပဲရှင့်ကို ဖေဖေနဲ့တွေ့ပေးပါမယ်'

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ပြောရင်း ညှော်ခန်းထဲမှ ထွက်သွားလေသည်။

* * *

ထိုအခါအကြာတွင် ကျန်းချူးတုန်းနှင့် အသက် ၅၀ အရွယ် လူကြီးတစ်ယောက် ထွက်လာလေသည်။

'သိုင်းသမားရှောင်မားက အခုမှရောက်လာတာကိုး ကျုပ်က တွေ့ချင်နေတာကြာပြီဗျ။ ဝမ်းသာပါတယ်ဗျာ'

ထိုလူမှာ သူဌေးကြီး ကျန်းကုန်းပါပင် ဖြစ်လေသည်။

ရှောင်မားက ထရပ်၍ ဦးညွှတ်လိုက်သည်။

'ဟုတ်ကဲ့... ကျွန်တော်လည်း တွေ့ရတာဝမ်းသာပါတယ်ဗျာ'

'ကဲ... ထိုင်ပါဦးဗျာ ကျုပ်က မင်းကိုတွေ့ချင်နေတာ ကြာပြီဗျ'

'သူဌေးကြီးက ဘာဖြစ်လို့ ကျုပ်ကိုတွေ့ချင်ရတာလဲဗျ'

သူဌေးကြီး၏မျက်နှာမှာ တည်ကြည်လေးနက်သွားလေသည်။

'ဒီလိုဗျ ကျောက်စိမ်းဟင်္သာရုပ်နဲ့ပတ်သက်ပြီး အကူအညီ တောင်းချင်လို့ပါ'

'ဗျာ... ကျောက်စိမ်းဟင်္သာရုပ်... ဟုတ်သလား'

ရှောင်မားက အံ့သြသွားလေသည်။



သူဌေးကြီးက စကားဆက်လိုက်သည်။

'ဒီကျောက်စိမ်းသဟင်္သာရုပ်ဟာ ကျုပ်တို့ရဲ့ ဘိုးဘွားပိုင်ပစ္စည်း ဖြစ်တဲ့အတွက် ကျုပ်လက်ထဲမှာမှ ပျောက်ဆုံးသွားတယ်ဆိုရင် တမလွန်က ဘိုးဘွားတွေကလည်း စိတ်ကောင်းမှာမဟုတ်ပါဘူး'

ရှောင်မားက–

'အခု ကျောက်စိမ်းဟင်္သာရုပ်က သူဌေးကြီးလက်ထဲမှာ ပျောက်သွားလို့ ဟုတ်လား'

သူဌေးကြီးက သက်ပြင်းချလိုက်လေသည်။

'ကျုပ်ပြောတာ နည်းနည်းလောသွားတယ်ဗျ၊ ဒီကျောက်စိမ်းဟင်္သာရုပ်က အဖိုရုပ်နဲ့အမရုပ်ဆိုပြီး နှစ်မျိုးရှိပါတယ်၊ အခု ကျုပ်ပျောက်သွားတာက အဖိုရုပ်ပါ'

ရှောင်မားက–

'ဪ... သူဌေးကြီးက ဟင်္သာအဖိုရုပ် ပြန်ရအောင် ကျုပ်ကို အကူအညီတောင်းမလို့ပေါ့ ဟုတ်လား'

သူဌေးကြီးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် ဒီကျောက်စိမ်းဟင်္သာအဖိုရုပ်ကို ပြန်ရအောင် ရှာနိုင်ရင် ကျုပ်ကခင်ဗျားကို ဆုငွေတစ်သိန်းပေးပါမယ်လို့ အာမခံပါတယ်'

ရှောင်မားက သူဌေးကြီးအား စိုက်ကြည့်၍–

'ကောင်းပါပြီ ကျွန်တော်လက်ခံတယ်၊ ဒါပေမယ့် တစ်ခုတော့

www.burmeseclassic.com

www.burmeseclassic.com



မေးပါရစေ'

သူဌေးကြီးက–

'မေးပါလေ'

ရှောင်မားက–

'သူဌေးကြီး အခုပျောက်သွားတာ ဟသ်ာအဖိုရုပ်ဆိုတော့ အမရုပ်က သူဌေးကြီးဆီမှာ ရှိသလား'

သူဌေးကြီးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ ရှိပါတယ်'

ရှောင်မားက တခဏကြာ တွေးတောပြီးမှ–

'ဒါနဲ့... သူဌေးကြီး မာန်ကြူးမြို့က သူဌေးကြီး လီရှန့်ကုန်းရဲ့ သမီး လီရွှေ့ရွှေ့ကို သိပါသလားခင်ဗျာ'

သူဌေးကြီး၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

သူက ချက်ချင်းပင် ဣန္ဒြေဆည်လိုက်သည်။

သို့သော်–

အလွန်လျင်မြန်သွက်လက်သော ရှောင်မားက မြင်ဖြစ်အောင် မြင်သွားလေသည်။

သူဌေးကြီးက ခေါင်းကို တွင်တွင်ခါယမ်းပြီး–

'ဘယ်ကလီရွှေ့ရွှေ့လဲ ကျုပ်မသိပါလားဗျ'

ရှောင်မားက သူ့အား မျက်လုံးချင်းဆုံအောင် စိုက်ကြည့်လိုက်ပြီး–



'ကျွန်တော်နဲ့တော့ သိတယ်ဗျ သူကလည်း ဒီကျောက်စိမ်းဟသ်ာရုပ်ကို ပိုင်တယ်လို့ ပြောနေပါလား'

သူဌေးကြီးက–

'မဖြစ်နိုင်တာ ဒီပစ္စည်းဟာ ကျုပ်ရဲ့ဘိုးဘွားပိုင်ပစ္စည်းပါ'

ရှောင်မားက သက်ပြင်းကို လေးပင်စွာ ချလိုက်ပြီး–

'ဘာပဲဖြစ်ဖြစ်လေ ဒီကိစ္စကို ကျုပ်စုံစမ်းပေးပါ့မယ်'

သူဌေးကြီးက ဝမ်းသာသွားလေသည်။

သူက ပြုံး၍ မတ်တပ်ရပ်လိုက်သည်။

'အခုလိုကူညီတာ ဝမ်းသာပါတယ်ဗျာ၊ ဒီကိစ္စမှာသာ ရှောင်မား ပါဝင်လာရင် အမှန်အတိုင်းဖြစ်မယ်လို့ ယုံကြည်ပါတယ်ဗျာ'

ရှောင်မားကလည်း ပြုံးလိုက်လေသည်။

ဤတစ်ကြိမ်တွင် သူ၏အပြုံးမှာ နားလည်ရခက်လေသည်။

'ဟုတ်ကဲ့... ကျွန်တော်ကလည်း ဒီကျောက်စိမ်းဟသ်ာရုပ်ဟာ ပိုင်ရှင်မှန်လက်ထဲ ပြန်ရောက်ရစေမယ်လို့ အာမခံပါတယ်ဗျာ'

သူဌေးကြီးက ကျွန်းပကျွန်းဘက်သို့ လှည့်၍–

'ကဲ... ငါ့သား ရှောင်မားကို အခန်းတစ်ခုရှင်းပေးလိုက်ပါ၊ သူလိုအပ်တဲ့ပစ္စည်းလည်း ပေးလိုက်ပါ'

* * *

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီး ကျွန်းကုန်းပါ၏ခြံဝင်းမှာ အလွန်ကျယ်ဝန်းလှပေသည်။

ခြံဝင်းထဲတွင် ကြီးမားသော အဆောက်အဦးသုံးခု ရှိလေသည်။

အဆောက်အဦးတစ်ခုမှာ သူဌေးကြီးမိသားစုနှင့် လူယုံတော်များ နေထိုင်လေသည်။

ဒုတိယအဆောက်အဦးတွင် အိမ်ဖော်များနေထိုင်လေသည်။

တတိယအဆောက်အဦးတွင် အစားအစာများ၊ ဆေးဝါးများ၊ အရက်များ၊ ရေချိုများ သိုလှောင်ထားလေသည်။

အိမ်ဂေဟာနှင့် အိမ်ဖော်များနေထိုင်သော အဆောက်အဦးမှာ နီးကပ်လျက်ရှိသည်။

ပစ္စည်းများသိုလှောင်သော အဆောက်အဦးမှာ အနည်းငယ် ဝေးလေသည်။

ယခု ရှောင်မားရောက်ရှိနေသော အခန်းမှာ အိမ်ဂေဟာ၏ အစွန်ဆုံးအခန်းတွင် ဖြစ်လေသည်။

သူက ကုတင်ပေါ်တွင် အိပ်မပျော်နိုင်ဘဲ ကျောက်စိမ်းဟင်္သာရုပ်အကြောင်းနှင့် ချွေးချွေးအကြောင်းအား စဉ်းစားနေ၏။

သူသည် ဖြစ်ရပ်များကို စဉ်းစားတွေးတောပြီးနောက် သူဌေးကြီး ကျွန်းကုန်းပါအား သံသယဖြစ်လာလေသည်။

သူဌေးကြီးကျွန်းကုန်းပါမှာ အကြီအစည်ကြီးပြီး ကောက်ကျစ်သူဟု သူက ယုံကြည်လာလေသည်။



သူဌေးကြီးကျွန်းကုန်းပါသည် ကျောက်စိမ်းဟင်္သာရုပ်တစ်ခုကို ပိုင်ဆိုင်ထားသည်ဟု သူသိလိုက်ရသည်။

ထိုဟင်္သာရုပ်မှာလည်း ချွေးချွေး၏ဖခင်ထံမှ လုယူသွားသည်မှာ သေချာနေ၏။

ဤသို့ဆိုလျှင် ချွေးချွေး၏ဖခင်အား သတ်သူမှာ သူဌေးကြီး ကျွန်းကုန်းပါပင် ဖြစ်သည်ဟု သူက ယုံကြည်လာလေသည်။

သူက ရုတ်တရက် ကုတင်ပေါ်မှ ခုန်ထလိုက်လေသည်။

'ဒါဖြင့် ချွေးချွေးကိုဖမ်းဆီးသူကလည်း သူဌေးကြီး ကျွန်းကုန်းပါ ဖြစ်ရမယ်၊ ချွေးချွေးကိုလည်း ဒီခြံဝင်းထဲမှာပဲ ဖမ်းထားတာဖြစ်ရမယ်'

သူက ချက်ချင်းပင် အခန်း၏ပြတင်းပေါက်အား ဖွင့်လိုက်ပြီး အပြင်သို့ ခုန်ထွက်လိုက်လေသည်။

အပြင်သို့ရောက်သည်နှင့် ပတ်ဝန်းကျင်ကို တစ်ချက်လှေ့လာ၍ အိမ်ဖော်များနေထိုင်ရာ အဆောက်အဦးအနီးသို့ ချဉ်းကပ်သွားလေသည်။

* * *

ရှောင်မားသည် အိမ်ဖော်အဆောက်အဦးတစ်ခုလုံးအား [illegible] ရှာဖွေကြည့်ခဲ့ပြီး ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်—

ရွှေရွှေ၏အရိပ်အယောင်ကိုမျှပင် မတွေ့ရပါ။

သူက စိတ်ဓာတ်ကျလာသည်။

သူ၏အတွေးအခေါ်များ မှားယွင်းနေပြီလော။

သူက ခေါင်းငိုက်စိုက်ချရင်း မိမိအခန်းရှိရာသို့ ပြန်လျှောက်လာခဲ့လေသည်။

ရုတ်တရက် လူသံများကို ကြားလိုက်ရလေသည်။

သူက သစ်ပင်တစ်ပင်ပေါ် တက်၍ ပုန်းလိုက်လေသည်။

လူသံများ တဖြည်းဖြည်း နီးကပ်လာလေပြီ။

အသံများမှာလည်း သဲကွဲလာပြီဖြစ်သည်။

'တော့ကောင်... ငါတို့သခင်ကြီးက အခုမှ ဘာစိတ်ကူးရပြီး ကောင်မလေးကို သတ်ချင်ရတာလဲ မသိဘူး'

လူတစ်ယောက်က ပြောဆိုသံဖြစ်သည်။

နောက်တစ်ယောက်က—

'အိုကွာ... ဒါ ငါတို့နဲ့မဆိုင်ပါဘူး သူခိုင်းတာလုပ်ပေးလိုက်ရုံ ရတာပဲ'

တတိယလူက—

'ဒါနဲ့ အာတိုင်းကျတော့ကော'

စတုတ္ထလူက—

'ဟ... သူက လောင်းကစားသမားပဲ ငွေပေးလိုက်ရင် ကျေ



နေတာပဲ'

'ဟား... ဟား... ဟား...'

သုံးယောက် ပြိုင်တူရယ်မောကြလေသည်။

၎င်းတို့သည် စကားတပြောပြောဖြင့် ရှောင်မားပုန်းကွယ်နေသော သစ်ပင်အောက်မှ ဖြတ်သွားလေသည်။

ထိုလူသုံးယောက် လွန်သွားသောအခါ ရှောင်မားသည် သစ်ပင်ပေါ်မှ ခုန်ဆင်းလိုက်လေသည်။

ထို့နောက် ထိုလူသုံးယောက်နောက်သို့ တိတ်တဆိတ် လိုက်သွားလေသည်။

ထိုလူသုံးယောက်သည် ပစ္စည်းများ သိုလှောင်ထားသော အဆောက်အဦး၏ဘေးမှနေ၍ အနောက်ဘက်သို့ လျှောက်သွားလေသည်။

ရှောင်မားသည် အံ့သြသွားလေသည်။'

သူက အဆောက်အဦးများကိုသာ ရှာဖွေပြီး ထိုအနောက်ဘက်သို့ မရှာဖွေမိခဲ့ပါ။

၎င်းတို့သုံးယောက်သည် ပစ္စည်းသိုလှောင်သော အဆောက်အဦး၏ အနောက်ဘက်ရှိ ဟောင်းနွမ်းနေသော အဆောက်အဦးပျက် တစ်ခုထဲသို့ ဝင်သွားလေသည်။

ရှောင်မားကလည်း ၎င်းတို့နောက်မှ ထပ်ကြပ်မခွာ လိုက်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာသည် မှောင်မဲပြီး အနည်းငယ်ကျယ်ဝန်းသော မြေအောက်ခန်းတစ်ခုဖြစ်လေသည်။

စင်္ကြံန်လမ်း၏အဆုံးတွင် သံတံခါးများ တပ်ဆင်ထားသော အခန်းတစ်ခုရှိလေသည်။

အခန်း၏ ထောင့်ဘက်တွင် လူရိပ်သေးသေးသွယ်သွယ်တစ်ခုသည် လဲလျောင်းနေ၏။

အခန်း၏ နံရံပေါ်တွင် သေးငယ်သော မီးခွက်တစ်ခု ထွန်းညှိထားရှိသည်။

မီးခွက်၏ မှုန်ပျပျအလင်းရောင်အောက်တွင် တွေ့လိုက်ရသော ထိုလူရိပ်၏မျက်နှာကို မြင်သည်နှင့် ရှောင်မားက ဝမ်းသာသွားလေသည်။

ထိုလူရိပ်မှာ သူလိုက်ရှာနေသော ချွေ့ချွေ့ပင် ဖြစ်လေသည်။

* * *

ရုတ်တရက်–

တံခါးပွင့်သွားပြီး လူသုံးယောက် အခန်းထဲသို့ ချဉ်းနင်းဝင်ရောက်လာလေသည်။

ချွေ့ချွေ့က ထိတ်လန့်သွားပြီး ထထိုင်လိုက်လေသည်။



သူမသည် ထိုလူသုံးယောက်၏မျက်နှာကို မြင်တွေ့သွားသော်ကြောင့် ထိတ်လန့်ကြောက်ရွံ့သွားလေသည်။

'ရှင်... ရှင်တို့...'

ထိုလူသုံးယောက်က ရယ်မောလိုက်လေသည်။

'ဟုတ်ပါတယ်... ငါတို့ပါ...'

'ရှင်... ရှင်တို့... လယ်သမားအဘိုးအိုလင်းယားကိုလည်း သတ်ပြီးပြီ၊ အခု... အခု... ကျွန်မကို'

ချွေ့ချွေ့၏အသံမှာ တုန်ခါနေလေသည်။

ထိုလူသုံးယောက်အနက်မှ တစ်ယောက်က–

'ငါတို့ကို အပြစ်မတင်ပါနဲ့ကွာ... ငါတို့က ငွေပေးသူရဲ့မျက်နှာကို ကြည့်ပြီး အလုပ်လုပ်နေရတာပါ'

ချွေ့ချွေ့က–

'ကျွန်မကိုသတ်ဖို့ ရှင်တို့ကိုငွေပေးတယ်ဟုတ်လား'

'ဟုတ်တယ်'

ချွေ့ချွေ့က–

'သူပေးတဲ့ငွေထက် ကျွန်မပိုပြီး ပေးပါ့မယ်ရှင်၊ ကျွန်မကို မသတ်ပါနဲ့'

ထိုသုံးယောက်အနက်မှ ပိန်ရှည်ရှည်လူက မျက်နှာကိုမဲ့လိုက်ပြီး–

'ဒီမှာမိန်းကလေး ငါတို့ သွေးအေးသုံးလက်က ကြေးစားလူသတ်

www.burmeseclassic.com

www.burmeseclassic.com



သမားဆိုပေမယ့် ငွေပေးတဲ့သူကို သစ္စာရှိတယ်ကွ'

ချွေးချွေးက–

'ဒါဖြင့် ကျွန်မကိုသတ်နိုင်းတာ ဘယ်သူလဲဆိုတာတော့ ပြောပြပါရှင်'

ပိန်ရှည်ရှည်လူက–

'သေသေချာချာမှတ်ထား မင်းကိုသတ်ခိုင်းတဲ့လူက သူဌေးကြီးကျန်းကုန်းပါပဲ'

ချွေးချွေးခေါင်းခွာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

'မဖြစ်နိုင်ဘူး၊ ကျွန်မမယုံဘူး၊ ဘဘကျန်းဆိုတာ ကျွန်မမယုံဘူး'

ပိန်ရှည်ရှည်လူက ဓားကိုဆွဲထုတ်လိုက်ပြီး–

'ယုံတာ မယုံတာ မင်းကိစ္စပါ ကျုပ်တို့ကတော့ မင်းကိုသတ်မှ တာဝန်ကျေမှာ... တဲ့... ဘုရားမှာဆုတောင်းပေတော့'

သူကပြောပြီး ဓားကိုမြှောက်လိုက်သည်။

ထိုအချိန်မှာပင် လူတစ်ယောက်၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

'ဟေ့... ရပ်လိုက်စမ်း'

သေွးဓားသုံးလက်က အံ့ဩသွားပြီး နောက်သို့ လှည့်ကြည့်လိုက်သည်။

အခန်းဝတွင် ရပ်နေသူမှာ သိုင်းသမားရှောင်မား။



ရှောင်မားသည် သွေးဓားသုံးလက်အား စူးရှစွာစိုက်ကြည့်နေ၏။

ယခု သူသည် ချွေးချွေးကိုသာမက လယ်သမားအဘိုးအိုလင်မယားကိုပါ သတ်သွားသော လူသတ်တရားခံအား တွေ့လိုက်ရပြီဖြစ်သည်။

သွေးဓားသုံးလက်သည် ရှောင်မားအား တွေ့သည်နှင့် စကားမပြောတော့ဘဲ ဓားဖြင့် ဝင်ရောက်တိုက်လိုက်ကြလေတော့သည်။

အခန်းမှာ တိုက်ခိုက်ရှောင်တိမ်းနိုင်ရန် မကျယ်ဝန်းသောကြောင့် ရှောင်မားသည် အပြင်သို့ ပြေးထွက်လာခဲ့လေသည်။

သွေးဓားသုံးလက်ကလည်း နောက်မှ ထပ်ကြပ်မကွာ လိုက်လာကြလေသည်။

အပြင်ဘက်သို့ရောက်လာသည်နှင့် သွေးဓားသုံးလက်က ရှောင်မားအား တြိဂံသဏ္ဌာန် ဝိုင်းရံပိတ်ဆို့လိုက်ကြလေသည်။

ရှောင်မားကမူ ဘယ်တော့မှ လက်နက်မကိုင်သော သူ့ထုံးစံအတိုင်း လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်လေသည်။

'ယား...'

ပိန်ရှည်ရှည်လူက ယင်းသို့ တစ်ချက်အော်ရင်း ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

ကျန်နှစ်ယောက်ကလည်း–

'ယား...'

www.burmeseclassic.com

www.burmeseclassic.com



'တွား...'

အော်တစ်ကာ ဝင်ရောက်တိုက်ခိုက်ကြပြန်သည်။

အခြေအနေအရ ရှောင်မား၏လက်သီးနှစ်လုံးသည် ဓားသုံးလက်အား ရည်သို့၍ ယှဉ်နိုင်မည်မဟုတ်ပါ။

သို့သော်—

ရှောင်မားကလည်း သာမန်သိုင်းသမားမဟုတ်ပါ။

သူ၏ခန္ဓာကိုယ်သည် ငှက်တစ်ကောင်ပမာ လေထဲသို့ ဝဲပျံသွားပြီး သူ၏ညာဘက်ခြေထောက်သည် ရှေ့သို့ ပြေးဝင်လာသော သွေးဓားတစ်ယောက်၏ဝမ်းဗိုက်သို့ ကန်မိလေသည်။

'အား...'

သွေးဓားတစ်လက်သည် ဤသို့ တစ်ချက်သာအော်နိုင်ပြီး မြေပေါ်သို့ လဲကျမေ့မြောသွားရလေသည်။

ကျန်သွေးဓားနှစ်လက်ကလည်း သူတို့၏အဖော်အား ကြောင်နာနာဖြင့် ကြည့်နေစဉ် ရှောင်မား၏လက်သီးနှစ်လုံးသည် ၎င်းတို့၏ ပုခုံးဆီသို့ မိမိရရ ထိုးချမိသွားလေသည်။

သွေးဓားနှစ်လက်မှာ အသံပင်မထွက်နိုင်တော့ဘဲ မြေပေါ်သို့ လဲကျသွားလေတော့သည်။

အမှန်မှာ ရှောင်မား၏လက်သီးသည် နွားသိုးကြီးတစ်ကောင်ကိုပင် နောက်သို့ ဖင်ထိုင်လဲကျသွားအောင် ထိုးနိုင်စွမ်းရှိလေသည်။

ထို့ပြင် အုတ်နှစ်ချပ်မျှထူသော နံရံကိုလည်း ထိုးနိုင်စွမ်းရှိသည်။

ယခု သွေးဓားနှစ်ယောက်အား ထိုးလိုက်သောလက်သီးမှာ သူ၏အင်အား သုံးပုံနှစ်ပုံကို လျှော့ချပြီး ထိုးခြင်းသာဖြစ်သည်။

ထို့ကြောင့် ထိုသွေးဓားသုံးလက်မှာ သတိမေ့ရုံသာဖြစ်ပြီး အသက်အန္တရာယ် မရှိနိုင်ပါ။

ရှောင်မားသည် လူသတ်ခြင်းကို လုံးဝမနှစ်သက်ပါ။

သူ၏အယူအဆမှာ တရားဥပဒေမှလွဲ၍ လူတစ်ဦးက တစ်ဦးကို သတ်ခွင့်မရှိပါ။

ထို့ကြောင့် သူသည် သိုင်းလောကတွင် ကျင်လည်ခဲ့သည်မှာ နှစ်နှစ်ကျော်ခန့်ရှိပြီဖြစ်သော်လည်း လူတစ်ဦးတစ်ယောက်ကိုမှ သတ်ခဲ့ခြင်းမရှိပါ။

ချွေချွေသည် မြေအောက်ခန်းမှ အပေါ်သို့ ပြေးတက်လာပြီဖြစ်လေသည်။

သူသည် ရှောင်မားအား တွေ့သည်နှင့် ဝမ်းသာအားရ အော်ခေါ်လိုက်လေသည်။

'အစ်ကို... ရှောင်မား...'

သူမကအော်ရင်း ရှောင်မားအား ပြေးဖက်လိုက်လေသည်။

ရှောင်မားကလည်း အလိုက်သင့် ပြန်ဖက်ထားရင်း သူမ၏ဆံပင်များကို ပွတ်သပ်ပေးလိုက်သည်။

ချွေချွေက ဝမ်းသာ၍ မျက်ရည်များကျလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှောင်မားက သက်ပြင်းတစ်ချက်ချလိုက်ပြီး–

'ဟဲ… ညီမလေး…တိတ်တော့နော်၊ ဘာဖြစ်သွားသေးလဲဟင်'

'ဘုန်းတော့မှမဖြစ်ပါဘူး အစ်ကိုရယ်'

ရှောင်မားသည် ရွှေ့ရွှေ့အား နှစ်သိမ့်ရင်း သူဌေးကြီးကျုန်းကုန်းဝိုင်၏ အိမ်ဂေဟာသို့ ခေါ်ဆောင်သွားလေတော့သည်။

* * *

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။

သူဌေးကြီးကျုန်းကုန်းပါ၏ အိမ်ဂေဟာတစ်ခုလုံး လင်းထိန်နေ၏။

အခန်းထဲတွင် အသက်ရှူသံမှတစ်ပါး ဘာအသံကိုမှ မကြားရပါ။

သူဌေးကြီး၏မျက်နှာတစ်ခုလုံးမှာ ထိတ်လန့်မှုဖြင့် ဖြူလျော်နေ၏။

ရွှေ့ရွှေ့၏မျက်နှာမှာလည်း ငိုထားသောကြောင့် နီရဲနေ၏။

ရှောင်မားသည် သက်ပြင်းတစ်ချက်ကို ရှည်လျားစွာချလိုက်ပြီး–

'ဟဲ… သူဌေးကြီး… ခင်ဗျား ဘာပြောချင်သေးသလဲ'



သူ၏အသံမှာ အေးစက်ပြီး မာကျောနေ၏။

သူဌေးကြီးက ဘာမှပြန်မပြောဘဲ ရှောင်မားနှင့် ရွှေ့ရွှေ့အား ကြည့်နေ၏။

ရှောင်မားက ဒေါသအနည်းငယ်ထွက်လာလေသည်။

သူက ရှေ့သို့ ခြေတစ်လှမ်းတိုးသွားပြီး–

'သူဌေးကြီး ခင်ဗျား မှန်မှန်ပြောမလား၊ မပြောဘူးလား'

သူဌေးကြီး ရင်ဝဒိတ်သွားလေသည်။

ထို့နောက် သက်ပြင်းကိုချလိုက်ပြီး–

'ကျုပ်… ကျုပ်… ပြောပြပါ့မယ်ဗျာ'

ထိုစကား ကြားလိုက်ရသော ရွှေ့ရွှေ့မှာ စိတ်မထိန်းနိုင်ဘဲ မျက်ရည်များ ကျလာပြန်လေသည်။

'ဘဘကျုန်းရယ်… ဘဘကျုန်းနဲ့ ကျွန်မဖေဖေဟာ မိတ်ဆွေအရင်းတွေပါ၊ ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲရှင်'

သူဌေးကြီးက ခေါင်းငုံ့သွားလေသည်။

'ဖြစ်ပုံက ဒီလိုပါကွယ်၊ အမှန်တော့ ဘဘလည်း လုပ်ချင်လို့ လုပ်တာ မဟုတ်ပါဘူး၊ သူတစ်ယောက်က ဘဘကို မင်းဖေဖေဆီက ကျောက်စိမ်းဟသ်ာရုပ်ကို အတင်းဝယ်ခိုင်းပါတယ်။ ဒါပေမယ့် မင်းဖေဖေကလည်း သူ့အလွန်နှစ်သက်တဲ့ပစ္စည်းဖြစ်လို့ ဘယ်ဈေးနဲ့မှ မရောင်းနိုင်ဘူးလို့ ငြင်းပါတယ်၊ အဲ့ဒီမှာ တစ်ယောက်တစ်ခွန်း စကားများရင်း ဘဘက လက်လွန်သွားခဲ့တာပါကွယ်'

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မားက သူဌေးကြီးအား စိုက်ကြည့်ကာ–

'ဒါနဲ့… သူဌေးကြီးပြောတဲ့ လူတစ်ယောက်က ဘယ်သူလဲ'

သူဌေးကြီးက စိတ်ပျက်စွာဖြင့် ခေါင်းခါယမ်းလိုက်သည်။

ထို့နောက် သက်ပြင်းချ၍–

'ကျုပ်က ပြောချင်ပါတယ်၊ ဒီကိစ္စအတွက်နဲ့ ကျုပ်လည်း တော်တော်စိတ်မကောင်းပါဘူး ဒါပေမယ့် ကျုပ်ပြောလိုက်ရင် ကျုပ်မှာ အသက်အန္တရာယ်ရှိနိုင်ပါတယ်'

သူက စကားဆက်လိုက်လေသည်။

'သူကလည်း ကျုပ်ရထားတဲ့ ကျောက်စိမ်းဟသ်ာရုပ်ကို အတင်း တောင်းနေတယ်၊ ကျုပ်က အခုထိ ငြင်းထားတုန်းပဲ ဒါပေမယ့်'

သူကပြောရင်း အင်္ကျီအတွင်းအိတ်ထဲမှ ကျောက်စိမ်းဟသ်ာရုပ် ကလေးကို ထုတ်ရင်း ချွေ့ချွေ့လက်ထဲသို့ ထည့်ပေးလိုက်လေသည်။

'ကျုပ်လည်း မိတ်ဆွေကြီးလီရှန့်ကုန်းကို သတ်ပြီးမှ တော်တော် လေး နောင်တရပါတယ်များ၊ အခု ဒီအရုပ်လေးကို ပိုင်ရှင်လက်ထဲ ပြန်ထည့်ပေးလိုက်ပါပြီ၊ ကျုပ်ပြောတဲ့ လူတစ်ယောက် ဆိုတာက တော့ မြို့…'

သူကပြောရင်းမှ အသံပြတ်သွားလေသည်။

သူ၏ရင်ဘတ်တွင် ဓားတစ်ချောင်း စိုက်ဝင်နေသည်ကို တွေ့ လိုက်ရလေသည်။

ရှောင်မားက ရင်ထိတ်သွားလေသည်။



သူသည် ပြတင်းပေါက်ဘက်သို့ လှည့်ကြည့်လိုက်သည်။

လူရိပ်တစ်ရိပ်ကို တွေ့လိုက်ရလေသည်။

ရှောင်မားသည် စဉ်းစားမနေဘဲ ထိုလူရိပ်နောက်သို့ ပြေးလိုက် သွားလေသည်။

'ဟေ့… ရပ်လိုက်စမ်း'

ရှောင်မားက နောက်မှ အော်ပြောလိုက်လေသည်။

လူရိပ်မှာ ပို၍လျှင်မြန်စွာ ပြေးလွှားသွားလေသည်။

ရှောင်မားသည် သိုင်းလောကတွင် ကိုယ်ဖော့ပညာအဆင့်(၃) ရရှိထားသောကြောင့် မကြာမီမှာပင် ရှေ့မှပြေးနေသော လူရိပ်အား မီသွားလေသည်။

သူက မီသွားသည်နှင့် လက်သီးဖြင့် ထိုလူ၏နောက်ကျောသို့ ထိုးသွင်းလိုက်လေသည်။

ထိုလူမှာ ရှေ့သို့ မှောက်လျက်လဲကျသွားလေသည်။

ရှောင်မားသည် ထိုလူအား သေချာစွာစိုက်ကြည့်လိုက်လေသည်။

သူက အံ့ဩသွားလေသည်။

'ဟင်… ကြေးစားလူသတ်သမား ကို့ကျန်းလုံပါလား'

သူက မျက်မှောင်ကုတ်၍ စဉ်းစားလိုက်လေသည်။

သူစုံစမ်းနေသောအမှုမှာ ပို၍ရှုပ်ထွေးလာသည်ကို နားလည် လိုက်လေသည်။

ကြေးစားလူသတ်သမား ကို့ကျန်းလုံသည် အခကြေးငွေမရဘဲနှင့်

www.burmeseclassic.com

www.burmeseclassic.com



လူမသတ်ချေ။

သူဌေးကြီးကျွန်းကုန်းပါအား သတ်ရန် ကို့ကျွန်းလုံကို ငှားသော လူမှာ နယ်နယ်ရရတစ်ယောက် မဟုတ်ပါလား။

ထိုလူသည် မည်သူဖြစ်ပါသနည်း။

ဤတွေ့ရှာကံစိမ်းဟယ်ရာရင်အမှုတွင် အဓိကတရားခံမှာ သူဌေးကြီး ကျွန်းကုန်းပါပေတည်ပါ။

သူ၏နောက်ကွယ်မှ ကြိုးကိုင်သူ ရှိပေလိမ့်မည်။

ထို့ကြောင့် ယခုကဲ့သို့ တရားခံကို မဖော်ထုတ်နိုင်မီ သူဌေးကြီး အား လုပ်ကြံနိုင်ခြင်းဖြစ်လေသည်။

ထိုနောက်ကွယ်မှ ကိုယ်ယောင်ဖျောက်နေသူ တရားခံအစစ်မှာ မည်သူဖြစ်ပါသနည်း။

* * *

## တရားခံအစစ် မည်သူနည်း

ကျွန်းစုကျေးရွာတစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြလေသည်။

ကျွန်းစုကျေးရွာသို့ သိုင်းပညာလာရောက်ယှဉ်ပြိုင်သော သိုင်း သမားများသည် သူဌေးကြီးကျွန်းကုန်းပါ သေဆုံးသည့်သတင်းကို ကြားသောကြောင့် မိမိတို့၏ ဌာနေဆီသို့ ပြန်ရန် ပြင်ဆင်နေကြခြင်း ဖြစ်လေသည်။

သူဌေးကြီး၏ ဈာပနာကိုလည်း သူ၏သား ကျွန်းပကျွန်းနှင့် သမီးဖြစ်သူ ကျွန်းချူးတုန်းတို့က ကောင်းမွန်စွာ ကျင်းပခဲ့ပြီး ဖြစ် လေသည်။

ရှောင်မားသည် ရွှေ့ရွှေ့အား သူ၏မိတ်ဆွေဖြစ်သူထံ ခေါ်သွား

www.burmeseclassic.com

နေရန် မှာကြားလေသည်။

ကြေးစားလူသတ်သမား ကိုကျန်းလုံကိုလည်း မြို့တော်ဝန် သတ်ခဲ့သို့ အပ်လိုက်လေသည်။

ဤအမှုတွင် အဓိကကြိုးကိုင်သော တရားခံအစစ်ကို ဖော်ထုတ် ငြိမ်းချိန်မှာ ကြေးစားလူသတ်သမား ကိုကျန်းလုံအပေါ်၌သာ မူတည် နေသည်။

ထို့ကြောင့် ကိုကျန်းလုံအား မြို့တော်ဝန်၏ အထူးအချုပ်ခန်း တွင်သာ ထားရှိလေသည်။

သို့သော်–

ရှောင်မားက စိတ်မချနိုင်ပါ။

တရားခံအစစ်သည် ကိုကျန်းလုံအား သူဌေးကြီး ကျန်းကုန်ပါ တဲ့သို့ပင် နှုတ်ပိတ်ပစ်မည်ကို သူက အလွန်စိုးရိမ်လေသည်။

ထို့ကြောင့် တရားခံအစစ်ကို ဖော်ထုတ်နိုင်ရန် သဲလွန်စများကို ထပ်မံရှာဖွေရန် ရှောင်မားသည် အားကြိုးမာန်တက် ကြိုးစားနေ လေသည်။

* * *

# ကိုကျန်းလုံ၏တံကြွမ္ဘာ

မှောင်မဲတိတ်ဆိတ်နေသော ညတစ်ည။

လေပြေလေးက တသုန်သုန်တိုက်ခတ်နေ၏။

ယခုအချိန်သည် တစ်မြို့လုံးနီးပါး အိပ်မောကျနေသော အချိန် ဖြစ်သည်။

ကြီးကျယ်ခမ်းနားသော အဆောက်အဦး ။

ယင်းအဆောက်အဦးသည် သာမန်လူနေထိုင်သော အဆောက် အဦးမဟုတ်နိုင်။

အခန်းတစ်ခုလုံး လင်းထိန်နေ၏။

www.burmeseclassic.com



လူသုံးယောက်–

တစ်ကိုယ်လုံးတွင် အနက်ရောင်ကိုယ်ကျပ်အင်္ကျီများ ဆင်တူဝတ်ဆင်ထားလေသည်။

မျက်နှာတွင်လည်း မျက်လုံးနှစ်ပေါက်သာ ဖောက်ထားသော အနက်ရောင်ခေါင်းစွပ် တပ်ဆင်ထားလေသည်။

၎င်းတို့၏ ပုံဟန်မှာ ပေါ့ပါးသွက်လက်ပြီး ကြွမ်းကြွတ်ရက်စက်သောအသွင် ရှိသည်ကို တွေ့ရမည်ဖြစ်သည်။

ထိုလူသုံးယောက်ရှေ့ရှိ ကုလားထိုင်တွင် ဥပဓိရုပ်အလွန်သားနားသင့်ရုံသော အသက် (၅၀)အရွယ် လူတစ်ယောက်ထိုင်နေ၏။

သူ၏ပုံဟန်မှာ တစ်စုံတစ်ခုကို လေးနက်စွာ စဉ်းစားနေပုံပေါ်၏။

ထိုလူသုံးယောက်မှာ လူကြီးပြောလာမည့်စကားကို ရိုသေစွာစောင့်စားနေ၏။

တခဏကြာတော့မှ–

'အဟမ်း...'

လူကြီးက ချောင်းတစ်ချက်ဟန့်လိုက်သည်။

'တပည့်တို့... မင်းတို့သေချာမှတ်ထားရမှာက ဒီကောင်ကို လောကပေါ်မှာ အရှင်ထားလို့ မရတော့ဘူး မဖြစ်ဖြစ်တဲ့နည်းနဲ့ ရှင်းပစ်ရမှာပဲ'

သူက အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

သုံးယောက်လုံးက သူ၏စကားကို နားထောင်နေသည်ကို



တွေ့မှ–

'ပြီးတော့ လမ်းမှာရှိလာမဲ့ အနှောင့်အယှက်တွေ အားလုံးကိုလည်း ရှင်းပစ်ပါ၊ ဒါပဲ'

ထိုလူက အမိန့်ပေးလိုက်လေသည်။

လူသုံးယောက်အနက်မှ တစ်ယောက်က–

'ဒါနဲ့ သခင်ကြီး မင်းမှုထမ်းဆိုရင်ကော'

'အို... ဘယ်သူပဲဖြစ်ဖြစ် မင်းတို့ကို နှောင့်ယှက်လာတဲ့လူအားလုံးကို ရှင်းပစ်ရမယ်၊ မင်းတို့ဘက်မှာ ငါရှိတယ်၊ ရှင်းပြီလား'

'ရှင်းပါပြီ သခင်ကြီး'

'အေး... ဒါဆို သွားကြတော့၊ တတ်နိုင်သမျှ မြန်မြန်ပါစေ'

ထိုလူသုံးယောက်က ခေါင်းညိတ်ပြလိုက်သည်။

နောက်သို့ ခြေတစ်လှမ်းစီ ဆုတ်၍ အရိုအသေပေးလိုက်သည်။

ထို့နောက် ပွင့်နေသော ပြတင်းပေါက်မှ ပေါ့ပါးသွက်လက်စွာဖြင့် ခုန်ထွက်ပျောက်ကွယ်သွားလေသည်။

ထိုလူသုံးယောက်၏ ဦးတည်ရာနေရာမှာ မြို့တော်ဝန်ဂေဟာသို့ဖြစ်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖုံးစွပ်လူသုံးယောက်သည် မြို့တော်ဝန်ဂေဟာ၏ အစောင့်အကြပ်အထူထပ်ဆုံးနှင့် အခိုင်ခံ့အလုံခြုံဆုံးသော အထူးအချုပ်ခန်း ရှိရာသို့ ဦးတည်သွားနေကြလေသည်။

ရင်းတို့သည် ထိပ်တန်းသိုင်းသမားများဖြစ်လေသည်။

ထို့ကြောင့် အထူးအချုပ်ခန်းကို စောင့်ကြပ်သော ရဲမက်များအား လုံးဝအရေးမစိုက်ပါ။

ဤသို့ အရေးမစိုက်ခြင်းမှာလည်း သူတို့၏ သခင်ကြီးအား ယုံကြည်အားကိုးသောကြောင့် ဖြစ်သည်။

ထိုသခင်ကြီးက သူတို့တွင် တစ်စုံတစ်ရာ အဖြစ် မကျအောင်လည်း စွမ်းဆောင်နိုင်သောကြောင့် ဖြစ်သည်။

ထိုသခင်ကြီးဆိုသည့် ပုဂ္ဂိုလ်မှာ သူတို့အား များစွာသော ငွေကြေးလည်း ပေးထားလေသည်။

သူသည် မြို့တော်ဝန်ကိုလည်း အရေးမစိုက်ပါ။

ထိုပုဂ္ဂိုလ်သည် မည်သူဖြစ်ပါသနည်း။

သူသည် အဘယ်ကြောင့် အချုပ်ခန်းတွင်းရှိ အကျဉ်းသားတစ်ယောက်အား ယခုကဲ့သို့ သတ်ဖြတ်ခိုင်းရပါသနည်း။

လူသတ်သမားသုံးယောက်သည် ထိုအကြောင်းကို မသိကြပါ။

သူတို့သိသည်မှာ ငွေများများပေးထားသော သူတို့သခင်ကြီးအတွက် တာဝန်ကျေပွန်စွာ ထမ်းဆောင်ပေးရမည်ဖြစ်သည်။

* * *



'တုံ... တုံ... တုံ...'

အုန်းမောင်းခေါက်သံသုံးချက်တတိ ထွက်ပေါ်လာလေပြီ။

မြို့တော်ဝန်၏ အထူးအချုပ်ခန်းရှေ့တွင် လက်နက်ကိုယ်စီ ကိုင်ဆောင်ထားသော မင်းမှုထမ်းများသည် သတိဝီရိယကြီးစွာ စောင့်နေရာမှ ပေါ့ပါးသွားကြလေသည်။

လူလဲရန် အချိန်ရောက်လေပြီ။

ရင်းအမှုထမ်းများသည် နောက်ရောက်လာသည့် အမှုထမ်းများနှင့် နေရာချင်းလဲလိုက်ကြလေသည်။

ထိုရှုပ်ထွေးသွားသည့် တခဏအချိန်မှာပင် လူရိပ်တစ်ခုသည် အချုပ်ခန်းအနီးသို့ လျှပ်မြန်စွာ ချဉ်းကပ်သွားလေသည်။

ထို့နောက် ခတ်ထားသော သော့ခလောက်အား ကျွမ်းကျင်စွာ ဖွင့်လိုက်ပြီး အထဲသို့ ပေါ့ပါးစွာ ပြေးဝင်သွားလေသည်။

ဤအထူးအချုပ်ခန်းသည် အပြင်တွင် အစောင့်များများ ထားရှိသော်လည်း အတွင်းအချုပ်ခန်းထဲ၌မူ နှစ်ယောက်သာ ရှိလေသည်။

ထိုလူနှစ်ယောက်မှာလည်း ပျင်းရိစွာဖြင့် အရက်သောက်နေကြလေသည်။

လူရိပ်သည် ထိုလူနှစ်ယောက်အား ကြည့်ကာ ပြုံးလိုက်သည်။

အနီးရှိ ခဲနှစ်လုံးကို ကောက်ယူလိုက်ပြီး ထိုလူနှစ်ယောက်အား ပစ်လိုက်သည်။

ထိုလူနှစ်ယောက်လုံးမှာ 'ဝါး' ကနဲ သမ်းဝေလိုက်ပြီး စားပွဲပေါ်

www.burmeseclassic.com



တွင် ခေါင်းစိုက်ကာ အိပ်ပျော်သွားလေသည်။

လူရိပ်သည် အချုပ်ခန်းအနီးသို့ ချဉ်းကပ်သွားပြီး အကျဉ်းသားအား နှိုးလိုက်လေသည်။

'ဟေ့... ကိုကျန်းလုံ... မြန်မြန်ပြေးမှ မင်းအသက်ချမ်းသာမယ်'

ကိုကျန်းလုံသည် အိပ်ပျော်နေရာမှ နိုးလာလေသည်။

လူရိပ်အားကြည့်ပြီး မျက်လုံးပြူးသွားလေသည်။

'ဟင်... ခင်ဗျားဘယ်သူလဲ ဘာလာလုပ်တာလဲ'

လူရိပ်က–

'ကျုပ်ဘယ်သူလဲ အရေးမကြီးဘူး။ ခင်ဗျားကို လာကယ်တာ'

လူရိပ်က ပြောရင်း ကိုကျန်းလုံ၏လက်နှင့် ခြေရှိ သံကြိုးများကို ဖြုတ်ပေးလိုက်သည်။

'ခင်ဗျား အခုချက်ချင်း ပြေးပေတော့'

ထိုအချိန်မှာပင် အချုပ်ခန်းအပြင်ဘက်မှ တိုက်ခိုက်သံများ ထွက်ပေါ်လာလေသည်။

လူရိပ်သည် ကိုကျန်းလုံ၏လက်အား ဆွဲလိုက်ပြီး အုတ်နံရံဘက်သို့ ပြေးသွားလေသည်။

သူက ကိုကျန်းလုံအား အုတ်နံရံပေါ်သို့ ကျော်လွှားနိုင်ရန် တင်ပေးပြီး တွန်းချလိုက်လေသည်။

ထို့နောက် သူက အခြားတစ်ဘက်သို့ ပြေးသွားလေသည်။

အုတ်နံရံအပြင်ဘက်သို့ ကျသွားသော ကိုကျန်းလုံသည် ကြောင်



အအဖြစ်သွားလေသည်။

ထိုအချိန်မှာပင် အချုပ်ခန်းဘက်မှ တိုက်ခိုက်သံများသည် ပို၍ ဆူညံလာသည်ကို ကြားလိုက်ရလေသည်။

ကိုကျန်းလုံသည် သတိပြန်ဝင်လာပြီး ထိုနေရာမှ ပြေးလွှား ထွက်ခွာသွားလေတော့သည်။

* * *

လူသုံးယောက်–

တစ်ကိုယ်လုံး အနက်ရောင်ဝတ်ဆင်ထားသော လူသုံးယောက်သည် မင်းမှုထမ်းများအား ပြင်းထန်စွာ တိုက်ခိုက်နေ၏။

၎င်းတို့သုံးယောက်သည် ထိပ်တန်းသိုင်းသမားများဖြစ်သည်ကို တိုက်ခိုက်ပုံကိုကြည့်၍ သိနိုင်ပေသည်။

မကြာမီမှာပင် မင်းမှုထမ်းအားလုံး မြေပေါ်သို့ လဲကျသွားလေသည်။

ထိုလူသုံးယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း အချုပ်ခန်းထဲသို့ ဝင်သွားလေသည်။

အချုပ်ခန်းထဲသို့ ရောက်သောအခါ မျက်လုံးပြူးသွားကြလေသည်။

အချုပ်ခန်းတံခါးမှာ ပွင့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းသားအား ချုပ်နှောင်ထားသော သံကြိုးများမှာ ပြေနေလေသည်။

အခန်းထဲတွင် သူတို့သတ်ရမည့် ကိုကျန်းလုံကို လုံးဝမတွေ့ရတော့ပါ။

သူတို့သည် အတန်ကြာ ငေးငိုင်နေပြီးမှ တစ်ယောက်မျက်နှာကို တစ်ယောက် စိတ်ပျက်စွာ ကြည့်လိုက်ကြလေသည်။

* * *

ဝန်းကျင်တစ်ခုလုံး မှောင်မည်းတိတ်ဆိတ်နေ၏။

ကြယ်ကလေးအနည်းငယ်သာ ကောင်းကင်ပေါ်တွင် တောက်ပနေ၏။

လရောင်မရှိပါ။

မှိတ်တုတ်တုတ်ကြယ်ကလေးများ၏ အလင်းရောင်အောက်တွင် လူရိပ်တစ်ခုသည် အစွမ်းကုန်ပြေးလွှားနေ၏။

ထိုလူမှာ အထူးအချုပ်ခန်းမှ လွတ်မြောက်လာသော အကျဉ်းသား ကိုကျန်းလုံပင် ဖြစ်သည်။

ကိုကျန်းလုံ၏နောက် အနည်းငယ်ဝေးသောနေရာတွင်လည်း



လူရိပ်တစ်ရိပ်သည် ပြေးလွှားလိုက်လာနေ၏။

တခဏအချိန်တွင် နောက်မှလိုက်လာသော လူရိပ်သည် ကိုကျန်းလုံအား မီလာလေသည်။

ကိုကျန်းလုံက ယခုမှ သတိပြုမိပြီး နောက်သို့ လှည့်ကြည့်လိုက်လေသည်။

'ဩော်… ခင်များကိုး…'

ထိုလူမှာ ကိုကျန်းလုံအား အချုပ်ခန်းထဲမှ ကယ်တင်လာသောသူဖြစ်သည်။

ကိုကျန်းလုံက ပြေးနေသောအရှိန်ကို လျှော့ချလိုက်သည်။

နောက်မှလိုက်လာသူကလည်း အရှိန်လျှော့လိုက်သည်။

ကိုကျန်းလုံက–

'မိတ်ဆွေ ခင်များကဘယ်သူလဲ၊ ဘာဖြစ်လို့ ကျုပ်ကိုကယ်တင်ရတာလဲ'

လူရိပ်က–

'ကျုပ်ဘယ်သူဆိုတာ အရေးမကြီးပါဘူး။ ခင်များကို ကယ်ရတာကလည်း အကြောင်းရှိလို့ပါ၊ အခုအရေးကြီးတာက တစ်ခုပဲရှိတယ်၊ မှန်မှန်ပြောပါ'

ကိုကျန်းလုံက–

'ဘာအရေးကြီးတာလဲဗျ'

လူရိပ်က–

www.burmeseclassic.com

www.burmeseclassic.com



'သူဌေးကြီးကျွန်းကုန်းပါကိုသတ်ဖို့ ခင်ဗျားကိုဘယ်သူက ခိုင်း
တာလဲ'

ကိုကျွန်းလုံး၏ ပြေးနေသောခြေလှမ်း ရုတ်တန့်သွားလေသည်။

နောက်မှ လှမ်းရိပ်အားလှည့်၍ စေ့စေ့ကြည့်လိုက်သည်။

သို့သော်–

ထိုလူသည် မျက်နှာဖုံးစွပ်ထားသောကြောင့် မည်သူမည်ဝါ
ဖြစ်သည်ကို မသိနိုင်ပါချေ။

'မိတ်ဆွေ... ခင်ဗျားက ဘယ်သူလဲ'

'ကျုပ်က အညတြတစ်ယောက်ပါ။ နာမည်ပြောလည်း ခင်ဗျား
သိမှာမဟုတ်ပါဘူး'

ကိုကျွန်းလုံးက–

'ကဲ... ဒါဆိုလည်းထားပါတော့လေ ဘာဖြစ်လို့ ကျုပ်ကို
ကယ်ရတာလဲဆိုတာတော့ ပြောပြနိုင်မှာပါနော်'

ထိုလူက–

'ခင်ဗျား ဘုမသိဘမသိ သေသွားမှာစိုးလို့'

ကိုကျွန်းလုံးက အံ့ဩသွားလေသည်။

'ကျုပ်က ဘာလို့သေရမှာလဲဗျ'

ထိုလူက–

'ခင်ဗျားသာ အခုလိုအချုပ်ခန်းထဲက ထွက်ပြေးမလာခဲ့ရင်
အရုဏ်ချိန်မှာ လူသတ်သမားသုံးယောက်လက်ချက်နဲ့ သေရမယ်ဆိုတာ



နားလည်စမ်းပါ'

ကိုကျွန်းလုံးက–

'သူတို့က ဘာကြောင့် ကျုပ်ကိုသတ်ချင်ရတာလဲ'

ထိုလူက–

'ခင်ဗျားက ဖော်ကောင်လုပ်မှာစိုးလို့ပေါ့'

ကိုကျွန်းလုံးက နားမလည်နိုင်ဖြစ်သွားလေသည်။

'ဘာအဓိပ္ပာယ်လဲဗျ'

ထိုလူက ကိုကျွန်းလုံးအား စိုက်ကြည့်လိုက်ပြီး–

'ခင်ဗျားကို လူတစ်ယောက်က သူဌေးကြီးကျွန်းကုန်းပါကိုသတ်ဖို့
ငွေပေးတယ်မဟုတ်လား။ အခု ခင်ဗျားအဖမ်းခံနေရပြီ၊ မြို့တော်ဝန်က
စစ်တဲ့အခါမှာ တရားခံကို ခင်ဗျားပြောရတော့မယ်၊ ဒါကြောင့် သူက
ခင်ဗျားကို နှုတ်ပိတ်ချင်တာပေါ့'

ထိုလူသည် ပြောပြီးသည်နှင့် ချာခနဲ လှည့်ကာလာရာ လမ်း
အတိုင်း ပြန်လှည့်ပြေးသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



လုယန်မြို့စားကြီးဂေဟာ။

ဤနေရာသည် ခမ်းနားကြီးကျယ်ပြီး သာယာလှပသော အဆောက်အဦးတစ်ခုဖြစ်သည်။

လုယန်းမြို့စားကြီးသည် အလွန်ကြွယ်ဝချမ်းသာပြီး ဩဇာအာဏာရှိသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။

အဆောက်အဦးရှေ့တွင် ၊ လက်နက်ကိုင်အစောင့်ရဲမက်များ ရှိလေသည်။

ထို့ပြင် ကိုယ်ယောင်ပျောက်နေသော လက်ရွေးစင်ကာကွယ်ရေ တပ်သားများလည်း ရှိလေသည်။

လုယန်မြို့စားကြီးတွင် ငွေအင်အားနှင့် စစ်သည်အင်အားမှာ အခြားမြို့စားများထက် သာလွန်သောကြောင့် နန်းတော်ထဲတွင် ဩဇာအာဏာရှိသော ပုဂ္ဂိုလ်တစ်ယောက်လည်း ဖြစ်လေသည်။

နံနက်အာရုဏ်ဦးအချိန်ဖြစ်သည်။

အနက်ရောင် ကိုယ်ကြပ်အင်္ကျီ ဝတ်ဆင်ထားသော လူသုံးယောက်သည် အဆောက်အဦးရှိရာသို့ လေးလံသောခြေလှမ်းများဖြင့် လျှောက်လာနေ၏။

အစောင့်ရဲမက်များက ထိုလူသုံးယောက်အား တွေ့သည်နှင့် လေးစားစွာ အရိုအသေပေးလိုက်သည်။

'မြို့စားကြီး စာဖတ်ခန်းထဲမှာရှိပါတယ်'

ထိုလူသုံးယောက်သည် မြို့စားကြီး၏စာဖတ်ခန်းထဲသို့ လှမ်းဝင်



လာလေသည်။

မြို့စားကြီးသည် ထိုလူသုံးယောက်အား တွေ့သည်နှင့် မျက်လုံးများ အရောင်တောက်ပလာသည်။

မြို့စားကြီးသည် တစ်ညလုံး မအိပ်ရသေးပါ။

စိတ်လှုပ်ရှားစွာဖြင့် ထိုလူသုံးယောက်အား စောင့်မျှော်နေ၏။

ယခု ထိုလူသုံးယောက်အား တွေ့သည်နှင့် အလွန်ဝမ်းသာသွားလေသည်။

သို့သော်–

ထိုလူသုံးယောက်၏ပုံစံကို မြင်လိုက်ရသောအခါ စိတ်ပျက်သွားလေသည်။

'ကဲ... အခြေအနေဘယ်လိုလဲ'

ထိုလူသုံးယောက်အနက် အသက်အနည်းငယ်ပိုကြီးသောလူက–

'ကျွန်တော်တို့ကို အပြစ်ပေးပါ သခင်ကြီး'

နောက်နှစ်ယောက်ကလည်း–

'သခင်ကြီးခိုင်းတာကို ကျေပွန်စွာမဆောင်ရွက်နိုင်တဲ့အတွက် ကျွန်တော်တို့မှာ အပြစ်ရှိပါတယ်'

မြို့စားကြီး၏မျက်နှာပေါ်တွင် မကျေနပ်ခြင်းနှင့် ဝေခွဲမရခြင်း စသော အရိပ်အယောင်များ ဖြစ်ပေါ်လာလေသည်။

'ဘာဖြစ်လို့ မအောင်မြင်ရတာလဲ'

အသက်အနည်းငယ် ပိုကြီးသောလူက–

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့အချုပ်ခန်းထဲကို ရောက်တော့ ကိုကျန်းလုံ မရှိတော့ပါဘူး'

မြို့စားကြီးက မျက်မှောင်ကုတ်သွားလေသည်။

'မရှိဘူး ဟုတ်လား။ ဘာဖြစ်လို့လဲ'

ကျွန်လူနှစ်ယောက်အနက် တစ်ယောက်က–

'သူထွက်ပြေးသွားတယ်လို့ ထင်ပါတယ်၊ သူ့ကို ခတ်ထားတဲ့ သံကြိုးတွေလည်း ပြေနေပါတယ်'

မြို့စားကြီးက ဒေါသထွက်သွားလေသည်။

'ဒါဆို... မင်းတို့ဝင်တိုက်ခိုက်တုန်းက ထွက်ပြေးသွားတာ ဖြစ်ရမယ်'

တတိယတစ်ယောက်က–

'သူ့ဘာသာပြေးတာ မဖြစ်နိုင်ဘူး... တစ်ယောက်ယောက်က လာကယ်သွားတာဖြစ်မယ်လို့ ကျွန်တော်ထင်ပါတယ် သခင်ကြီး'

မြို့စားကြီးက–

'အေး... အဲဒါဖြစ်နိုင်တယ်၊ သူ့ကိုဝင်ကယ်သွားတာ ဘယ်သူဖြစ်နိုင်သလဲ'

မြို့စားကြီးက အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

ထိုလူသုံးယောက်မှာ အဖြေမပေးနိုင်သောကြောင့် ခေါင်းငုံ့နေကြလေသည်။

မြို့စားကြီးသည် အခန်းထဲတွင် လက်နောက်ပစ်၍ ခေါက်တုံ့



ခေါက်ပြန် လမ်းလျှောက်နေလေ၏။

အတန်ကြာတော့မှ

'ဟုတ်ပြီ... သူဖြစ်နိုင်တယ်'

ထိုလူသုံးယောက်က ခေါင်းမော့လာပြီး–

'ဘယ်သူလဲ သခင်ကြီး'

မြို့စားကြီးက–

'နေရာတကာဝင်ရှုပ်တတ်တဲ့ သိုင်းသမားရှောင်မားပဲ ဖြစ်ရမယ်'

'သိုင်းသမားရှောင်မား ဟုတ်သလား'

ထိုလူသုံးယောက်က သံပြိုင်လွှတ်ခနဲ မေးလိုက်ခြင်းဖြစ်သည်။

မြို့စားကြီးက ထိုလူသုံးယောက်အား စေ့စေ့ကြည့်၍–

'သိုင်းသမားရှောင်မားဆိုတာနဲ့ မလန့်ကြပါနဲ့ကွ မင်းတို့လို ထိပ်တန်းသိုင်းသမားသုံးယောက်နဲ့တွေ့ရင် ဘယ်ယှဉ်နိုင်မှာလဲ'

သူက စကားဆက်လိုက်လေသည်။

'ကဲ... ဘာပဲဖြစ်ဖြစ် မင်းတို့ ကိုကျန်းလုံကို မတွေ့တွေ့အောင်ရှာပြီး နှုတ်ပိတ်ရမယ်၊ ဒါ့အပြင် ရှောင်မားကိုတွေ့ရင်လည်း သတ်ပစ်ရမယ်'

ထိုလူသုံးယောက်က ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီ သခင်ကြီး'

မြို့စားကြီးက–

www.burmeseclassic.com

www.burmeseclassic.com



'ကိစ္စအောင်မြင်ရင် အပိုဆုငွေ ၅၀၀၀၀ ချီးမြှင့်ဦးမယ်၊ မင်းတို့ သုံးယောက်လုံး ကြိုးစားကြပါ၊ ဟုတ်ပြီလား'

* * *

ထိုလူသတ်သမားသုံးယောက်သည် ချန်ကျုန်းမြစ်တစ်လျှောက်တွင် အလွန်နာမည်ကြီးသော ကြေးတန်းစားလူသတ်သမားများ ဖြစ်လေသည်။

၎င်းတို့၏ အမည်မှာ ချို့လုံ၊ ကျုန်းဟူနှင့် ပိုင်ကျုန်းတို့ ဖြစ်သည်။

ချို့လုံနှင့် ကျုန်းဟူမှာ အသက်အရွယ်မတိမ်းမယိမ်းဖြစ်သည်။ ပိုင်ကျုန်းမှာမူ သူတို့နှစ်ယောက်ထက် အသက်အနည်းငယ် ပိုကြီး၍ စကားနည်းသူဖြစ်သည်။

တစ်ယောက်တည်း အေးဆေးစွာနေတတ်လေသည်။

* * *



ညတစ်ည။

ချို့လုံ၏အခန်းထဲသို့ ကျုန်းဟူ ရောက်လာလေသည်။

'ဟေ့... ချို့လုံ အစ်ကိုကြီး ပိုင်ကျုန်းတစ်ယောက်ကောကွ'

ချို့လုံက–

'ဟ... သူ့အခန်းမှာ သွားကြည့်ပါလားကွ'

ကျုန်းဟူက–

'ငါအခုပဲ သူ့အခန်းကိုကြည့်ပြီးပြီကွ မတွေ့ဘူး'

ချို့လုံက–

'ဟင်... သူက ဘယ်သွားလို့လဲ'

ကျုန်းဟူက–

'ငါ့အထင်ကတော့ ဆုငွေကို တစ်ယောက်တည်း လိုချင်လို့ ကိုကျန်းလုံကို သွားရှာတာဖြစ်ရမယ်'

ချို့လုံက–

'မင်းကလဲ၊ သူသွားရင် ငါတို့ကိုခေါ်နေကြပဲဟာ'

ကျုန်းဟူက–

'မတူဘူးလေ အရင်က ဝေပုံကျ အခုက ဆုငွေငါးသောင်းကို တစ်ယောက်တည်းရမှာလေ'

ချို့လုံက–

'သူက တို့ကိုသစ္စာဖောက်ပါ့မလားကွ'

ကျုန်းဟူက–

www.burmeseclassic.com

www.burmeseclassic.com



'မင်း ခအစ်ပါနဲ့ လူပဲကွ ငွေရဖို့အလုပ်လုပ်ကြတယ်၊ ငွေအတွက်နဲ့ သစ္စာဖောက်တဲ့လူတွေ အများကြီးပဲ'

ချိုလုံက–

'အဲဒါဖြင့်... အခု ငါတို့ဘာလုပ်မလဲ'

ကျန်းဟူက–

'တို့ကျန်းလုံနောက်လိုက်တာပေါ့'

ချိုလုံက–

'တို့ကျန်းလုံက ဘယ်မှာရှိမှန်းမှ မသိတာ၊ ဘယ်ကို အရင်လိုက်ရှာရမှာလဲ'

ကျန်းဟူက အသံတိုးတိုးဖြင့်–

'သူ ကျင်းစားမြို့မှာရှိတယ်လို့ ငါသတင်းရလာတယ်ကွ'

* * *

## ကျင်းစားမြို့

ကျင်းစားမြို့။

မြို့ကလေးတစ်ခုလုံး တိတ်ဆိတ်နေ၏။

အာရုဏ်ဦး၏ ရောင်ခြည်သည် ကမ္ဘာလောကကြီးကို ဖြန့်ကျက်ရန် အနည်းငယ်သာလိုတော့သည်။

လမ်းမပေါ်တွင် လမ်းသွားလမ်းလာ ကင်းရှင်းနေ၏။

တစ်ယောက်၊ နှစ်ယောက်သာ သွားလာနေ၏။

ယခု လူနှစ်ယောက်သည် ခြေလှမ်းသုတ်သုတ်ဖြင့် တစ်နေရာသို့ ဦးတည်သွားနေ၏။

ထိုလူနှစ်ယောက်မှာ ချိုလုံနှင့် ကျန်းဟူပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု သူတို့ ဦးတည်သွားနေသောနေရာမှာ ကျင်းစားမြို့၏ တစ်ခုတည်းသော တည်းခိုခန်းဖြစ်သည့် 'ရွက်စိမ်းတည်းခိုခန်း'သို့ ဖြစ်လေသည်။

ရွက်စိမ်းတည်းခိုခန်းသည် တံခါးပိတ်လျက်ရှိ၏။

ကျန်းဟူသည် တံခါးအား သံကြိမ်တိတိ မြင်းထန်စွာ ခေါက်လိုက်၏။

တံခါးသည် တော်တော်ကြာသည်အထိ ဖွင့်မလာပါ။

တခဏကြာတော့မှ ဆိုင်တံခါးပွင့်လာပြီး ဆိုင်ရှင်လူဝကြီး ထွက်လာလေသည်။

'ဘာကိစ္စရှိလို့လဲဗျ'

ကျန်းဟူက–

'လူတစ်ယောက်ကိုလာရှာတာပါ'

ဆိုင်ရှင်က–

'ဘယ်သူလဲ'

ကိုကျန်းလုံသည် အကျဉ်းသားဘဝမှ လွတ်လာသည်က တစ်ကြောင်း၊ မိမိတို့လိုက်သတ်မည်ကို စိုးရိမ်သည်ကတစ်ကြောင်း ကြောင့် သူ၏အမည်ကို အမှန်အတိုင်း ပြောမည်မဟုတ်ဟု ကျန်းဟူက စဉ်းစားမိလေသည်။

ထို့ကြောင့် ဆိုင်ရှင်အား ကိုကျန်းလုံ၏ ပုံသဏ္ဌာန်ကို လက်ဟန်ခြေဟန်ဖြင့် ပြောပြလိုက်သည်။



ဆိုင်ရှင်က တခဏစဉ်းစားပြီးမှ–

'အညိုရောင်ဝတ်စုံဝတ်ထားတဲ့လူ မဟုတ်လား'

ချို့လုံက–

'ဟုတ်မယ်ထင်တယ်၊ သူက ဘယ်အခန်းမှာတည်းတာလဲ'

ဆိုင်ရှင်က–

'သူက အပေါ်ထပ်အခန်း ၁၀ မှာ တည်းပါတယ်၊ ကျွန်တော် ပေးရမလားခင်ဗျ'

ကျန်းဟူက–

'နေပါစေခင်ဗျ ကျွန်တော်တို့ကိုယ်တိုင်ပဲ သွားလိုက်ပါတော့မယ်'

သူကပြောပြီး ချို့လုံ၏လက်ကိုဆွဲကာ အပေါ်ထပ်သို့ တက်သွားသည်။

သူတို့သည် အပေါ်ထပ်အခန်း(၁၀)သို့ ရောက်သောအခါ တံခါး ဟာလာဟင်းလင်း ပွင့်နေသည်ကို တွေ့လိုက်ရလေသည်။

ကျန်းဟူနှင့် ချို့လုံသည် ရင်ထိတ်သွားပြီး အခန်းထဲသို့ ကဗျာ ပြေးဝင်သွားလေသည်။

'ခုကွဲ အစ်ကိုကြီးပိုင်ကျန်း လက်ဦးသွားပြီလား မသိဘူး'

ကျန်းဟူက ထိတ်လန့်စွာပြောရင်း ကုတင်အနီးသို့ ပြေးသွား သည်။

အကြောင်းမှာ ကုတင်ပေါ်တွင် လူတစ်ယောက်သည် စန့်စန့်ကြီး ရှိသည်ကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းဟုနှင့် ချို့လုံသည် ကုတင်အနီးသို့ ရောက်သောအ... မျက်လုံးပြူးသွားလေသည်။

ကုတင်ပေါ်တွင် လဲနေသူမှာ သူတို့၏အစ်ကိုကြီး ပိုင်ကျ... ဖြစ်နေသောကြောင့်ဖြစ်သည်။

ထိုအချိန်မှာပင် တစ်ဘက်ခန်းမှ အနက်ရောင်ဝတ်စုံ ဝတ်... ထားသူနှင့် အညိုရောင်ဝတ်စုံ ဝတ်ဆင်ထားသောလူတို့သည် ပတ်... ကျင်အား အကဲခတ်ကြည့်၍ ထိုနေရာမှ ပြေးလွှားပျောက်ကွယ်သွား... သည်ကို မည်သူကမှ သတိမထားမိပါချေ။

* * *

ကို့ကျန်းလုံသည် အလွန်မောပန်းနေ၏။

သူသည် အချုပ်ခန်းမှ ထွက်ပြေးလာပြီးနောက် ကျင်းစားမြို့... ရောက်ရှိလာခဲ့သည်။

သူသည် လူသတ်ပြီးလျှင် အပမ်းဖြေရန် ဤကျင်းစားမြို့... ရွက်စိမ်းတည်းခိုခန်းသို့ ရောက်လာခြင်းဖြစ်သည်။

ထို့ကြောင့် ရွက်စိမ်းတည်းခိုခန်းသို့ ရောက်လာခြင်းဖြစ်သည်... — သူက အလွန်ပင်ပန်းနွမ်းနယ်နေသဖြင့်တည်းခိုခန်းတွင် ကော... ကောင်းအိပ်မည်ဟု ဆုံးဖြတ်ထားလေသည်။



သို့သော်–

သူသည် အိပ်ပျော်ကာစအချိန်မှာပင် လူတစ်ယောက်က သူ့အား လာနှိုးလေသည်။

ထိုလူမှာ တစ်ကိုယ်လုံး အနက်ရောင်ဝတ်ဆင်ထားသော သူ့အား အချုပ်ခန်းမှ ကယ်တင်ခဲ့သောလူ ဖြစ်လေသည်။

သူ၏ကုတင်နဘေးတွင် လူတစ်ယောက် ထဲ...နေသည်ကို လည်း တွေ့လိုက်ရလေသည်။

ထိုလဲကျနေသူ၏ လက်ထဲတွင် ဓားတစ်ဘက်ကိုင်ထား... ထားသည်။

ကို့ကျန်းလုံက ထိတ်လန့်သွားပြီး ထထိုင်လိုက်လေသည်။

'ခင်ဗျားက အညာတြသိုင်းသမား ဟုတ်လား'

အနက်ရောင်ဝတ်စုံနှင့်လူက–

'ဟုတ်တယ်... မင်း မြန်မြန်ပြေးမှဖြစ်မယ်'

ကို့ကျန်းလုံက–

'ဘာဖြစ်လို့'

အနက်ရောင်ဝတ်စုံနှင့်လူက–

'မင်းကိုနှုတ်ပိတ်ဖို့ လူလွှတ်နေပြီလေ၊ ဒီမှာတစ်ယောက် တွေ့ပြီလား'

ကို့ကျန်းလုံက လဲနေသူအား ကြည့်လိုက်ပြီး–

'ဟင်... ပိုင်ကျန်းပါလား'

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ဝတ်စုံနှင့်လူက–

'ပိုင်ကျုန်းဆိုတာ ချန်အန်းမြစ်တလျှောက်မှာ နာမည်ကြီးနေတဲ့ ကြေးစားလူသတ်သမား ဟုတ်လား'

ကိုကျုန်းလုံက–

'ဟုတ်တယ်'

အနက်ရောင်ဝတ်စုံနှင့်လူက–

'ဟာ... ဒါဆို သူ့ရဲ့အဖော် ချီလုံနဲ့ ကျုန်းဟူပါလာမှာ သေချာတယ်၊ ခင်ဗျား မြန်မြန်ပြေးပေတော့'

ကိုကျုန်းလုံက–

'အခု သူသေသွားပြီလားဟင်'

အနက်ရောင်ဝတ်စုံနှင့်လူက–

'မသေသေးပါဘူး သူ့ကိုမေ့ရုံလေး လုပ်ထားတာပါ'

ထိုစကားကို ကြားလိုက်သောအခါ ကိုကျုန်းလုံသည် လဲနေသူအား ကုတင်ပေါ်သို့ မွေ့တင်လိုက်လေသည်။

ထို့နောက် ထိုလူ၏လက်ထဲမှ ဓားဖြင့်ပင် ထိုလူ၏ဝမ်းဗိုက်ဆီသို့ အားကုန်ထိုးစိုက်လိုက်လေတော့သည်။

* * *



ကိုကျုန်းလုံ၏ လှုပ်ရှားမှုမှာ လျှင်မြန်လှသောကြောင့် အနက်ရောင်ဝတ်ဆင်ထားသူက တားရန်မမီတော့ပါ။

'ဟော့လူ... ခင်ဗျား ဘာလုပ်တာလဲ'

ကိုကျုန်းလုံက–

'ခွင့်လွှတ်ပါ ကျွန်တော်က သူ့ကိုမသတ်ရင် သူသတိရလာချိန်မှာ ကျွန်တော့်ကိုသတ်မှာပါပဲ'

အနက်ရောင်ဝတ်ဆင်ထားသူက သက်ပြင်းချလိုက်လေသည်။

'ကဲ... ပြီးတာလည်း ပြီးပါစေတော့ဗျာ အခု ခင်ဗျား မြန်မြန်ပြေးပါ၊ နို့မဟုတ်ရင် သူ့ရဲ့အဖော်နှစ်ယောက် လိုက်လာတဲ့အခါ မပြေးနိုင်ဘဲဖြစ်သွားလိမ့်မယ်'

ထိုအချိန်မှာပင် အောက်ထပ်မှ အသံများကို ကြားလိုက်ရလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူက ကိုကျုန်းလုံ၏လက်ကိုဆွဲကာ တစ်ဖက်ခန်းသို့ ပြေးဝင်သွားလေသည်။

လူနှစ်ယောက်သည် ကိုကျုန်းလုံ၏အခန်းထဲသို့ ပြေးဝင်သွားတော့မှ အနက်ရောင်ဝတ်ဆင်ထားသူနှင့် ကိုကျုန်းလုံသည် ထိုနေရာမှ ပြေးထွက်ခဲ့လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ကို့ကျန်းလုံ၏ ကိုယ်ခွဲများ

ကိုကျန်းလုံနှင့် အနက်ရောင်ဝတ်ဆင်ထားသောလူသည် ကျင
စားမြို့ကလေး၏ လမ်းဆုံလမ်းခွသို့ ရောက်ရှိလာလေသည်။

အနက်ရောင်ဝတ်ဆင်ထားသော လူသည် ထိုနေရာသို့ ရောက်
သောအခါ ခြေလှမ်းရပ်တန့်လိုက်ပြီး–

'ကဲ… ခင်ဗျား ဒီလမ်းအတိုင်းပြေးပေတော့၊ နောက်မှာ ရန်သ
နှစ်ယောက်လိုက်လာတယ်၊ ကျုပ်ကတော့ ဟိုဘက်လမ်းက ပြေးမယ်
ကဲ… နောက်တွေ့ကြသေးတာပေါ့'

ထိုလူသည် စကားဆုံးသွားသည်နှင့် ဘယ်ဘက်ရှိလမ်းထဲသ



ပြဝင်ပျောက်ကွယ်သွားလေသည်။

ကိုကျန်းလုံသည် စဉ်းစားမနေတော့ဘဲ ညာဘက်လမ်းထဲသို့
ခွမ်းကုန် ပြေးသွားလေတော့သည်။

ကိုကျန်းလုံသည် တည်းခိုခန်းမှ ထွက်ပြေးလာစဉ်က လူ
တစ်ယောက်ထံသွားရန် စဉ်းစားမိလေသည်။

သို့သော်–

သူသည် ထိုလူအပေါ် သက်ာမကင်းဖြစ်မိလေသည်။

ထိုလူသည် သူ့ငွေကြေးကျန်းကုန်ပါအား သတ်ရန် မိမိအား
ခိုင်းစေခဲ့သည်။

မိမိအချုပ်ထဲရောက်သောအခါတွင် လုံးဝလာမကြည့်ခဲ့ပါ။

ယခု မိမိသည် ရန်သူများလက်မှ အသက်လုပြေးနေရသော်
လည်း ထိုလူသည် မည်သို့မျှ ဂာကွယ်ပေးခြင်းမရှိပေ။

ကိုကျန်းလုံသည် စဉ်းစားနေရင်းမှ တစ်စုံတစ်ခုကိုသတိရ
လာသည်။

'ငါ့ကို နှုတ်ပိတ်ဖို့ ချန်ကျန်းက ကြေးစားလူသတ်သမား
သုံးယောက်ကို ငှားတာက ဘယ်သူလဲ'

'သူပဲ ဖြစ်ရမယ်'

သူသည် တွေးတောရင်း ရှေ့သို့ဆက်ပြေးလာလေသည်။

အတန်ကြာတော့မှ သတိဝင်လာပြီး ခြေလှမ်းကို ရပ်ပစ်လိုက်
လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှာပင် သူသည် ရေတော်၍ ဗိုက်ဆာနေသည်ကို [...] ဖြစ်လေသည်။

ကိုကျုန်းလုံသည် အရှေ့သို့ အနည်းငယ်လျှောက်မိသော[...] မြို့ကလေးတစ်မြို့သို့ ရောက်လာလေသည်။

သူက အလွန်ဝမ်းသာသွားလေသည်။

ထိုမြို့ကလေးတွင် ခေတ္တအနားယူ၍ အစားအသောက်[...] စားရန် ဆုံးဖြတ်လိုက်လေသည်။

ထို့ကြောင့် မင်းလမ်းမကြီးအတိုင်း မြို့ကလေးထဲသို့ ဝင်[...] လေသည်။

မြို့ထဲတွင် ရဲမက်အချို့သည် နံရံများပေါ်၌ ကြော်ငြာလိုက်[...] နေသည်ကို တွေ့ရလေသည်။

သူက ဦးထုပ်ကို ရှေ့သို့ ခပ်ငိုက်ငိုက်ဆောင်းပြီး လူများကြား[...] တိုးဝှေ့ကာ ကြော်ငြာကို ကြည့်လိုက်လေသည်။

သူက ရင်ထိတ်သွားလေသည်။

ကြော်ငြာပေါ်ရှိ မိမိပုံကို ဆွဲထားပြီး အောက်၌ ဆုငွေတစ်ထော[...] ဟု ရေးထားလေသည်။

သူသည် လူအုပ်ထဲမှ ကမန်းကတန်း ထွက်လာပြီး အနီး[...] လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်သွားလေသည်။

ချောင်ကျသော စားပွဲတွင် ဝင်ထိုင်၍ အစားအသောက်များ[...] မှာကာ စားသောက်လိုက်သည်။



ထိုအချိန်မှာပင် သူ၏ဘေးစားပွဲမှ အသံတစ်သံကို ရုတ်တရက် ကြားလိုက်ရလေသည်။

'ဒီမှာ ကိုကျုန်းလုံ၊ ဒီနေရာဟာ မင်းအတွက် အန္တရာယ်ရှိတယ်'

ကိုကျုန်းလုံက ထိုလူအား လှည့်ကြည့်လိုက်လေသည်။

ထိုလူသည် မိမိကဲ့သို့ပင် အင်္ကျီအညိုရောင်ဝတ်ဆင်ထားပြီး ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားလေသည်။

'ခင်ဗျား ဘယ်သူလဲ'

ထိုလူက ကိုကျုန်းလုံ၏အမေးကို ပြန်မဖြေဘဲ–

'ဟိုအရှေ့က သစ်ပင်အောက်မှာ လူနှစ်ယောက် ရပ်နေတာ တွေ့တယ်မဟုတ်လား'

ကိုကျုန်းလုံက လှမ်းကြည့်လိုက်လေသည်။

ထိုလူနှစ်ယောက်သည် သစ်ပင်အောက်တွင် လက်ပိုက်၍ ရပ်နေပြီး မိမိရှိရာသို့ စိုက်ကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

'ဟင်... ချုန်ကျုန်းက ဘေးသမားနှစ်ယောက်ပါလား'

သူသည် နံဘေးမှလူဘက်သို့ ပြန်လှည့်လိုက်သည်။

'သူတို့လိုက်လာတာ ဒီလောက်မြန်သလား'

နံဘေးမှလူက–

'သူတို့က ဖြတ်လမ်းကလိုက်လာတာလေ'

ကိုကျုန်းလုံက–

'ဒါနဲ့ ခင်ဗျားကဘယ်သူလဲ'

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက–

'မင်းကို လိုက်ကယ်နေတဲ့ အညတြသိုင်းသမားလေ'

ကိုကျန်းလုံက–

'အခု ကျူပ်ဘာလုပ်ရမလဲ'

ထိုလူက–

'မင်းငါ့ကိုယုံရင် ငါ့စကားနားထောင်ပါ'

ကိုကျန်းလုံက–

'ယုံပါတယ်၊ ပြောပါ'

ထိုလူက–

'အခု မင်းနဲ့ငါနဲ့ ပြိုင်တူထပြီးထွက်မယ် သူတို့လိုက်လာရင် မင်းက အရှေ့ဘက်ကိုပြေး၊ ငါက အနောက်ဘက်ကိုပြေးမယ်'

ကိုကျန်းလုံက–

'ကောင်းပြီလေ'

သူသည် ဆိုင်လုလင်အား ပိုက်ဆံရှင်းပေးလိုက်သည်။

ထို့နောက် ထိုလူနှင့် ပုခုံးချင်းယှဉ်၍ ဆိုင်အပြင်သို့ ထွက်ကြလေသည်။

* * *



သစ်ပင်အောက်တွင် ရပ်နေသူနှစ်ယောက်မှာ ချိုလုံနှင့် ကျန်းဟူဝင် ဖြစ်လေသည်။

သူတို့နှစ်ယောက်သည် တည်းခိုခန်းသို့ ရောက်ပြီးနောက် ကိုကျန်းလုံအား မတွေ့သဖြင့် ယခုကဲ့သို့ ခြေရာခံလိုက်လာခြင်း ဖြစ်လေသည်။

သူတို့သည် ဤမြို့ကလေးသို့ ရောက်လာသောအခါ အညိုရောင်ဦးထုပ်နှင့် အညိုရောင်ဝတ်စုံ ဝတ်ဆင်ထားသော ကိုကျန်းလုံအား တွေ့လိုက်လေသည်။

သို့သော်–

မင်းမှုထမ်းများ ခြေရှုပ်နေသဖြင့် ယခုကဲ့သို့ မလှုပ်ရှားဝံ့ဘဲ ရပ်ကြည့်နေကြခြင်းဖြစ်လေသည်။

သူတို့ ကြည့်နေစဉ်မှာပင် ကိုကျန်းလုံနံဘေးသို့ အညိုရောင်ဦးထုပ်နှင့် အညိုရောင်ဝတ်စုံ ဂတ်ဆင်ထားသော လူတစ်ယောက် ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

ချိုလုံနှင့် ကျန်းဟူသည် အံ့သြသွားလေသည်။

ထိုအချိန်မှာပင် ကိုကျန်းလုံနှင့် ထိုလူတို့သည် ပုခုံးချင်းယှဉ်၍ လျှောက်လာသည်ကို တွေ့ရသောအခါ သူတို့သည် မျက်စေ့လည်သွားလေတော့သည်။

ထိုလူနှစ်ယောက်အနက် မည်သူသည် ကိုကျန်းလုံဖြစ်သနည်း။

သူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ထို

www.burmeseclassic.com

www.burmeseclassic.com



ဆင်တူဝတ်ဆင်ထားသူနှစ်ယောက်နောက်သို့ ခြေလှမ်းသုတ်သုတ်ဖြင့် လိုက်သွားကြလေသည်။

မြို့ပြင်သို့ ရောက်သောအခါ ထိုဆင်တူဝတ်ဆင်ထားသူ နှစ်ယောက်သည် အချင်းချင်း လက်တွဲကို ခနွာကိုတစ်ပတ်လှည့် လိုက်လေသည်။

ထို့နောက် တစ်ယောက်က အရှေ့ဘက်သို့ ပြေးသွားပြီး တစ်ယောက်က အနောက်ဘက်သို့ ပြေးသွားလေတော့သည်။

ချို့လုံနှင့် ကျန်းဟူသည် ရုတ်တရက် အံ့ဩသွားပြီး ခြေလှမ်း ရပ်တန့်လိုက်လေသည်။

တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်လေသည်။

'ဟော့... ချို့လုံ ဘယ်ဟာက ကို့ကျန်းလုံလဲကွ'

ချို့လုံက–

'ငါလဲ ဘယ်သိမလဲကွ'

ကျန်းဟူက–

'ဟော့... ဒါဖြင့် ဘယ်လိုလုပ်ကြမလဲကွ'

ချို့လုံက–

'မင်းနဲ့ငါ လူခွဲပြီးလိုက်မှ ဖြစ်မှာပေါ့'

ကျန်းဟူက–

'အေး... အဲ့ဒီအကြံ ကောင်းတယ်၊ ငါက အရှေ့ဘက်ကို လိုက်မယ်၊ မင်းက အနောက်ဘက်ကိုလိုက်'



ချို့လုံနှင့် ကျန်းဟူသည် လက်ဝါးချင်းရိုက်လိုက်ပြီး ထိုနေရာမှ ပြေးလွှားထွက်ခွာသွားကြလေသည်။

* * *

ကျန်းဟူသည် အရှေ့ဘက်ပြေးသော လူနောက်သို့ လိုက်သွား လေသည်။

အရှေ့မှပြေးနေသောလူအား မီလာသောအခါ လမ်းချိုးထဲမှ ဆုပ်အညိုရောင်၊ အင်္ကျီအညိုရောင် ဝတ်ဆင်ထားသော လူ တစ်ယောက် ထွက်လာပြီး ရှေ့မှ လူနှင့်ပုခုံးချင်းယှဉ်၍ လျှောက်သွား လေသည်။

ကျန်းဟူသည် အံ့ဩသွားလေသည်။

ထိုလူနှစ်ယောက်မှာ အရပ်အမောင်း ကိုယ်လုံးကိုယ်ထည်၊ အဝတ်အစားအားလုံး ဆင်တူဖြစ်နေသောကြောင့် ဖြစ်သည်။

မည်သူသည် ကို့ကျန်းလုံအစစ်ဖြစ်သည်ကို သူက မသိတော့ပါ။

သို့သော်–

သူသည် ဆက်လိုက်သွားရန် ဆုံးဖြတ်လိုက်လေသည်။

ကျန်းဟူသည် ထိုလူနှစ်ယောက်နောက်မှ လိုက်လာရင်း ရုတ်

www.burmeseclassic.com

www.burmeseclassic.com



တရက် အော်လိုက်သည်။

'ဟော့... ကို့ကျွန်းလုံ ရပ်လိုက်စမ်း'

သို့သော်လည်း ထိုလူနှစ်ယောက်မှာ လုံးဝမကြားလိုက်သည့် အလား ရှေ့သို့သာ ဆက်လျှောက်သွားနေ၏။

'ဟော့... မင်းတို့နှစ်ယောက်ထဲမှာ ဘယ်သူက ကို့ကျွန်းလုံလဲ'

ကျွန်းဟူက ကျယ်လောင်စွာအော်၍ မေးလိုက်လေသည်။

ထိုလူနှစ်ယောက်မှာ လှည့်၍ပင်မကြည့်ပါ။

ကျွန်းဟူက ထပ်မံအော်လိုက်လေသည်။

'ဟော့... ကို့ကျွန်းလုံဘေးကလူ... မင်းနဲ့မဆိုင်ရင် ဘေးဖယ်နေ ထော်ကြာ အချောင်သေသွားမယ်'

ထိုအချိန်မှာပင် လမ်းချိုးတစ်ခုထဲမှ လူတစ်ယောက်ထွက်လာ လေသည်။

ကျွန်းဟူသည် အံ့ဩသွားပြီး ခြေလှမ်းရပ်တန့်လိုက်လေသည်။

လမ်းချိုးထဲမှ ထွက်လာသူမှာ ထိုလူနှစ်ယောက်နှင့် ပုံစံတူပင် ဖြစ်လေသည်။

ယခု ကို့ကျွန်းလုံ သုံးယောက်ဖြစ်သွားလေပြီ။

ကျွန်းဟူသည် ဒေါသထွက်လာပြီး အံကိုတင်းတင်းကြိတ်လိုက် လေသည်။

ထိုလူသုံးယောက်လုံးအား သတ်ရန် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် ဓားဆွဲထုတ်ပြီး ထိုလူသုံးယောက်နောက်သို့



လိုက်သွားလေသည်။

ဝါးတစ်ရိုက်ခန့်အကွာသို့ ပြေးသွားပြီးနောက် သူ၏ခြေလှမ်းမှာ တုန့်ခနဲ ရပ်တန့်သွားလေသည်။

အကြောင်းမှာ ထိုနေရာတွင် လမ်းဆုံလမ်းခွဖြစ်ပြီး လမ်း သုံးသွယ် ရှိနေ၏။

ထိုလူသုံးယောက်သည် အသီးသီး လမ်းခွဲပြီး လမ်းသုံးသွယ်ထဲ သို့ ဝင်သွားလေသည်။

ကျွန်းဟူသည် စိတ်ပျက်သွားလေသည်။

သူသည် မည်သည့်လမ်းသို့ လိုက်ရမည်နည်း။

သူက စိတ်ပျက်စွာ ကြည့်နေစဉ်မှာပင် ထိုလူများသည် သူ၏ မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

* * *

ရှေ့တွင် လူနှစ်ယောက် ပြေးနေ၏။

နောက်မှ လူတစ်ယောက်က လိုက်နေ၏။

ပြေးသူနှင့်လိုက်သူမှာ ဝါးတစ်ရိုက်ခန့်သာ ကွာဝေးလေသည်။

နောက်မှလိုက်သူက မည်မျှပင် မြန်အောင်ပြေးလိုက်နေ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ရှေ့မှပြေးသူကလည်း ဝါးတစ်ရိုက်ခန့်အကွာကပင် ပြေးနေ၏။

လိုက်သူက ပိုမြန်အောင် မလိုက်နိုင်သကဲ့သို့ ပြေးသူကလည်း ပိုမြန်အောင် မပြေးနိုင်ပါ။

ရှေ့မှပြေးနေသူနှစ်ယောက်မှာ အညိုရောင်ဦးထုပ်၊ အညိုရောင် ဝတ်စုံ ဆင်တူဝတ်ဆင်ထားလေသည်။

နောက်မှလိုက်နေသူမှာ ကြေးစားလူသတ်သမား ချို့လုံပင် ဖြစ်လေသည်။

ချို့လုံသည် ခြေလှမ်းကို မြန်၍ပြေးလိုက်လာလျှင် ရှေ့မှ လူနှစ်ယောက်က ခြေလှမ်းကို မြန်၍ပြေး၏။

ချို့လုံက ခြေလှမ်းကို နှေးလိုက်လျှင် ရှေ့မှလူနှစ်ယောက်ကလည်း ခြေလှမ်းကို နှေးလိုက်၏။

ထိုသို့ ပြေးနေရာ အတန်ကြာသောအခါ ချို့လုံက မောလာပြီး လမ်းဘေးရှိ ကျောက်တုံးတစ်တုံးတွင် ထိုင်၍ အမောဖြေလိုက်၏။

ရှေ့မှပြေးနေသော လူနှစ်ယောက်ကလည်း ဝါးတစ်ရိုက်ခန့် အကွာမှာပင် ထိုင်၍ အမောဖြေနေ၏။

ချို့လုံက ဒေါသထွက်လာလေသည်။

ရှေ့မှ လူနှစ်ယောက်က သူ့အား မထီလေးစားပြုသဖြင့်လည်း ခံပြင်းလာသည်။

သူက ထ၍လိုက်လေသည်။



ရှေ့မှ လူနှစ်ယောက်ကလည်း ထ၍ပြေးလေသည်။

ဤသို့ဖြင့် သူတို့သည် ပြေးလိုက်၊ ထိုင်လိုက်၊ ထလိုက်ဖြင့် အချိန်ကြာလာသောအခါ ကြေးစားလူသတ်သမား ချို့လုံမှာ မဟန် နိုင်တော့ဘဲ မြေပေါ်သို့ အမောဆို့ လဲကျသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## သူတို့ဘယ်သူတွေလဲ

ကိုကျွန်းလုံသည် အလွန်အံ့ဩနေ၏။

ယခု သူ၏နောက်တွင် အရှေ့တွင် သူ၏ကိုယ်ပွားများမှာ ၁၀ ယောက်ကျော် ရှိနေ၏။

သူ၏ကိုယ်ပွားများ အဘယ်ကြောင့် ဤသို့များပြားစွာ ထွက်ပေါ်လာပါသနည်း။

ဤကိုယ်ပွားများကို သူကမသိပါ။

သူသိသည်မှာ အချုပ်ခန်းမှ ထွက်ပြေးလာပြီးကတည်းက ယခုအချိန်အထိ သူဆက်ပြေးနေရတုန်းပဲဖြစ်သည်။



သူသည် ကိုယ့်ကိုယ်ကို ရယ်ချင်လာသည်။

သူ့အား အချုပ်ခန်းမှ ကယ်တင်လာသူရှိသည်။

သူ့အား လိုက်သတ်နေသူများ ရှိသည်။

ယခုလည်း သူ၏ကိုယ်ပွားယောင်ဆောင်၍ လိုက်ကယ်နေသူများ ရှိ၏။

သူ့အား အချုပ်ခန်းမှ ကယ်တင်လာသူမှာ မည်သူဖြစ်ပါသနည်း။

သူ့အား လိုက်သတ်ရန် ငွေပေး၍ခိုင်းစေသူမှာ မည်သူဖြစ်ပါသနည်း။

ယခု သူ၏ကိုယ်ပွားများလွှတ်၍ သူ့အားကယ်တင်သူမှာ မည်သူဖြစ်ပါသနည်း။

ကိုကျွန်းလုံသည် စဉ်းစားရင်းဖြင့် ခေါင်းရှုပ်လာလေသည်။

သူအနည်းငယ် နားလည်ထားသည်မှာ ‘မျည်ရှုယ်ချက်မတူသော အုပ်စုနှစ်စု ထိပ်တိုက်တွေ့ပြီး အားချင်းပြိုင်နေခြင်းဖြစ်သည်။

သူက ဘေးမှ ကိုယ်ပွားတစ်ယောက်အား မေးလိုက်၏။

‘ဟေ့လူတွေ ခင်ဗျားတို့က ဘယ်သူတွေလဲ’

ထိုလူက လှည့်ပင်မကြည့်ပါ။

သူက ထပ်မံမေးလိုက်လေသည်။

‘အခု ခင်ဗျားတို့ ဘယ်သွားကြမှာလဲ’

ဘေးမှကိုယ်ပွားက သူ့အား လှည့်ကြည့်လိုက်သည်။

‘ကျုပ်တို့ဘယ်သူလဲဆိုတာ အရေးမကြီးဘူး ခင်ဗျားကို လိုက်ကယ်နေတယ်ဆိုမှတော့ ခင်ဗျားကို အန္တရာယ်ပြုမလားဗျ’

www.burmeseclassic.com

www.burmeseclassic.com



ကိုကျန်းလုံက–

'ထုတ်ပါတယ်... လိုက်ကယ်တဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ခင်များတို့က ဘယ်သူလဲဆိုတာ သိမှလည်း တစ်ချိန်မှာ ကျေးဇူးဆပ်နိုင်မှာပေါ့'

ကိုယ်ပွားက–

'ကောင်းပြီ အခု ခင်များကျုပ်တို့နောက်ကို လိုက်လာရင် ကျုပ်တို့ကို ကျေးဇူးဆပ်ပြီးသားဖြစ်ပြီ'

ကိုကျန်းလုံက–

'ဗျာ... ကျုပ်က ခင်များတို့နောက်ကို လိုက်ရမယ် ဟုတ်သလား ဘယ်နေရာလဲ'

ကိုယ်ပွားက–

'ခင်များအတွက် အန္တရာယ်မရှိမယ့်နေရာပါ'

ကိုကျန်းလုံက–

'အဲဒီနေရာကို အခုမပြောနိုင်ဘူးလား'

ကိုယ်ပွားက ကိုကျန်းလုံအား စိုက်ကြည့်လိုက်ပြီး'

'မိတ်ဆွေ... ခင်များရဲ့မေးခွန်းတွေ တော်တော်များနေပြီ'

ကိုကျန်းလုံက ပါးစပ်ပိတ်လိုက်ပြီး ထိုလူများနောက်မှ ထိုင် ဆိတ်စွာ လိုက်သွားရလေတော့သည်။

* * *



ကိုကျန်းလုံတို့ လူစုသည် ရွာကလေးတစ်ရွာသို့ ရောက်ရှိလာလေသည်။

ထိုရွာထဲသို့ ဝင်ရောက်မိသည်နှင့် ရွာသားတစ်ဦးက သူတို့အား မြင်းဇောင်းတစ်ခုသို့ ခေါ်သွားပြီး မြင်းများကို အဆင်သင့် ပေးအပ်လိုက်လေသည်။

ကိုကျန်းလုံတို့လူစုသည် မြင်းပေါ်သို့တက်ကြပြီး ထိုနေရာမှ ထွက်ခွာလာကြလေသည်။

ကိုကျန်းလုံသည် ထိုလူစု၏လှုပ်ရှားပုံ၊ စီစဉ်ပုံကို တွေ့လိုက်ရသောအခါ အလွန်စနစ်ကျသော လက်ရွေးစင်အဖွဲ့တစ်ဖွဲ့ဖြစ်မည်ဟု ခန့်မှန်းမိလေသည်။

ထို့ကြောင့် ထိုလူစုအား အထင်မသေးဝံ့ပါ။

ထိုလူစုသည် မြင်းများကို စတင်ထွက်ခွာကတည်းက ကိုကျန်းလုံအား အလယ်တွင်ထားကာ ရှေ့နောက်ဝဲယာ ဝိုင်းရံထားပြီး ဖြစ်လေသည်။

ကိုကျန်းလုံသည် ယခုမှပင် ရင်ထိတ်သွားလေသည်။

ထိုလူစုအပေါ်တွင်လည်း သံသယဝင်လာလေသည်။

ဤလူများသည် မိမိအား ကယ်တင်လိုက်ခြင်းမှာ ရည်ရွယ်ချက်တစ်ခုခုရှိသောကြောင့် ဖြစ်ရမည်ဟု တွေးမိလာလေသည်။

သူက ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ် ကြည့်ရှုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်မှာ ထွင်ပြင်များသာဖြစ်သောကြောင့် ထွက်ပြေးရန် မလွယ်ကူလှ၊ နားလည်လိုက်လေသည်။

ထို့ကြောင့် ထိုလူများခေါင်းဆောင်ရာသို့ စိတ်ပျက်စွာ အသာ ယာကြည် လိုက်သွားရန်သာ ရှိတော့သည်။

ကိုကျုန်းလုံကဲ့သို့ပင် လူတစ်ယောက်ကလည်း ထိုအခြေအနေကို စိတ်ပျက်သွားလေတော့သည်။

* * *

ကြောပါချေ။

ကိုကျုန်းလုံတို့လူစုသည် ချောင်းတစ်ခုရှိရာသို့ ရောက်ရှိလာ လေသည်။

ချောင်းရေသည် ဒူးဆစ်ခန့်မျှသာ ရှိလေသည်။

မြင်းများသည် အရှိန်ပြင်းစွာဖြင့် ချောင်းကိုဖြတ်၍ တဖက်ကမ်း ရှိရာသို့ ပြေးလွှားကူးသွားကြလေသည်။

မြင်းခွာများ၏ရိုက်ခတ်မှုကြောင့် ရေများသည် မြင်းပေါ်မှ လူများ အား တစ်ကိုယ်လုံး စိုရွှဲစေ၏။

—မြင်းများသည် ချောင်းထဲသို့ အလုအယက် ပြေးဆင်းသွားသော



အခါ တစ်စုံတစ်ယောက်က ကိုကျုန်းလုံမြင်း၏ တင်ပါးကို ကြာပွတ် ဖြင့် ရိုက်လိုက်လေသည်။

ကိုကျုန်းလုံ၏မြင်းသည် အလွန်နာကျင်သောကြောင့် တဘက် ကမ်းသို့ တဟုန်ထိုးပြေးသွားလေ၏။

ထိုမြင်းက ထိတ်လန့်စွာ တဟုန်ထိုးပြေးနေသောကြောင့် အခြား မြင်းများကလည်း ထိတ်လန့်ကာ ခြေဦးတည့်ရာ ကစဉ့်ကလျား ပြေးကုန် ကြလေသည်။

မြင်းများသည် ထိန်းချုပ်မှုမရှိသောကြောင့် အချင်းချင်း တိုက်မိ ပြီး မြင်းပေါ်မှလူအချို့သည် ရေထဲသို့ ကျသွားကြလေသည်။

သူတို့သည် မြင်းများကို ငြိမ်သက်စွာထိန်းလိုက်နိုင်ချိန်၌ ကိုကျုန်း လုံနှင့် အခြားမြင်းတစ်ကောင်သည် တဘက်ကမ်းသို့ ရောက်ရှိသွားပြီး ဖြစ်သည်။

ထိုအဖွဲ့၏ ခေါင်းဆောင်က ထိတ်လန့်သွားလေသည်။

'ဟော… ကိုကျုန်းလုံ ထွက်ပြေးသွားပြီ မြန်မြန်လိုက်ကြစမ်း'

ငယ်သားတစ်ယောက်က–

'စိတ်မပူပါနဲ့ဆရာ ကျုန်တော်တို့လူတစ်ယောက် သူ့နောက်မှာ ပါသွားပါပြီ'

ခေါင်းဆောင်က လှမ်းကြည့်လိုက်ရာ ကိုကျုန်းလုံ၏မြင်းနောက် တွင် သူတို့လူတစ်ယောက်၏ မြင်းက ထပ်ကြပ်မခွာ ပါသွားသည်ကို တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



‘အေး... ဒါဆိုလည်း မီအောင်အမြန်လိုက်ကြမယ်’

ခေါင်းဆောင်ဖြစ်သူသည် ပြောပြီးသည်နှင့် မြင်းကို အရှိန်ပြင်းစွာ မောင်းနှင်ပြီး ရှေ့ဆုံးမှ လိုက်သွားလေသည်။

* * *

# ကယ်တင်ရှင်

ကိုကျန်းလုံသည် မြင်းကို အရှိန်ပြင်းစွာ မောင်းနှင်နေ၏။

သူ၏နောက်တွင် သူ၏ကိုယ်ပွားတစ်ယောက် လိုက်သည်ကို သတိပြုမိလေသည်။

သူက ထိတ်လန့်သွားလေသည်။

မြင်းကို အရှိန်မြှင့်လိုက်ပြီး တောအုပ်ထဲသို့ ပြေးဝင်သွားလေသည်။

သို့သော်—

တောအုပ်ထဲသို့ ရောက်သောအခါ သူ့ရှေ့တွင် ဆူးပင်ချုံပင်

www.burmeseclassic.com

www.burmeseclassic.com



များ ဝိတ်နေသည်ကို တွေ့လိုက်ရလေသည်။

သူက မြင်းကို ရပ်တန့်လိုက်ပြီး မည်သို့ထိုးဖောက်ရမည်ကို တွေးနေ၏။

ထိုအချိန်မှာပင် သူ့နောက်မှ လိုက်လာသောသူက သူ့အနားသို့ ရောက်လာပြီး–

'မြန်မြန်လာ'

ဟု ပြောပြီး ရှေ့မှ ဦးဆောင်ခေါ်သွားလေသည်။

ထိုအချိန်မှာပင် မြင်းခွာသံသဲ့သဲ့ ကြားလိုက်ရလေသည်။

ကိုကျန်းလုံက မည်သို့မျှမတတ်နိုင်တော့ဘဲ ထိုလူခေါ်ဆောင်ရာ နောက်သို့ လိုက်သွားရလေတော့သည်။

ထိုလူသည် ဤတောအုပ်အား အလွန်ကျွမ်းကျင်ပုံရလေသည်။

မကြာမီမှာပင် တောအုပ်အပြင်သို့ ရောက်လာလေသည်။

ယခု သူတို့ရှေ့တွင် လမ်းမကြီးတစ်ခု ရှိသည်ကို တွေ့လိုက်ရလေသည်။

'မိတ်ဆွေ ခင်ဗျားကဘယ်သူလဲ'

ကိုကျန်းလုံက မေးလိုက်ခြင်းဖြစ်သည်။

ထိုလူက ပြုံးလိုက်ပြီး–

'ကျုပ်က တခြားလူပါ'

ကိုကျန်းလုံက–

'တခြားလူ ဟုတ်လား'



ထိုလူက–

'ဟုတ်ပါတယ်၊ အခုက ခင်ဗျားကို လိုက်သတ်တဲ့အုပ်စုတစ်စုနဲ့ ခင်ဗျားကို လိုက်ကာယ်နေတဲ့ အုပ်စုတစ်စုရှိတယ်လေ ကျုပ်က အဲ့ဒီ နှစ်စုလုံးမှာ မပါဝင်တဲ့ တခြားလူပါ'

ကိုကျန်းလုံက–

'ဒါဖြင့်... ခင်ဗျားက ဘာကြောင့် သူတို့နဲ့လိုက်လာတာလဲ'

ထိုလူက–

'ကျုပ်က သူတို့လူအဖြစ် ဟန်ဆောင်ထားတာ'

ကိုကျန်းလုံက ပြုံးလိုက်လေသည်။

'ဒါဖြင့် ချောင်းကိုဖြတ်ကူးတုန်းက ကျုပ်မြင်းရဲ့တင်ပါးကို ရိုက်လိုက်တာ ခင်ဗျားပေါ့'

ထိုလူက–

'ဟုတ်ပါတယ်'

ကိုကျန်းလုံက–

'အခုလို ကျုပ်ကို ဟိုလူစုလက်ထဲက ကယ်တင်လာတာ ဘာကြောင့်လဲ'

ထိုလူက–

'ကယ်ချင်လို့ပေါ့'

ကိုကျန်းလုံက–

'မဖြစ်နိုင်ဘူး ဒီလိုခက်ခဲတဲ့အလုပ်ကို ဘယ်သူက အလကား

www.burmeseclassic.com

www.burmeseclassic.com



အပင်ပန်းခံပြီး လုပ်မှာလဲ'

ထိုလူက—

'ဟုတ်ပါတယ် ကျုပ်က ခင်ဗျားကို အကြောင်းမဲ့သက်သက်တယ်တာမဟုတ်ပါဘူး'

ကိုကျန်းလုံက—

'ဒါဖြင့် ဘာကြောင့်ကယ်တာလဲ'

ထိုလူက—

'ငွေကြောင့်ပေါ့ဗျ'

ကိုကျန်းလုံက—

'ဘာ... ငွေဟုတ်လား'

ထိုလူက ခေါင်းညိတ်လိုက်လေသည်။

ကိုကျန်းလုံက—

'ကျုပ်မှာ ငွေမရှိတော့ဘူး'

ထိုလူက—

'ခင်ဗျားက ကျုပ်ကို ငွေမပေးနိုင်ရင် ကျုပ်က ငွေပေးနိုင်တဲ့ မြို့တော်ဝန်ဆီမှာ ခင်ဗျားကိုအပ်လိုက်မှာပေါ့ဗျ'

ကိုကျန်းလုံက ထိတ်လန့်သွားလေသည်။

'ဟာ... မြို့တော်ဝန်ဆီကိုတော့ မပို့ပါနဲ့ဗျာ'

ထိုလူက လှောင်ပြုံးပြုံးလိုက်လေသည်။

'အို... ခင်ဗျားမှာမှ ငွေမရှိတာ၊ ကျုပ်ကငွေလိုချင်နေတာဗျ'



ကိုကျန်းလုံက အတန်ကြာ စဉ်းစားပြီးမှ—

'ခင်ဗျားကို ကျုပ်က မြို့တော်ဝန်ဆုငွေရဲ့ တစ်ဆ ငွေပိုပေးပါ့မယ်'

ထိုလူက ကိုကျန်းလုံအား စိုက်ကြည့်လိုက်သည်။

'ခင်ဗျားမှာ ငွေမရှိဘူးဆို'

ကိုကျန်းလုံက ပြုံးပြလိုက်သည်။

'ဟုတ်ပါတယ်... ကျုပ်ဆီမှာတော့ ငွေမရှိပါဘူး။ ဒါပေမယ့် လူတစ်ယောက်ဆီက သွားယူပေးပါ့မယ်'

ထိုလူက ပြုံးလိုက်သည်။

'ဒါလဲကောင်းတာပဲ ဘယ်တော့သွားယူမှာလဲ'

ကိုကျန်းလုံက—

'သွားတာကတော့ အခုသွားမှာပါ ဒါပေမယ့် ကျုပ်ကို သုံးရက်အချိန်ပေးရမယ်'

ထိုလူက—

'အို... ငွေသာရပါစေ သုံးရက်မကဘူး ငါးရက်လည်း စောင့်မှာပဲ'

ကိုကျန်းလုံက တစ်ချက်ပြုံးလိုက်လေသည်။

သူ၏အပြုံးမှာ ကောက်ကျစ်သောအပြုံး ဖြစ်လေသည်။

'ကဲ... ဒါဆို ကျုပ်ကိုသွားခွင့်ပြုပါဦး'

သူကပြောရင်း မြင်းကို အလွန်လျင်မြန်စွာ မောင်းနှင်သွားလေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

* * *

ကိုကျွန်းလုံသည် မြင်းကို အရှိန်ပြင်းစွာ မောင်းနှင်နေ၏။

သူသည် မြင်းစီးကျွမ်းကျင်သူဖြစ်ပြီး မြင်းကို ကောင်းစွာ ထိန်းသိမ်းနိုင်သူဖြစ်သည်။

သူသည် မြင်းကို ကောင်းစွာထိန်း၍ အလျှင်အမြန် မောင်းနှင်သွားရာ လီပေါင်း ၅၀ ခန့် ရောက်လာသောအခါ မြင်းကို ရပ်တန့်လိုက်လေသည်။

'အင်း... ဟိုလူတော့ လိုက်လာနိုင်မှာမဟုတ်တော့ဘူး'

ထိုအချိန်မှာပင် လက်ခုပ်သံထွက်ပေါ်လာလေသည်။

'ဖြောင်း... ဖြောင်း... ဖြောင်း'

ကိုကျွန်းလုံသည် ရင်ထိတ်သွားပြီး နောက်သို့လှည့်ကြည့် လိုက်လေသည်။

သူ့ထံမှ ငွေတောင်းသောသူသည် သူ၏နောက်တွင် ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူက သူ့အား ပြုံးပြလိုက်သည်။

'ခင်ဗျားက တော်တော်လေး မြင်းစီးကျွမ်းကျင်တာပဲ ဒါပေမယ့် ကျုပ်ကတော့ လိုက်လာနိုင်တယ်လေ'



ကိုကျွန်းလုံသည် ထိတ်လန့်ရာမှ ဒေါသထွက်လာလေသည်။

သူက မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး ထိုလူအား တဆက်တည်း ထိုးနှက်လိုက်လေသည်။

ထိုလူက မြင်းကိုဆွဲ၍ အသာအယာ ရှောင်တိမ်းလိုက်ရာ ကိုကျွန်းလုံသည် မြေပေါ်သို့ လဲကျသွားလေသည်။

ထိုလူက မြင်းပေါ်မှ ခုန်ဆင်းလိုက်လေသည်။

ကိုကျွန်းလုံက မြေပေါ်မှ ပြန်ထလာပြီး ဖြစ်လေသည်။

'ခင်ဗျားက ကျေးဇူးကန်းတာလား'

ကိုကျွန်းလုံက–

'ကျေးဇူးကန်းချင်လို့ မဟုတ်ပါဘူး'

ထိုလူက–

'ဒါဖြင့် ဘာကြောင့် ကျုပ်ကိုတိုက်ခိုက်ရတာလဲ'

ကိုကျွန်းလုံက–

'ခင်ဗျားက ကျုပ်နောက်ကလိုက်လာတာကိုး'

ထိုလူက–

'ဟာ... ကျုပ်ကိုငွေပေးမယ့်လူနောက်ကို လိုက်တာ ဘာဖြစ်သလဲ'

ကိုကျွန်းလုံက–

'ကျုပ်သွားမယ့်ဆီကို ခင်ဗျားလိုက်လာလို့မရလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက ချောင်ပြုံးပြုံးလိုက်လေသည်။

'ကျွန်တော့် ငွေမရမချင်း ခင်ဗျားနောက်က လိုက်လာမှာပဲ'

ထိုလူက မြင်းဇါလည်ပင်းမှ အထုပ်ကလေးတစ်ထုပ်အား ဖြုတ်

ယူလိုက်လေသည်။

'ရော... ခင်ဗျားအဝတ်အစားတွေလဲလိုက်ပါ'

ကိုကျွန်းလုံက လှမ်းယူပြီး ကြည့်လိုက်ရာ အပြာရောင် စာပေ

သမားဝတ်စုံဖြစ်သည်ကို တွေ့လိုက်ရလေသည်။

သူက အညိုရောင်ဝတ်စုံကို ချွတ်လိုက်ပြီး အပြာရောင်စာပေ

သမားဝတ်စုံကို ဝတ်ဆင်လိုက်လေသည်။

ထို့နောက် အပြာရောင်စာပေသမားဦးထုပ်ကို ဆောင်းလိုက်ရ

သိုင်းသမားနှင့်မတူတော့ဘဲ စာပေသမားတစ်ယောက်နှင့် တူသွား

လေတော့သည်။

ထိုလူကလည်း သူ၏ကိုယ်ပေါ်မှ အညိုရောင်ဝတ်စုံကို ချွတ်

လိုက်လေသည်။

ယခု သူဝတ်ဆင်ထားသည်မှာ အနက်ရောင်ဝတ်စုံ ဖြစ်

လေသည်။

သူတို့သည် အညိုရောင်ဝတ်စုံများကို တွင်းတူး၍ မြှုပ်ထား

ရှေ့သို့ ခရီးဆက်ထွက်လာကြလေသည်။

* * *



ညနေ။

နေလုံးကြီးသည် ကမ္ဘာမြေပေါ်မှ ထွက်ခွာရန် နှုတ်ဆက်နေ

လေပြီ။

သူ၏လက်ကျန်အလင်းရောင်ဖြင့် ကမ္ဘာကြီးအား လှပရန်

အစွမ်းကုန် ကြိုးစားပေးနေ၏။

လှသူရှင်းလင်းသော တည်းခိုခန်းတစ်ခုဖြစ်သည်။

ဤတည်းခိုခန်းသည် ဤမြို့တွင်ရှိသော တည်းခိုခန်းအားလုံး

အနက် ဈေးအသက်သာဆုံးနှင့် အညံ့ဆုံးတည်းခိုခန်းဖြစ်သည်။

ထို့ကြောင့် စားသောက်တည်းခိုသူ အလွန်ရှား၏။

ထိုတည်းခိုခန်း၏ ချောင်ကျသောစားပွဲတွင် စာပေသမား

တစ်ယောက်နှင့် အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသူတစ်ယောက်တို့

သည် မျက်နှာချင်းဆိုင်ထိုင်၍ စားသောက်နေကြလေသည်။

စာပေသမားမှာ ကိုကျွန်းလုံပင် ဖြစ်သေသည်။

ကိုကျွန်းလုံက အနက်ရောင်ဝတ်ဆင်ထားသူအား ကြည့်လိုက်ပြီး

အရက်ခွက်ကို မြှောက်ပြလိုက်လေသည်။

'မိတ်ဆွေ... ကျုပ်က ခင်ဗျားကို ဘယ်လိုခေါ်ရမှာလဲဗျ'

ထိုလူက–

'ခင်ဗျား ခေါ်ချင်သလိုသာခေါ်ပါဗျာ'

ကိုကျွန်းလုံက–

'ဘယ်ဖြစ်မလဲဗျ... လူဆိုတာ ကိုယ်ပိုင်နာမည်တစ်ခုတော့

www.burmeseclassic.com

www.burmeseclassic.com



ရှိရမယ်ဗျ'

ထိုလူက–

'ကျွန်နာမည်ကိုတော့ ကျုပ်မေ့နေပြီ ဒါပေမယ့် ကျုပ်ကို နှစ်ဆဲ့ကျော်ကသတဲ့ မြင်းစီးပြိုင်ပွဲမှာတော့ "မြင်းကလေး"လို့ ခေါ်တယ်'

ကိုကျန်းလုံက မျက်လုံးပြူးသွားလေသည်။

'ဟာ... ခင်ဗျားက သိုင်းသမားရှောင်မားပေါ့'

ထိုလူက ခေါင်းညိတ်ပြလိုက်လေသည်။

ကိုကျန်းလုံက–

'ဝမ်းသာလိုက်တာဗျာ ဒါပေမယ့် ခင်ဗျားကျုပ်ကို လိုက်ကယ်နေတာ ငွေအတွက်တော့ မဖြစ်နိုင်ဘူး'

ရှောင်မားက သက်ပြင်းချလိုက်လေသည်။

'ခင်ဗျားကလည်း သိုင်းသမားရှောင်မားဆိုတဲ့လူက ငွေမလိုရဘူးတဲ့လား'

ကိုကျန်းလုံက–

'ဒါဆို တကယ်ပဲ ကျုပ်ကိုကယ်တာ ငွေလိုလို့ပေါ့'

ရှောင်မားက–

'ဟုတ်ပါတယ် ကျုပ်ဒီတစ်ခါ ငွေအရမ်းလိုနေလို့ပါ'

ကိုကျန်းလုံက–

'ကောင်းပြီလေ မနက်ဖြန် ငွေရအောင် တောင်းပေးပါ့မယ်

* * *



အရုဏ်ဦးအချိန်ဖြစ်သည်။

တည်းခိုခန်းထဲမှ ကိုကျန်းလုံနှင့် ရှောင်မားတို့သည် မြင်းကိုယ်စီ စွဲ၍ ထွက်လာကြလေသည်။

ကိုကျန်းလုံသည် ရှောင်မားအား ခေါ်ဆောင်သွားပြီး လူ တစ်ယောက်ထံတွင် ငွေတောင်းပေးရန် ဖြစ်သည်။

'ကိုကျန်းလုံ ကျုပ်တို့အခုသွားမှာ ဘယ်သူ့ဆီလဲဗျ'

ကိုကျန်းလုံက–

'သူ့နာမည်ကိုတော့ ကျုပ်မသိဘူး၊ ဒါပေမယ့် သူက တစ်ချိန် တုန်းက ပင်လယ်ဓားပြတစ်ယောက်ပေါ့၊ အခုတော့ ဘာလုပ်သလဲ သိဘူး၊ ဒါပေမယ့် သူက တော်တော်လေးချမ်းသာတယ်ဗျ'

ရှောင်မားက မျက်မှောင်ကုတ်သွားလေသည်။

'ဟင်... ခင်ဗျားက သူ့နာမည်လည်း မသိဘူး၊ ဘာလုပ်ကိုင် သလဲဆိုတာလဲ မသိဘူးဆိုတော့ ဘယ်လိုတောင်းမှာလဲဗျ'

ကိုကျန်းလုံက မချိပြုံး ပြုံးလိုက်လေသည်။

'ဟုတ်ပါတယ်... အမှန်ပြောရရင် ကျုပ်က ကိစ္စတစ်ခုအတွက် သူ့ဆီက ငွေရစရာရှိနေလို့ပါ၊ သူ့ဆီကို သွားရင် သင်္ကေတနဲ့ တံခါး ခေါက်ရင် သူနားလည်မှာပါ'

ရှောင်မားက ထိုကိစ္စအား စိတ်မဝင်စားဟန်ဖြင့်–

'အင်းလေ... ခင်ဗျားတောင်းလို့ရရင်လဲ ပြီးတာပါပဲ'

ဒါနဲ့ ကျုပ်ကိုဘယ်လောက်ပေးမှာပဲဗျ'

www.burmeseclassic.com

www.burmeseclassic.com



ကိုကျွန်းလုံက–

'မြို့တော်ဝန်ရဲ့ တစ်ဆယ်ပိုပေးတော့ နှစ်ထောင်ပေါ့'

ရှောင်မားက ခေါင်းခါယမ်းလိုက်လေသည်။

'အခု မရတော့ဘူးဗျ'

ကိုကျွန်းလုံက–

'ဘာဖြစ်လို့လဲ'

ရှောင်မားက–

'အခု ခင်ဗျားကိုဖမ်းပေးနိုင်ရင် ဆုငွေငါးသောင်းရမယ်လို့ လုယ...

မြို့စားကြီးက သူ့တပည့်တွေကို ကြေညာလိုက်ပြီလေ'

ကိုကျွန်းလုံက–

'လုယန်မြို့စားကြီးက ဘာဖြစ်လို့ ကျုပ်ကိုဖမ်းချင်ရတာလဲ'

ရှောင်မားက မျက်မှောင်ကုတ်သွားလေသည်။

'ခင်ဗျားက လုယန်မြို့စားကြီးကို မသိဘူးလား'

ကိုကျွန်းလုံက–

'ဟင့်အင်း မသိဘူး'

ရှောင်မားက အံ့သြသွားလေသည်။

'ခင်ဗျားနဲ့သူနဲ့ မသိဘဲ ဘာဖြစ်လို့ သူက လူလွှတ်သတ်နိုင်...

ရတာလဲ'

ကိုကျွန်းလုံ၏ မျက်ခုံးမွေးအစုံသည် နဖူးပေါ်သို့ မြင့်တက်သွား...

လေသည်။



'ဒါဖြင့်... ချန်ကျန်းမြစ်က ကြေးစားသုံးယောက်က လုယန်

မြို့စားရဲ့လူပေါ့ ဟုတ်လား'

ရှောင်မားက–

'ဟုတ်တယ်'

ကိုကျွန်းလုံက တွေဝေသွားလေသည်။

'သူကဘာလို့ ကျုပ်ကိုသတ်ချင်ရတာလဲ'

ရှောင်မားက–

'ဒါတော့ ကျုပ်လည်းမသိဘူးလေ'

သူက စကားဆက်လိုက်လေသည်။

'ဒါနဲ့ ခင်ဗျားအရင်ကကော လုယန်မြို့စားကြီးကို ကြားဖူး

သလား'

ကိုကျွန်းလုံက–

'မကြားဖူးဘူး။ အမှန်တော့ ကျုပ်က ဒီနယ်သားမဟုတ်ပါဘူး

ဒါကြောင့်လည်း ဒီနယ်မြေကို မကျွမ်းကျင်ဘူး'

ရှောင်မားက–

'ဒါဖြင့်... သူဌေးကြီးကျုန်းကုန်းပါကို သတ်ခိုင်းတာကကော

ဘယ်သူလဲ'

ကိုကျွန်းလုံက ခေါင်းခါယမ်းလိုက်သည်။

'ဒါတော့ ကျုပ်မပြောပါရစေနဲ့ ကျုပ်တို့မှာ ဒီစည်းကမ်းကိုတော့

စောင့်ထိန်းရပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မားက ပုခုံးတွန့်လိုက်လေသည်။

'ရုပ်ဆိုတာ ကျုပ်အနေနဲ့က ငွေရရင်ပြီးတာပါပဲ'

သူသည် ကိုကျွန်းလုံအား စိုက်ကြည့်လိုက်သည်။

'အဲဒီ့ ခင်ဗျားကို သတိပေးရဦးမယ်'

ကိုကျွန်းလုံက မျက်မှောင်ကုတ်၍-

'ဘာများလဲ'

ရှောင်မားက-

'ခင်ဗျားကသာ ခင်ဗျားကိုနိုင်းတဲ့လူအပေါ် သစ္စာရှိနေတာ-သူကတော့ နှုတ်ပိတ်ဖို့ကြိုးစားနေတယ်ဆိုတာ ကျုပ်ပြောရဲတယ်'

ကိုကျွန်းလုံက-

'ခင်ဗျားက ဘာအထောက်အထားနဲ့ ပြောနေတာလဲ'

ရှောင်မားက-

'အထောက်အထားပြနေစရာမလိုပါဘူး အမြင်ကရှင်းနေတာပဲဥစ္စာ'

ကိုကျွန်းလုံက-

ကျုပ်နားမလည်ဘူး'

ရှောင်မားက-

'ဒါဖြင့် ကျုပ်တစ်ခုမေးမယ်'

'မေးပါ'

ရှောင်မားက-



'ခင်ဗျားက ဒီနယ်သားမဟုတ်တာ သေချာလား'

'သေချာပါတယ်'

'ဒီနယ်မှာ ခင်ဗျားရဲ့ရန်သူကော ရှိသလား'

'မရှိပါဘူး'

ရှောင်မားက-

'အဲ... အဲ့ဒါရှင်းနေတာပဲ... ခင်ဗျားက ဒီနယ်သားမဟုတ်ဘူး။ ရန်သူလဲမရှိဘူး ဒီတော့ ခင်ဗျားကိုနိုင်းတဲ့လူက နှုတ်ပိတ်ချင်လို့ ပြီးတော့ ငွေမပေးချင်လို့ဆိုတာ တွေးလို့ရနေတာပဲ'

ကိုကျွန်းလုံက-

'အင်း... ခင်ဗျားပြောမှပဲ ကျုပ်လည်း စဉ်းစားမိတယ်၊ ဒါမေမယ့် ကျုပ်ကိုလိုက်ကယ်တဲ့လူစုကကော ကျုပ်ကိုနိုင်းတဲ့လူက လွှတ်တာမဖြစ်နိုင်ဘူးလား'

ရှောင်မားက ခေါင်းခါယမ်းလိုက်သည်။

'မဖြစ်နိုင်ဘူး'

ကိုကျွန်းလုံက-

'ဘာဖြစ်လို့လဲ'

ရှောင်မားက-

'ကျုပ်အထင်တော့ ဒီလူစုဟာ မင်းမှုထမ်းတွေဖြစ်ရမယ်'

ကိုကျွန်းလုံက-

'ခင်ဗျားက ဘာဖြစ်လို့ ထင်ရတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မားက–

'သူတို့ရဲ့လှုပ်ရှားမှုတွေဟာ စည်းစနစ်ရှိတယ်၊ တိကျတယ်၊ သပ်ရပ်တယ်။ ဒါကြောင့် မင်းမှုထမ်းလို့ထင်တာပါ'

ကိုကျန်းလုံက–

'ဒါဖြင့် ဘာကြောင့် ကျုပ်ကိုလိုက်ကယ်ရတာလဲ'

ရှောင်မားက ပြုံးလိုက်လေသည်။

'ခင်ဗျားက အခုအချိန်မှာ အလွန်အရေးကြီးတဲ့ သက်သေတစ်ယောက် ဖြစ်နေလို့ပေါ့'

သူက စကားဆက်လိုက်လေသည်။

'သူဌေးကြီး ကျန်းကုန်းပါအမှုမှာ ကျောက်စိမ်းဟင်္သာရုပ်က ပါဝင်နေတယ်၊ ဒါကြောင့် သူဌေးကြီးကို ဘယ်သူကသတ်နိုင်းတာလဲ ဆိုတာ ခင်ဗျားပဲသိတယ်၊ ခင်ဗျားအသတ်ခံရရင် တရားခံပျောက်သွားမှာပါ။ သူတို့က တရားခံအစစ်ကို လိုချင်လို့ ခင်ဗျားကို လိုက်ကာကွယ်ပေးနေတာပေါ့'

ကိုကျန်းလုံက–

'ကျုပ်တော့ ခင်ဗျားပြောတာဲယုံချင်လာပြီ'

'ယုံလိုက်စမ်းပါဗျာ'

'ဒါနဲ့ ကျောက်စိမ်းဟင်္သာရုပ်နဲ့ သူဌေးကြီးက ဘာပတ်သက်နေလို့လဲ'

—'ဒါတော့ ကျုပ်မသိဘူး။ ဒါပေမယ့် ဒီအရုပ်ကို ဘုရင်မင်းမြတ်



က စိတ်ဝင်စားနေတာပဲ သိတယ်'

'ဘုရင်မင်းမြတ်က ဘာကြောင့် စိတ်ဝင်စားနေရတာလဲ'

'ဒါတော့ အခုမပြောနိုင်ဘူး။ ဒီအမှုနဲ့ပတ်သက်ပြီး ဘုရင်မင်းမြတ်က တရားသူကြီးတစ်ဦးကို တိတ်တဆိတ် လွှတ်လိုက်တဲ့သတင်းကိုတော့ ကျုပ်ကြားခဲ့တယ်'

'ဩော်... ကျုပ်က ကံဆိုးမှာလား၊ ကံကောင်းမှာလား မသိဘူးနော်'

* * *

မိုးစင်စင်လင်းလာပြီဖြစ်သည်။

မြင်းနှစ်ကောင်သည် အရှိန်ပြင်းစွာ မောင်းနှင်နေ၏။

အတန်ကြာသောအခါ ချောင်းကလေးတစ်ခုသို့ ရောက်ရှိလာလေသည်။

မြင်းက မမောသော်လည်း မြင်းပေါ်မှ လူများမှာ မောနေ၏။ ထိုလူနှစ်ယောက်မှာ ရှောင်မားနှင့် ကိုကျန်းလုံပင် ဖြစ်သည်။ သူတို့နှစ်ယောက်သည် ညက စကားကောင်းနေသောကြောင့် ညှိနက်မှ အိပ်ရပြီး နံနက်အစောကြီး ထလာရသောကြောင့် နွမ်းနယ်နေ၏။ ထို့ကြောင့် ချောင်းကလေးတွင် မျက်နှာသစ်ရန် ဆုံးဖြတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မြင်းပေါ်မှ ခုန်ဆင်းလိုက်လေသည်။

ရှောင်မားသည် ချောင်းရေကို လက်နှစ်ဖက်နှင့် ပွံ၍ ယူသောက်နေရင်း အရာဝတ္ထုတစ်ခုသည် သူ၏ဦးခေါင်းအား ပြင်းထန်စွာ ရိုက်ချလိုက်သည်ကို ခံစားရပြီးနောက် လောကကြီးနှင့် ခေတ္တ အဆက်ပြတ်သွားလေတော့သည်။

* * *

ကိုကျွန်းလုံသည် ရှောင်မားလဲကျသွားသည်ကို မြင်မှ သက်ပြင်းရှည်ချလိုက်လေသည်။

သူ့လက်ထဲမှ သစ်ကိုင်းခြောက်ကိုလည်း လွှင့်ပစ်လိုက်လေသည်။

သူသည် ရှောင်မားအား အယုံသွင်းပြီး ယခုကဲ့သို့ အလစ်တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

သူသည် မြင်းပေါ်သို့ ခုန်တက်လိုက်ပြီး အပြင်းမောင်းနှင်သွားလေသည်။

လီပေါင်း ၅၀ ခန့်သွားပြီးသောအခါ အလွန်ကျယ်ဝန်းသော ခြံတစ်ခုရှိရာသို့ ရောက်ရှိလာလေသည်။



သူက မြင်းပေါ်မှဆင်းပြီးနောက် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ရာ ရင်ထိတ်သွားလေသည်။

ရန်သူများလေးဘက်လေးတန်မှ ဝိုင်းရံထားခြင်းလော။

မဟုတ်ပါ။

ယခင်ကဲ့သို့ လူစည်ကားခြင်းမရှိသောကြောင့် ဖြစ်သည်။

သူက ပတ်ဝန်းကျင်ကို သေချာစွာ အကဲခတ်ကြည့်လိုက်၏။

ခြံဝင်းတစ်ခုလုံးမှာ တိတ်ဆိတ်၍ လူသံပင် မကြားရပါ။

သူသည် တံခါးမကြီးရှိရာသို့ လျှောက်သွားပြီး သံကွင်းအား သုံးချက် အဆက်မပြတ်ခေါက်လိုက်၏။

'ဖွီ့… အိမ်ရှင်တို့'

'အိမ်ရှင်တို့ ရှိသလားခင်ဗျာ'

သူက ယင်းသို့ သုံးလေးကြိမ် အော်ခေါ်ပြီးသောအခါ တံခါးမကြီးတစ်ခြမ်း ပွင့်သွားလေသည်။

မိန်းကလေးတစ်ယောက် ထွက်လာလေသည်။

ထိုမိန်းကလေးမှာ သူ၏မိတ်ဆွေ ဝမ်းလုံ၏သမီး ဝမ်းယွီပင် ဖြစ်လေသည်။

သူမသည် ကိုကျွန်းလုံအား မြင်သောအခါ ရုတ်တရက် ကြောင်သွားလေသည်။

တခဏကြာတော့မှ–

'ဩော်… ရှင်ကိုး'

www.burmeseclassic.com

www.burmeseclassic.com



ကိုကျွန်းလုံက–

'ဟုတ်ပါတယ် ကျွဝ်ပါ... ဒါနဲ့ မင်းအဖေရှိသလား'

ဝမ်းယို့က–

'ရှင်က ဖေဖေနဲ့တွေ့ချင်လို့ ဟုတ်လား'

ကိုကျွန်းလုံက–

'ဟုတ်ပါတယ်'

'ဘာကိစ္စရှိလို့လဲရှင့်'

'သူနဲ့ချိန်းထားလို့ပါ'

'ဖေဖေက ရှင်နဲ့တွေ့ဖို့ ချိန်းထားတယ် ဟုတ်လား'

'ဟုတ်ပါတယ်၊ မင်းအဖေအခု အိမ်မှာရှိသလား'

ဝမ်းယို့က အနည်းငယ် စဉ်းစားလိုက်ပြီး–

'ရှိပါတယ်၊ အိမ်ထဲကြွပါဦးရှင့်'

သူမက ပြောပြီး ကိုယ်ကို ယို့ပေးလိုက်သည်။

ကိုကျွန်းလုံအား အထဲသို့ ဝင်စေပြီး တံခါးမကြီးကို ပြန်ပိတ်လိုက်လေသည်။

ထို့နောက် ဧည့်ခန်းထဲသို့ ဦးဆောင်ခေါ်သွားလေသည်။

'ဒီမှာခဏထိုင်ပါဦးနော်၊ ကျွန်မသွားခေါ်လိုက်ပါဦးမယ်'

သူမက နောက်ဘက်ခန်းဆီသို့ ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်သွားလေတော့သည်။

* * *



ကိုကျွန်းလုံသည် အခန်းထဲတွင် တိတ်ဆိတ်စွာ ထိုင်နေ၏။

တခဏအကြာတွင် ဝမ်းယို့သည် လက်ဖက်ရည်ကြမ်း ဗန်းကို ကိုင်၍ ဝင်လာလေသည်။

ကိုကျွန်းလုံရှေ့ရှိ စားပွဲပေါ်တွင် ချပေးလိုက်ပြီး–

'လက်ဖက်ရည်ကြမ်းသောက်ပါဦးရှင့် ဖေဖေအခုပဲ လာပါလိမ့်မယ်'

သူမကပြောပြီး အခန်းထဲသို့ ပြန်ဝင်သွားလေသည်။

ကိုကျွန်းလုံသည် ခရီးပမ်းလာသောကြောင့် ရေဆာလာသဖြင့် လက်ဖက်ရည်ကြမ်းအား သောက်ရန် ငုံ့ထည့်လိုက်ပြီး သောက်ရန် တန်ပြင်လိုက်သည်။

သို့သော်–

သူ၏စိတ်ထဲတွင် ဤအိမ်၏ အခြေအနေအား သံသယဖြစ်လာသည်။

ယခင်က အိမ်ဖော်အများအပြားနှင့် ခမ်းနားစွာ နေထိုင်သော သူ၏မိတ်ဆွေသည် ယခုအဘယ်ကြောင့် အိမ်ဖော်များအား မခိုင်းစေပါသနည်း။

သူ၏သမီး ဝမ်းယို့ကိုယ်တိုင်က လက်ဖက်ရည်ကြမ်း လာချပေးရသည်။

ဤအခြေအနေသည် လုံးဝမဖြစ်နိုင်ပါ။

ထို့ကြောင့် သောက်ဟန်ပြင်ထားသော လက်ဖက်ရည်များအား

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်အနီးရှိ ဖန်အိုးထဲသို့ လောင်းချလိုက်သည်။

ထို့နောက် ဟန်မပျက် ပြန်ထိုင်နေပြီး ပတ်ဝန်းကျင်အား သတိကြီးစွာဖြင့် ကြည့်နေ၏။

ထိုအချိန်မှာပင် ရုတ်တရက် လေတိုးသံကို ကြားလိုက်ရလေသည်။

ထိုအသံနှင့်အတူ စားပွဲပေါ်ရှိ လက်ဖက်ရည်ပန်းကန်ပါ ကွဲသွားလေသည်။

သူက ထိတ်လန့်ကာ ထိုင်ရာမှထလိုက်လေသည်။

သူထရပ်လိုက်သည့်အချိန်မှာပင် သူ့ဘေးရှိ အခန်းတစ်ခုထဲမှ လူရိပ်တစ်ရိပ်သည် ပြေးဝင်လာပြီး လက်ထဲရှိဓားဖြင့် သူ့အား ခုတ်ပိုင်းလိုက်ခြင်းဖြစ်လေသည်။

အကယ်၍ သူသည် ကြိုတင်သတိမထားခဲ့ပါလျှင် လေတိုးသံကို ကြားရမည်မဟုတ်ပါ။

လေတိုးသံမကြားရလျှင် ထရပ်မည်မဟုတ်ပါ။

ထိုအချိန်ကသာ သူထမရပ်ခဲ့ပါလျှင် ယခုထိုင်ခုံပေါ်၌ သူ၏ အလောင်းကိုသာ တွေ့ရမည်ဖြစ်သည်။

သူက ထိတ်လန့်သွားပြီး ချွေးများစို့လာလေသည်။

သူ့အား တိုက်ခိုက်သူမှာလည်း ကိုကျန်းလုံအား မထိသော ကြောင့် တိုက်ခိုက်မှုကို ရပ်တန့်လိုက်လေသည်။

ကိုကျန်းလုံက ထိုလူအား ကြည့်လိုက်ရာ အသက် ၅၀ ကျော်



အရွယ်ရှိ အဘွားအိုတစ်ယောက် ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

သူက မျက်မှောင်ကုတ်သွားလေသည်။

'ခင်ဗျားက ဘာကြောင့် ကျုပ်ကိုလုပ်ကြံရတာလဲ'

အဘွားအိုက အံကိုတင်းတင်းကြိတ်လိုက်ပြီး–

'မင်းက ကိုကျန်းလုံမဟုတ်လား'

ကိုကျန်းလုံက–

'ဟုတ်ပါတယ်'

အဘွားအိုက–

'ဒါဆို မင်းက ငါ့မောင်ကိုသတ်သွားတဲ့လူပေါ့'

ကိုကျန်းလုံက အံ့အားသင့်သွားလေသည်။

'ဗျာ... ခင်ဗျားဘာပြောနေတာလဲ'

ထိုအချိန်မှာပင် အခန်းထဲသို့ ဝမ်းယို့ လှမ်းဝင်လာလေသည်။

သူမသည် သူတို့နှစ်ယောက်၏ အခြေအနေကို ကြည့်၍ သဘောပေါက်သွားလေသည်။

'ကြီးကြီး သူ့ကိုအထင်လွဲနေတာပါ၊ ကဲ...ကဲ အခန်းထဲဝင်ပါ တော့နော်'

အဘွားအိုက ကိုကျန်းလုံအား မကျေမနပ်ကြည့်ပြီး အခန်းထဲသို့ ဝင်သွားလေတော့သည်။

ကိုကျန်းလုံက နားမလည်နိုင်ဘဲ–

'သူက ဘယ်သူလဲဟင်... ဘာကြောင့် ကျုပ်ကိုရန်ရှာတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းယို့က- အားနာဟန်ဖြင့်-

'သူက ကျွန်မအဖေရဲ့အစ်မပါ၊ ရှင့်ကိုအထင်လွဲနေလို့ပါ'

ကိုကျွန်းလုံက-

'ကျွန်ုပ်က ဘာလုပ်လို့ သူကအထင်လွဲရတာလဲဗျ'

ဝမ်းယို့က-

'ကျွန်မဖေဖေကို သတ်တဲ့လူက ရှင်လို့ သူထင်နေလို့ပါ'

ကိုကျွန်းလုံက-

'မင်းအဖေက အသတ်ခံရလို့ ဟုတ်လား'

'ဟုတ်ပါတယ်'

ဟာ... ဘယ်သူကသတ်သွားတာလဲ'

'ကျွန်မလည်း မသိပါဘူးရှင်၊ ကျွန်မက ကြီးကြီးအိမ်ကို သွားတဲ့ညမှာပဲ ဖေဖေကော၊ အိမ်ဖော်တွေပါ အသတ်ခံရတာပါပဲ'

သူမက ပြောရင်း ရှိုက်သံပါလာလေသည်။

ကိုကျွန်းလုံက တုန်လှုပ်သွားလေသည်။

ဝမ်းယို့သည် စားပွဲပေါ်ရှိ လက်ဖက်ရည်ပန်းကန်ကွဲအား ကြည့်လိုက်ပြီး ပြတင်းပေါက်သို့ တစ်ချက်စိုက်ကြည့်လိုက်သည်။

'ရှင်တစ်ယောက်တည်း လာတာလား၊ အဖော်ပါသေးလား'

ကိုကျွန်းလုံက-

'ကျုပ်တစ်ယောက်ထဲ လာတာပါ'

ဝမ်းယို့သည် လက်ဖက်ရည်ပန်းကန်ကွဲဘေးရှိ ခဲသေးသေးလေး



တစ်လုံးအား ကောက်ကိုင်လိုက်သည်။

'ဒီခဲလုံးလေးက အစက အိမ်ထဲမှာမရှိဘူးရှင့် အခုမှ ဒီစားပွဲပေါ် ရောက်လာတာ'

သူမက ကိုကျွန်းလုံအား ကြည့်ပြီး ခဲလုံးလေးအား ပြလိုက်လေသည်။

'ရှင့်မှာ အဖော်မပါဘူးဆိုတာ တကယ်ပဲလား'

ကိုကျွန်းလုံက-

'တကယ်ပါ... ကျုပ်တစ်ယောက်တည်းလာတာ'

ဝမ်းယို့က-

'ဒီခဲလုံးလေးက သေးသေးလေးပဲ ဒါပေမယ့် ပစ်တဲ့လူရဲ့အတွင်းအားက တော်တော်ထက်မြက်လို့ အခုလို ပန်းကန်ကွဲတာပေါ့'

ကိုကျွန်းလုံက သူမအား ကြည့်လိုက်ပြီး-

'မင်းက ဘာကိုဆိုလိုတာလဲ'

ဝမ်းယို့က-

'ဒီခဲလုံးလေးကို အပြင်က ရှင့်အဖော်က ပစ်လိုက်တယ်ဆိုတာ ရှင်းနေတာပဲ၊ ကဲ... ရှင့်အဖော်ကို အိမ်ထဲခေါ်လိုက်ပါ'

ကိုကျွန်းလုံက အပြင်ကို လှမ်းကြည့်လိုက်သော်လည်း မည်သည့်လူတစ်ယောက်ကိုမှ မတွေ့ရပါ။

'မင်းပြောတာ ငါနားကိုမလည်တော့ဘူး၊ အပြင်မှာလဲ လူတစ်ယောက်မှ မရှိဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းယို့က ခေါင်းငြိမ့်လိုက်လေသည်။

'ကဲပါလေ ကျွန်မအထင်မှားတယ်လို့ပဲ ထားပါတော့၊ ရှင်အခု လာတဲ့ကိစ္စကိုပဲ ပွင့်ပွင့်လင်းလင်းပြောပါ'

ကိုကျန်းလုံက–

'ကျုပ်ပြောပြီးပြီလေ မင်းအဖေနဲ့ချိန်ထားလို့ လာတာ'

ဝမ်းယို့က–

'ဘာကိစ္စ ချိန်းထားတာလဲ'

ကိုကျန်းလုံက သက်ပြင်းချလိုက်လေသည်။

'မင်းအဖေရဲ့ လျှို့ဝှက်ကိစ္စကို မင်းကိုပြောပြရင် အဖြစ်ဖြစ်နိုင်သလား'

ဝမ်းယို့က–

'ဖြစ်နိုင်ပါဘူး။ ပြောပြပါ'

ကိုကျန်းလုံက–

'ဒီလိုပါ မင်းအဖေက ကျုပ်ကိုငွေပေးပြီး သူ့ဒေသကြီး ကျန်းကျန်း ဓါကို သတ်နိုင်းလို့ပါ'

ဝမ်းယို့သည် ထိုစကားကြားလိုက်ရသောအခါ မျက်နှာတစ်ချက် ပျက်သွားလေသည်။

'အို... မဖြစ်နိုင်တာရှင်'

ကိုကျန်းလုံက ပုခုံးတွန့်ပြလိုက်သည်။

'ယုံတာမယုံတာ မင်းကိစ္စပါ၊ ကျုပ်ကတော့ အမှန်အတိုင်း



ပြောတာ'

ဝမ်းယို့က အံကြိတ်လိုက်ပြီး–

'ရှင်က ဝရမ်းပြေး လူသတ်သမားပဲ၊ အခုလည်း ကျွန်မဖေဖေ ဆီ လာစွပ်စွဲနေပြန်ပြီ'

ကိုကျန်းလုံက–

'ကျုပ်အခု ဝရမ်းပြေး လူသတ်သမားဖြစ်တာ ဘယ်သူ့ကြောင့် လဲ... မင်းအဖေကြောင့်၊ ဒါကြောင့် ကျုပ်ကလာစွပ်စွဲနေတာမဟုတ်ဘူး ကျုပ်ရသင့်တဲ့ငွေကို လာတောင်းတာ၊ အခု မင်းအဖေကိုသူများက သတ်သွားတယ်ဆိုတော့ ကျုပ်ဘာလုပ်ရမှန်းကို မသိတော့ဘူး'

ဝမ်းယို့က မျက်မှောင်ကုတ်သွားလေသည်။

'ရှင်က အခုငွေလာတောင်းတာပေါ့ ဟုတ်လား'

ကိုကျန်းလုံက–

'ဟုတ်ပါတယ်'

ဝမ်းယို့က–

'ရှင့်ကို ဘယ်လောက်ပေးမယ်လို့ ဖေဖေကပြောထားသလဲ'

ကိုကျန်းလုံက လက်ငါးချောင်းထောင်ပြလိုက်သည်။

ဝမ်းယို့က–

'ငွေငါးဆယ် ဟုတ်လား'

ကိုကျန်းလုံက ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး ငွေငါးထောင်း'

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းယိုဒါရှက်ခုံးမွေးအစုံသည် နဖူးပေါ်သို့ မြင့်တက်သွားလေသည်။

'ရှင်… ငွေငါးသောင်း၊ ဟုတ်လား၊ မများဘူးလားရှင်'

ကိုကျန်းလုံက–

'မများပါဘူး။ ဒါ လူတစ်ယောက်ရဲ့တန်ဖိုးပဲ၊ သူ့ဌေးကြီးကျန်းတုန်းပါက ငွေငါးသောင်းမက တန်ပါတယ်လေ'

ဝမ်းယိုက–

'ထားပါတော့လေ ဖေဖေပေးခဲ့တဲ့ ကတိကိုတော့ ကျွန်မက ဆက်ပြီး တာဝန်ယူရမှာပေါ့'

ကိုကျန်းလုံက ဝမ်းသာသွားလေသည်။

'ဗျာ… ခင်ဗျားပေးမယ် ဟုတ်လား'

ဝမ်းယိုက–

'ဟုတ်ပါတယ် ဒါပေမယ့် ရှင်က ကျွန်မကိုတစ်ခု ကူညီရမယ်'

ကိုကျန်းလုံက–

'ကျွန်တော် ကူညီရမယ် ဟုတ်လား'

ဝမ်းယိုက–

'ဟုတ်ပါတယ်ရှင် ရှင်က ကျွန်မကိစ္စကို ကူညီရင် ကျွန်မက ဖေဖေပေးရမဲ့ ငွေငါးသောင်းအပြင် နောက်ထပ် တစ်သောင်းပေးပါ့မယ်။ ကျွန်မရဲ့ကိစ္စကို မကူညီရင်တော့ တပြားမှမပေးပါဘူး'



ကိုကျန်းလုံက–

'မင်းရဲ့ကိစ္စက ဘာလဲ'

ဝမ်းယိုက–

'အခု မပြောနိုင်သေးပါဘူး။ ရှင်က အဖြေပေးမှ ကျွန်မက ပြောနိုင်မှာပါ'

ကိုကျန်းလုံက အခက်ကြုံသွားလေသည်။

သူသည် ကူညီရန် သင့်မသင့် စဉ်းစားနေ၏။

ယခု သူ၏အခြေအနေမှာ ချောင်ပိတ်မိနေ၏။

သူ့နောက်တွင် သူ့အားသတ်ရန် လိုက်နေသော လူယန်ပြီစားကြီး၏ လူစုတစ်စု ရှိသည်။

ထို့ပြင် သူ့အား သက်သေအဖြစ် ဖမ်းဆီးလိုသော တရားသူကြီးတစ်ဦး၏ မင်းမှုထမ်းတစ်စု ရှိနေ၏။

သူက မည်သို့ ဆုံးဖြတ်ရမည်နည်း။

သူသည် ထိုအခြေအနေများမှ ရုန်းထွက်နိုင်ရန် ငွေလိုနေသည်။ မှာတ်ပါလား။

ငွေမရှိလျှင် ရှေ့လျှောက် အသက်ရှင်ရန် မလွယ်ကူပါ။

သွားလာလှုပ်ရှားနိုင်မည်လည်း မဟုတ်ပါ။

ငွေရှိမှသာလျှင် သူသွားလိုရာခရီးကို သွားနိုင်မည်ဖြစ်သည်။

ထို့ကြောင့် သူသည် ဝမ်းယို့အား ကူညီရန် ဆုံးဖြတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

'တဲ... မင်းကိစ္စကို ငါကူညီမယ်'

ဝင်းယို့က ဝမ်းသာသွားလေသည်။

'အကယ်ပြောတာလားရှင့်'

ကိုကျွန်းလုံက–

'အကယ်ပါ... ကဲ... ကိစ္စပြောပါ'

ဝင်းယို့က–

'အေးအေးဆေးဆေးပေါ့ရှင်၊ ဒီတစ်ညတော့ ရှင်ဒီမှာပဲ နားပါ၊ မနက်ရောက်တော့ ကိစ္စပြောကြတာပေါ့... ဟုတ်လား'

'ကောင်းပါပြီလေ'

*   *   *

## လက်ရွေးစင်လူဆိုးတော်သမား (၃၀)

မြို့ကလေးတစ်မြို့ ဖြစ်သည်။

မြို့ကလေး၏ အစွန်ဆုံးနေရာတွင် အညံ့ဆုံးတည်းခိုခန်းတစ်ခန်း ရှိသည်။

ဒီတိုင်းနေ့များတွင် ဤတည်းခိုခန်း၌ တစ်နေ့လုံးမှာပင် လူ ၁၀ ယောက် မပြည့်ပါ။

သို့သော်–

ဤသုံးရက်တွင် တည်းခိုခန်းတစ်ခုလုံးရှိ အခန်းအား[illegible]တွင် လူများပြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



တည်းခိုခန်းပိုင်ရှင်သည် နှစ်ပေါင်း ၁၀ အတွင်း တစ်ခါမျှ မေ့ပျောက်မှုမရှိသော ချိုင်းဘုတ်တစ်ခုကို ဝမ်းသာအားရ ချိတ်လိုက်လေသည်။

ထိုဆိုင်းဘုတ်မှာ–

'လူပြည့်ပါပြီ'

ဤတည်းခိုခန်းသို့ တည်းခိုသူများ အဘယ်ကြောင့် ပြည့်နှက်နေပါသနည်း။

ဤတန်းခိုခန်းတွင် လာရောက်တည်းခိုနေသူအားလုံးမှာ လုယန်မြို့စားကြီး၏ ဘက်တော်သားများဖြစ်လေသည်။

လုယန်မြို့စားကြီးသည် ဤတည်းခိုခန်းတစ်ခုလုံးအား ငှားရမ်းထားပြီး အခြေခံစခန်းအဖြစ် အသုံးချထားလေသည်။

လုယန်မြို့စားကြီးသည် သူ၏ လူနှစ်ယောက်ဖြစ်သော ချိုလုံနှင့် ကျုန်းတာ့တို့၏သတင်းပို့ချက်အရ ကိုကျုန်းလုံအား အကျီအညိုရောင် ဝတ်ဆင်ထားသော လူတစ်စုက ကယ်တင်သွားသည်ကို သိလိုက်ရလေသည်။

ထိုလူများ၏ လှုပ်ရှားပုံကိုကြည့်ခြင်းဖြင့် မင်းမှုထမ်းများဖြစ်နိုင်သည်ကို လုယန်မြို့စားကြီးက တွေးမိလေသည်။

ထို့ကြောင့် ကိုကျုန်းလုံကိုစွအား နေပြည်တော်ကပင် အရေးတယူပြု လှုပ်ရှားနေသည်ကို နားလည်လိုက်သည်။

ကိုကျုန်းလုံအား သူက ပေါ့ပေါ့တန်တန် သဘောမထားတော့ပါ။

ထို့ကြောင့် လုယန်မြို့စားကြီးသည် သူ့အားအထားရဆုံးသော



သူလျှို့ဝှက်မွေးထားသော လက်ရွေးစင်လူသတ်သမား ၃၀ အား အသုံးပြု၍ ကိုကျုန်းလုံအား ရှာဖွေရန် ကြိုးစားအားထုတ်နေခြင်း ဖြစ်လေသည်။

ဤမြို့ရှိ ချောင်ကျသောတည်းခိုခန်းတွင် လာရောက်တည်းခိုသူများမှာ လုယန်မြို့စားကြီး၏ လက်ရွေးစင်လူသတ်သမား ၃၀ နှင့် အခြားဘက်တော်သားများဖြစ်သည်။

လုယန်မြို့စားကြီးက လက်ရွေးစင်လူသတ်သမား ၃၀ အား အမိန့်တစ်ခုပေးထားလေသည်။

ထိုအမိန့်မှာ–

'ကိုကျုန်းလုံနှင့် သိုင်းသမားရောင်မားအား တွေ့သည့်နေရာတွင် အသေသတ်ရမည်'

ဟူ၍ ဖြစ်လေတော့သည်။

* * *

မကျဉ်းမကျယ်လှသော အိပ်ခန်းတစ်ခုဖြစ်သည်။

ကိုကျုန်းလုံသည် ရာဇင်ပေါ်တွင် လဲလျောင်းနေလေသည်။

သူသည် မျက်သို့ပင် ကြိုးစားအိပ်နေသော်လည်း အိပ်မပျော်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘဲ ရှိနေ၏။

ထို့ကြောင့် သူသည် ဤရက်များအတွင်း ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြန်၍ တွေးတောနေ၏။

* * *

မိုးသည်းထန်သော ညတစ်ည ဖြစ်သည်။

ကိုကျန်းလုံသည် လောင်းကစားရာတွင် ရှုံးသွားသောကြောင့် စိတ်အေးဖြစ်သူ ဝမ်းလုံထံသို့ ရောက်ရှိလာခဲ့လေသည်။

သူသည် ကြွေးတင်သွားသောကြောင့် ကြွေးများဆပ်ရန် စိတ်အေးဖြစ်သူ ဝမ်းလုံထံမှ ငွေလာချေးခြင်း ဖြစ်လေသည်။

ဝမ်းလုံသည် သူ့အား တွေ့ရသောအခါ အလွန်ဝမ်းသာသွားလေသည်။

သူ့ကိုလည်း ကောင်းမွန်စွာ ကျွေးမွေးညှော်ခံပြုစုလေသည်။

'သူငယ်ချင်း... မင်းဘာလာလုပ်တာလဲ'

ဝမ်းလုံက မေးလိုက်ခြင်းဖြစ်လေသည်။

ကိုကျန်းလုံက–

'ငါလောင်းကစားရှုံးသွားတာ၊ အခု ငွေလိုလို့ လာချေးတာပါ'



ဝမ်းလုံက–

'မင်းက ငွေဘယ်လောက်လိုလို့လဲကွ'

ကိုကျန်းလုံက–

'ငွေငါးထောင်ပါ'

ဝမ်းလုံက ပြုံးလိုက်လေသည်။

'မင်း ဒီနေ့မလာရင်လည်း ငါကမင်းဆီကို လာရတော့မှာကွ'

ကိုကျန်းလုံ အံ့ဩသွားလေသည်။

'ငါ့လို အိမ်မရှိယာမရှိတဲ့လူဆီ မင်းကဘာလာလုပ်မှာလဲ'

ဝမ်းလုံက–

'မင်းကို အလုပ်တစ်ခုအပ်ချင်လို့'

ကိုကျန်းလုံက မျက်မှောင်ကုတ်သွားလေသည်။

'ဘာအလုပ်လဲ'

ဝမ်းလုံက–

'မင်းလုပ်နေတဲ့အလုပ်ပဲပေါ့'

ကိုကျန်းလုံက–

'လူသတ်တဲ့အလုပ် ဟုတ်လား'

ဝမ်းလုံက ပြုံးလိုက်လေသည်။

'ဟုတ်တယ် မင်းလူတစ်ယောက်ကို သတ်ပေးနိုင်ရင် ငွေငါးထောင်မဟုတ်ဘူး ငါးသောင်းရမယ်'

ကိုကျန်းလုံက–

www.burmeseclassic.com

www.burmeseclassic.com



ဟာ…များလှချည်လား… မင်းကငါ့ကို နောက်နေတာလား

ဝမ်းလုံးမျက်နှာမှာ တည်ကြည်သွားလေသည်။

'ငါနောက်နေတာမဟုတ်ဘူး တကယ်ပြောနေတာပါ'

ကိုကျန်းလုံက–

'ဒီလူက ငွေငါးသောင်းတောင် တန်တယ်ပေါ့'

ဝမ်းလုံက–

'ဟုတ်တယ် သူက ငွေငါးသောင်းမက တန်ပါတယ်'

ကိုကျန်းလုံက–

'ကဲ… ဒါဖြင့် ဒီအလုပ်ကို ငါလက်ခံတယ်၊ ဘယ်သူလဲဆိုတာ ပြောပါ'

ဝမ်းလုံက–

'မင်းသတ်ရမယ့်လူက ကျန်းစုရွာက သူဌေးကြီးကျန်းကုန်းပါပဲ ဘယ်လိုလဲ'

ကိုကျန်းလုံက မျက်မှောင်ကုတ်သွားလေသည်။

'ဒီလူက သိုင်းသမားတွေအများကြီး မွေးထားတယ်၊ ဒါ့အပြင် အခုလည်း သူ့ရွာမှာသိုင်းယှဉ်ပြိုင်မယ့်လူတွေ အများကြီးပဲ လွယ်ပါ့မလားကွ'

ဝမ်းလုံက–

'ဒါကတော့ မင်းသဘောပဲလေ'

ကိုကျန်းလုံက အတန်ကြာ စဉ်းစားပြီးမှ–



'အေးလေ ငွေငါးသောင်းသာရမယ်ဆိုရင် ငါက ဘာဖြစ်လို့ သတ်ရဲရမှာလဲ မင်းအလုပ်ကို ငါလက်ခံတယ်'

ဝမ်းလုံကအားရပါးရ ရယ်မောလိုက်လေသည်။

'ကောင်းတယ်၊ မင်းဒီအလုပ်ကို ဖိဖိရိရိနဲ့ တာဝန်ကျေအောင် လုပ်ပါ မင်းတာဝန်ကျေတာနဲ့ ငွေလာယူပါ၊ ငါက ငွေငါးသောင်း အဆင်သင့်ပြင်ထားမယ် ဟုတ်ပြီလား'

ကိုကျန်းလုံက ရယ်မောလိုက်လေသည်။

'ဟုတ်ပြီ ငါ့အတွက် ငွေငါးသောင်း အဆင်သင့်ပြင်ထားပေတော့'

* * *

ကိုကျန်းလုံသည် တွေ့ကြုံခဲ့ရသည်များကို ပြန်လည်တွေးတော နေစဉ်မှာပင် ရုတ်တရက် ခြေသံသဲ့သဲ့ကို ကြားလိုက်ရလေသည်။

သူက ထထိုင်လိုက်ပြီး ခြေသံကို နားစွင့်လိုက်သည်။

ခြေသံသည် သူ့အခန်း၏ ပြတင်းပေါက်တွင် ရပ်သွားလေသည်။

သူသည် လူရိပ်တစ်ခုအား တွေ့လိုက်လေသည်။

ထိုလူရိပ်သည် ပြတင်းပေါက်တွင် ခဏမျှ ရပ်ပြီးနောက် ပြေးသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကျွန်းလုံသည် စဉ်းစားမနေတော့ဘဲ ကုတင်ပေါ်မှ ခုန်ဆင်းလိုက်သွားလေတော့သည်။

ထိုလူရိပ်သည် အနောက်ဘက်အဆောင်သို့ ပြေးသွားခြင်းဖြစ်သည်။

ကိုကျွန်းလုံသည် လူရိပ်ပြေးရာ နောက်သို့ ထပ်ကြပ်မကွာလိုက်သွားလေသည်။

သူသည် အနောက်ဘက်ဆောင်အား ချိုးကွေ့မိသောအခါလူရိပ်ကို မတွေ့ရတော့ပါ။

သူသည် မျက်မှောင်ကုတ်၍ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

အနောက်ဘက်အဆောင်၏ အခန်းတစ်ခုတွင် ဖယောင်းတိုင်မီးရောင်ကို မြင်လိုက်ရလေသည်။

သူသည် ထိုအခန်း၏ ပြတင်းပေါက်ရှိ စက္ကူအား အနည်းငယ်ခွာ၍ ချောင်းကြည့်လိုက်လေသည်။

ဝမ်းယွီနှင့် သူမ၏ကြီးကြီးသည် စားပွဲတစ်ခုတွင် ထိုင်၍ ကိစ္စတစ်ခုကို အခြေအတင် ဆွေးနွေးနေပုံရလေသည်။

သို့သော်-

သူတို့ပြောနေသည့် စကားများကို သဲကွဲစွာ မကြားရပါ။

ထို့ကြောင့် သူက ထိုနေရာမှထွက်လာပြီး သူတွေ့ခဲ့ရသော လူရိပ်အား အဆောက်အဦးတစ်ခုလုံးတွင် လှည့်ပတ်ရှာဖွေကြည့်လေ



သို့သော်

ထိုလူရိပ်၏ အစအနမျှပင် မတွေ့ရတော့ပါ။

ထို့ကြောင့် သူက စိတ်ပျက်စွာဖြင့် မိမိအခန်းရှိရာသို့ ပြန်လျှောက်လာလေတော့သည်။

* * *

အကယ်၍သာ

ကိုကျွန်းလုံသည် ဝမ်းယွီနှင့် သူမ၏ကြီးကြီးပြောနေသော စကားများကို ကြားနိုင်လျှင် ယခုကဲ့သို့ မိမိအခန်းသို့ စိတ်ချလက်ချ ပြန်သွားမည်မဟုတ်တော့ပါ။

'ဒီမှာ... အစ်ကို သူ့ကို အရသတ်လို့ မဖြစ်ဘူးထင်တယ်'

အဘွားအိုက ခေါင်းတွင်တွင်ခါယမ်းလိုက်လေသည်။

'ဘာဖြစ်လို့မဖြစ်ရမှာလဲ ငါ့အပေါ်ကိုသတ်တဲ့လူကို အခုလိုသင့်တွေ့နေရတဲ့ဟာကို ငါက မသတ်ရင် တော်တော်အကြီး ဖြစ်သွားမှာပေါ့ ညီမလေးရဲ့'

ဝမ်းယွီက ခေါင်းခါယမ်းလိုက်သည်။

'ခဏလောက်တော့ အချိန်စောင့်ပါဦး အစ်ကိုရယ်'

www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုက–

'ဒါ့ကိုတောနဲ့တော့ ညီမလေး၊ ငါ သူ့ကို ကလဲ့စားချေရမှ ကျေနပ်မယ်၊ ဒါဲ'

ဝမ်းယိုက သက်ပြင်းချလိုက်လေသည်။

'အစ်ကိုက တော်တော်စိတ်မြန်တာကိုး၊ ကျွန်မကတော့ သူ့ကို ကြိုးရှည်ရှည်နဲ့ လွှတ်ထားစေချင်တယ်၊ ဒါမှလည်း သူ့နောက်မှာ ကြိုးဆိုင်နေတဲ့လူကို သိမှာ'

အဘွားအိုက အံကြိတ်လိုက်ပြီး–

'မဖြစ်ဘူး သူက ကောက်ကျစ်စဉ်းလဲတဲ့လူ၊ ဒီတစ်ခါ ငါတို့ ထက်ထဲက လွတ်သွားရင် နောက်သူ့ကိုဖမ်းမိဖို့ လွယ်မှာမဟုတ်ဘူး၊ ပြီးတော့ သူ့ကိုသတ်ခိုင်းတဲ့လူကလည်း ဝမ်းလုံဆိုတာ သိရပြီပဲ၊ အာသိခြမ်းခြမ်း ငါကတော့ အခုသွားသတ်ရမှ ကျေနပ်မယ်'

ဝမ်းယိုက သက်ပြင်းတစ်ချက် ချလိုက်ပြီး–

'တင်း အစ်ကိုကို တားလို့မှ မရရင်တော့ ကျွန်မလည်း လိုက်ရတော့မှာပေါ့လေ'

* * *



ကိုကျွန်းလုံသည် သူနေထိုင်သော အခန်းသို့ ပြန်ရောက်လာပြီ ဖြစ်သည်။

သူသည် အိပ်မပျော်သေးပါ။

သူ့အခန်းရှေ့မှ ဖြတ်သွားသော လူရိပ်အား သံသယဖြစ်နေ၏။

ထိုလူသည် မည်သူဖြစ်ပါသနည်း။

ရန်သူလော...

မိတ်ဆွေလော...

သူ့အား အဘယ်ကြောင့် အနောက်ဘက်အဆောင်သို့ မျှားခေါ် သွားရပါသနည်း။

သူသည် ရုတ်တရက် ရှောင်မားအား သတိရလာသည်။

ဤလူသည် ရှောင်မားဖြစ်နေမည်လော။

သို့သော်–

ရှောင်မားမဖြစ်နိုင်ဟုလည်း သူကယုံကြည်လေသည်။

အကြောင်းမှာ–

သူက ရှောင်မားအား ချောင်းနဘေး၌ သတိလစ်အောင် တိုက်ခိုက်ခဲ့သည် မဟုတ်ပါလား။

ထို့ကြောင့် ရှောင်မားသည် သူ့နောက်သို့ လိုက်လာနိုင်မည် မဟုတ်ပါ။

ထိုအချိန်မှာပင်–

'ဝုန်း...'

www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးအား တစ်စုံတစ်ယောက်က ကန်ဖွင့်လိုက်ခြင်း ဖြစ်လေသည်။

တဆက်တည်းမှာပင် လူရိပ်တစ်ခုသည် ဓားကိုကိုင်၍ သူ့ထံသို့ ပြေးဝင်လာသည်ကို တွေ့လိုက်ရလေသည်။

ကိုကျွန်းလုံသည် အတွေ့အကြုံများသော ကြေးတန်းစားလူသတ်သမားတစ်ယောက် ဖြစ်သည်။

ပြေးဝင်လာသူက ဓားဖြင့် တိုက်ခိုက်လိုက်သည်နှင့် သူက ရှောင်တိမ်းပြီး ဖြစ်လေသည်။

သို့သော်—

ထိုလူ၏တိုက်ခိုက်မှုမှာ ရပ်တန့်မသွားချေ။

သိုင်းကွက် ခုနစ်ကွက်တိတိ ဆက်တိုက် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

'ချွမ်… ချွမ်… ချွမ်…'

ကိုကျွန်းလုံသည် စားပွဲပေါ်တွင် တင်ထားသော ဓားအား ဆွဲယူလိုက်ပြီး ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ထိုအချိန်မှာပင် အခန်းထဲသို့ လူတစ်ယောက် ထပ်မံဝင်လာလေသည်။

ထိုလူကလည်း ဝင်ရောက်တိုက်ခိုက်လေသည်။

ယခု ကိုကျွန်းလုံသည် ရန်သူနှစ်ယောက်၏ ဝဲယာညှပ်၍ တိုက်ခိုက်ခြင်းကို ပြင်းထန်စွာ ခုခံနေရ၏။



သို့သော်—

သူက နှစ်ယောက်နှင့်တစ်ယောက် တိုက်ခိုက်နေရသော်လည်း ကြောက်ရွံ့ခြင်းမရှိပါ။

ထိုရန်သူနှစ်ယောက်မှာ သိုင်းပညာအဆင့်မြင့်သူများ မဟုတ်ဟု သိလိုက်ရသောကြောင့် ဖြစ်သည်။

'ရပ်လိုက်ကြစမ်း'

အသံနှင့်အတူ မီးအိမ်တစ်လုံး ကိုင်ဆောင်ထားသော လူ ယောက်သည် အခန်းထဲသို့ လှမ်းဝင်လာလေသည်။

တိုက်ခိုက်နေကြသော လူများသည် ထိုအသံကြောင့် ထိုင်ဝင် ားဘဲ ဖြိုင်တူလှည့်ကြည့်လိုက်ကြသည်။

မီးအိမ်၏ အလင်းရောင်ကြောင့် တစ်ခန်းလုံး လင်းထိန်သွား သည်။

ကိုကျွန်းလုံသည် ထိုလူအား တွေ့လိုက်ရသောအခါ ထိတ်လန့် လေသည်။

'ဟင်… ရှောင်မား မင်းကို ငါသတိမေ့အောင် တိုက်ခိုက် တယ်လေ'

ရှောင်မားက မဲပြုံးပြုံးလိုက်လေသည်။

'ကျုပ် မေ့ချင်ယောင်ဆောင်တာကို ခင်ဗျားမှ မသိ က်ကတော့ ခင်ဗျားကို သုံးစားကြွံ ကယ်ခဲ့တယ်၊ ခင်ဗျား တော့ ကို ကျေးဇူးကန်းတယ်နော်'

www.burmeseclassic.com



သူသည် ပြောရင်း ရှေ့သို့တိုးလာလေသည်။

ဦးအိမ်ကိုလည်း စားပွဲပေါ်သို့ တင်လိုက်လေသည်။

သူသည် ကျန်းလုံအား ကြည့်လိုက်ရာ ကိုကျန်းလုံ၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

နောက်သို့ ခြေတစ်လှမ်း ဆုတ်သွားလေသည်။

ရှောင်မားက ပြုံးလိုက်လေသည်။

'ခင်ဗျား အခုမှတော့ ကြောက်မနေပါနဲ့တော့... ကျေးဇူးကို ရမှာကို မကြောက်မှတော့ တခြားဟာတွေကိုလည်း ကြောက်မ ပါနဲ့ဗျာ'

သူက ဆက်၍ ပြောလိုက်လေသည်။

'ခင်ဗျားက ကျုပ်ကို မကောင်းကြံပေမယ့် ကျုပ်က ခင်ဗျား ဘာမှ ပြန်မလုပ်ပါဘူးခင်ဗျာ'

ကိုကျန်းလုံက–

'ဒါဖြင့်... ခင်ဗျားက ဘာလာလုပ်တာလဲ'

ရှောင်မားက–

'ခင်ဗျားတို့ရန်ပွဲကို ဖျန်ဖြေပေးမလို့ပေါ့'

ကိုကျန်းလုံသည် ထိုစကားကိုကြားလိုက်တော့မှ သူ့အ လာရောက်တိုက်ခိုက်သူများကို သတိရလာလေသည်။ သူက လှည့်ကြ လိုက်ရာ အလွန်အံ့ဩသွားလေသည်။

'ဟင်... ခင်ဗျားတို့ကို ခင်ဗျားတို့က ဘာကြောင့် ကျုပ်



တိုက်ခိုက်ရတာလဲ'

ထိုလူနှစ်ယောက်မှာ ဝမ်းယိုနှင့် သူ့မယားကြီးကြီးပင် ဖြစ်လေ သည်။ ရှောင်မားက ရယ်မောလိုက်လေသည်။

'ဟား... ဟား... သူတ ခင်ဗျားထင်သလို ဝမ်းလုံရဲ့သမီး ဝမ်းယို မဟုတ်ဘူးဗျ'

ကိုကျန်းလုံက အံ့ဩသွားလေသည်။

'ဒါဖြင့် သူတို့က ဘယ်သူတွေလဲ'

ရှောင်မားက အဘွားအိုအား–

'ဟေ့... ကျန်းပကျူန်း... ဆံပင်နဲ့ မျက်နှာဖုံးချွတ်လိုက်ပါ'

အဘွားအိုသည် ခေါင်းပေါ်မှ ဆံပင်နှင့်မျက်နှာပေါ်မှ အရည်ပြား အား ဆွဲချွတ်လိုက်ရာ သူ့ဓားကြီး ကျန်းကုန်းပါ၏သား ကျန်းပကျူန်းပင် ဖြစ်လေသည်။

ဝမ်းယိုကလည်း မျက်နှာပေါ်ရှိ အရည်ပြားအား ဆွဲခွာလိုက်ရာ သူ့ဓားကြီး ကျန်းကုန်းပါ၏သမီး ကျန်းချူးတုန်း ဖြစ်လေသည်။

'ဟင်... ကျန်းပကျူန်းနဲ့ ကျန်းချူးတုန်းပါလား'

ချန်းချူးတုန်းက–

'ဟုတ်ပါတယ်ရှင် ကျွန်မတို့မောင်နှမနှစ်ယောက် ရှင့်နောက်ကို လိုက်ရင်းဝမ်းလုံဆိုတဲ့လူက ရှင့်ကိုခိုင်းတဲ့လူဆိုတာ ခိုင်လုံတဲ့သတင်း ရလို့ ဒီကိုလိုက်လာခဲ့တာပဲ၊ ဒါပေမယ့် နောက်ကျသွားခဲ့တယ်'

ကျန်းပကျူန်းက ကြားဖြတ်၍ ပြောလိုက်လေသည်။

www.burmeseclassic.com



'ဝမ်းလုံက ခင်ဗျားအချုပ်ခန်းထဲက ထွက်ပြေးသွားတဲ့အ

ပြီး သူတို့ အရှုပ်တော်မှာစိုးရိမ်လို့ တစ်မိသားစုလုံး ပြောင်းသွားကြပြီး

သူက ဆက်၍-

'ကျုပ်တို့ရောက်လာတဲ့အခါမှာ ဝမ်းလုံကို မတွေ့ရတော့ဘူး

ဘာပဲဖြစ်ဖြစ် ခင်ဗျားဒီကိုလာမယ်ဆိုတာ ကြိုတွက်မိလို့ ခင်ဗျား

ခင်းဖို့ အခုလိုရုပ်ဖျက်ပြီး လာစောင့်နေတာပေါ့'

သူသည် ပြောပြီးနောက် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်

'ခဏနေပါဦး'

ရှောင်မားက ဟန့်တားလိုက်ခြင်းဖြစ်လေသည်။

ကျန်းပကျူန်းက-

'ခင်ဗျားက ဘာဖြစ်လို့ ဟန့်တားရတာလဲ'

ရှောင်မားက ပြုံး၍-

'ကိုကျုန်းလုံက ခင်ဗျားအဖေကိုသတ်တာ မှန်ပါတယ်။ ဒါပေမယ့်

ကိုကျုန်းလုံကိုသတ်ခိုင်းတာ ဝမ်းလုံဖြစ်နေတယ်၊ ဒါကြောင့် ဝမ်းလုံ

ပထမတရားခံပါ'

ကျန်းပကျူန်းက-

'ဒါကို ကျွန်တော်သိပါတယ်၊ ကိုကျုန်းလုံကို သတ်ပြီးရင် ဝမ်း

နောက်ကို ဆက်လိုက်မှာပါ'

ရှောင်မားက-



'ဝမ်းလုံဆိုတာ ဘယ်သူလဲ ခင်ဗျားသိလို့လား'

ကျန်းပကျူန်းက-

'မသိပါဘူး။ ဒါပေမယ့် ကျွန်တော်တွေ့အောင် လိုက်ရှာမှာပါ'

ရှောင်မားက ခေါင်းခါယမ်းလိုက်လေသည်။

'ခင်ဗျားတို့ ဒေါသရှေ့ထားရင် မှားသွားမှာပေါ့ဗျာ၊ ခင်ဗျားတို့က

အခု ကိုကျုန်းလုံကို သတ်လိုက်ရင် သဲလွန်စတွေအားလုံး ပျောက်သွား

ပြီး တရားခံအစစ် လွတ်သွားလိမ့်မယ်ဆိုတာ ကျုပ်ပြောနိုင်တယ်ဗျ'

ကျန်းပကျူန်းက-

'ခင်ဗျားက ဘာကိုဆိုလိုတာလဲ'

ရှောင်မားက-

'ခင်ဗျားအဖေကို သတ်ခိုင်းတဲ့လူက ဝမ်းလုံတစ်ယောက်တည်း

မဖြစ်နိုင်ဘူး'

'ဗျာ'

ကိုကျုန်းလုံနှင့် ကျန်းချူးတုန်းက အလွန်အံ့သြသွားလေသည်။

ကျန်းချူးတုန်းက-

'ရှင့်မှာဘာအထောက်အထားရှိလို့ ဒီလိုပြောနိုင်ရတာလဲ'

ရှောင်မားက လက်ညှိုးဖြင့် နထင်ကိုထောက်လိုက်ပြီး-

'ကျုပ်က ဖြစ်နိုင်တဲ့အကြောင်းအရာကို ဆက်စပ်ပြီး စဉ်းစား

ကြည့်လို့ပါ'

ကျန်းပကျူန်းက-

'ကျွန်တော် နားမလည်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မားက ပြုံးလိုက်ပြီး-

'ဒီအမှုနဲ့ပတ်သက်ပြီး ကျုပ်မှာလည်း တာဝန်မကင်းလို့ လိုက်စုံစမ်းနေတာပါ။ ခင်များတို့ခင်နဲ့ ဝမ်းလုံက ဘာအကြောင်းနဲ့မှ ဆက်စပ်နိုင် မရှိဘူး။ ဒါကြောင့် ရန်ညိုးလည်းမရှိဘူး။ ရန်ညိုးမရှိတဲ့လူတစ်ယောက်ကို ငွေငါးသောင်းပေးပြီး သတ်ခိုင်းတယ်ဆိုတာ ဘာအဓိပ္ပာယ်မှ မရှိဘူး'

သူက အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

လူအားလုံးက သူ့စကားကို စိတ်ဝင်စားစွာ နားထောင်နေသည်ကို တွေ့ရသဖြင့် စကားဆက်လိုက်လေသည်။

'နောက်တစ်ချက်က ဒီဝမ်းလုံဆိုတဲ့လူက တစ်ချိန်က ပင်လယ်ဓားပြတစ်ယောက်ပါ။ သူက ဓားပြတိုက်လို့ ချမ်းသာလာချိန်မှာ ဓားပြအလုပ်ကိုစွန့်ပြီး ဒီနေရာမှာ အခြေချနေထိုင်တယ်၊ လွန်ခဲ့တဲ့ အနှစ်ကစပြီး သူက တစ်မိသားစုလုံးကို နေပြည်တော်ပြောင်းရွှေ့သွားတယ်၊ တစ်ခါတစ်ရံမှသာ မိသားစုအလိုက် ဒီကိုခဏလာရောက်တတ်တယ်၊ ကျုပ်သိထားတဲ့ ဝမ်းလုံအကြောင်းကတော့ ဒီလောက်ပါဘဲ'

ကျန်းပကျုန်းနှင့် ကျန်းချူးတုန်းတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

'ဒါဆို ကျွန်တော်တို့က ဘာဆက်လုပ်ရမှာလဲ'

ရှောင်မားက သုံးယောက်လုံးအား တစ်ချက် ဝေ့ကြည့်လိုက်သည်။



'အခု အရေးကြီးဆုံးကတော့ တရားခံအစစ်က နှစ်ယောက်ဖြစ်နေပါတယ်၊ တစ်ယောက်ကတော့ ဝမ်းလုံဆိုတာ သေချာပါတယ်၊ နောက်တစ်ယောက်က ဘယ်သူလဲဆိုတာ ဖော်ထုတ်ဖို့ပါပဲ၊ ဒါကြောင့် ခင်များတို့သုံးယောက်ဟာ အချင်းချင်း ရန်မမူဘဲ လက်တွဲပြီး တရားခံနောက်တစ်ယောက်ကို ဖော်ထုတ်နိုင်ဖို့ ကြိုးစားကြရပါမယ်'

ကျန်းပကျုန်းက ကိုကျန်းလုံအား ကြည့်လိုက်ပြီး-

'ဒီမှာ... ရှောင်မား ကိုကျန်းလုံနောက်က ခိုင်းနေတဲ့လူ နှစ်ယောက်က တရားခံအစစ်ဆိုပေမယ့် ကျုပ်တို့အဖေကို ကိုယ်တိုင်သတ်တာက သူပဲ၊ သူ့ကိုဒီအတိုင်းလွှတ်ထားတာ ကျွန်တော်မကျေနပ်ဘူး'

ရှောင်မားက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါတယ်၊ ဒါပေမယ့် တရားဥပဒေက သူ့ကို ခုံးမပါ လိမ့်မယ်၊ ခင်များဆုံးမစရာတောင် မလိုပါဘူးဗျာ၊ ဒါပေမယ့် အခုတော့ ခဏသည်းခံပါ၊ ဒါမှလည်း တရားခံနှစ်ယောက်စလုံးကို ဖမ်းမိနိုင်မှာပါ'

ကျန်းပကျုန်းက ခေါင်းငုံ့သွားလေသည်။

သူသည် စိတ်ထဲ၌ မကျေနပ်သော်လည်း ရှောင်မားပြောသည့် စကားမှာ မှန်ကန်နေသဖြင့် မိမိစိတ်ကို ထိန်းထားလိုက်ရလေသည်။

ရှောင်မားက ချောင်းတစ်ချက်ဟန့်လိုက်ပြီး-

'ကဲ... ဒီတစ်ညတော့ ဒီမှာပဲ အိပ်ကြတာပေါ့၊ မနက်ကျမှ ဘယ်ကိုခရီးဆက်မလဲဆိုတာ တိုင်ပင်ကြတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မားက တောခေါ်သွားသည်၊ ကျန်းပကျုန်းသည် ကိုကျန်းလုံးအား [illegible] မည်သူ့ကိုမျှ နှုတ်မဆက်ဘဲ ချာခနဲ လှည့်ထွက်သွားလေတော့သည်။

ကျန်းချူးတုန်းက–

'ရှောင်မား ကိုကျန်းလုံကို ရှင့်လက်ထဲ အပ်ခဲ့ပါတယ်၊ သူလွတ်သွားရင်တော့ ရှင့်တာဝန်ပဲ'

သူမသည် ပြောပြီးသည်နှင့် သူမ၏အစ်ကိုနောက်သို့ ခပ်သုတ်သုတ် လိုက်သွားလေတော့သည်။

* ** *

ကိုကျန်းလုံသည် ခရီးပန်းလာသည်ကတစ်ကြောင်း ရှောင်မားရှိနေသည်ကတစ်ကြောင်းတို့ကြောင့် စိတ်ချလက်ချ အိပ်ပျော်သွားလေသည်။

ရှောင်မားသည် မအိပ်သေးဘဲ ပြတင်းပေါက်ရှိရာသို့ လျှောက်သွားပြီး ပြတင်းပေါက်အပြင်ဘက်သို့ လှမ်းကြည့်လိုက်လေသည်။

သူက ကြည့်ရင်း မျက်လုံးပြူးသွားလေသည်။

အကြောင်းမှာ ခြံဝင်း၏အပြင်ဘက်တွင် လူရိပ်များတိတ်တဆိတ် လှုပ်ရှားနေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။



လူရိပ်မှာ ၁၄–၁၅ ယောက်ခန့် ရှိလေသည်။

သူတို့သည် ခြံဝင်းရှိရာသို့ တရွေ့ရွေ့ ချဉ်းကပ်လာလေသည်။

သူက ရင်ထိတ်သွားလေသည်။

ရန်သူများရောက်လာသည်ကိုလည်း တထစ်ချ ယုံကြည်လိုက်သည်။

သို့သော်–

သူက အိခြေရရဖြင့် ကုတင်ရှိရာသို့ လျှောက်လာပြီး အိပ်မောကျနေသော ကိုကျန်းလုံအား အသာအယာ နှိုးလိုက်လေသည်။

'ကိုကျန်းလုံ ထ... ထ..။'

ကိုကျန်းလုံက ဆတ်ခနဲ လန့်နိုးလာသည်။

သူက ရှောင်မားအား မေးရန် ပါးစပ်ပြင်လိုက်ရာ ရှောင်မားက အသံမထွက်စေရန် လက်မာန်ပြလိုက်သည်။

'ကျုပ်တို့ကို ရန်သူတွေဝိုင်းထားပြီ'

ကိုကျန်းလုံက–

'ဒါဖြင့်... အချိန်ရှိတုန်း မြန်မြန်ပြေးကြမယ်လေ'

ရှောင်မားက ဟန့်တားလိုက်လေသည်။

'ခဏနေပါဦး ကျန်းပကျုန်းတို့ကိုလည်း ခေါ်ရဦးမှာပေါ့'

ကိုကျန်းလုံက မကျေမနပ်ဖြင့်–

'သူတို့ကို ဘာဖြစ်လို့ခေါ်ရမှာလဲ'

ရှောင်မားက သူ့အား ဖြောင်းဖျလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



‘ဟုတ်သေးဘူးလေ သူတို့က အခုတို့နဲ့အတူ တရားခံကို လိုက်ရှာမယ်။ တို့ရဲ့ဘက်တော်သား ဖြစ်နေပြီပဲ၊ သူတို့ကိုချန်ထားခဲ့လို့ ဘယ်ဖြစ်မှာလဲ’

ကိုကျန်းလုံက ခေါင်းညိတ်လိုက်လေသည်။

သူတို့သည် ဓားကိုယ်စီဆွဲ၍ ကျန်းပကျုန်းတို့အခန်းသို့ ပြေးသွားလေသည်။

ကိုကျန်းလုံက တံခါးကို ခေါက်လိုက်သည်။

အထဲမှ အသံထွက်ပေါ်လာလေသည်။

‘ဘယ်သူလဲ’

ကိုကျန်းလုံက–

‘ကျုပ်ပါ’

အထဲမှ အသံရှင်မှာ ကျန်းချုံတုန်းဖြစ်သည်။

‘ရှင်က ညဉ့်နက်သန်းခေါင် ဘာလာလုပ်တာလဲ’

ကိုကျန်းလုံက–

‘ကျုပ်တို့ကို ရန်သူတွေဝိုင်းထားတယ်လို့ လာပြောတာပါ’

ကျန်းချုံတုန်း၏အသံ တိတ်သွားလေသည်။

တံခါးပွင့်သွားပြီး ကျန်းပကျုန်း ထွက်ပေါ်လာလေသည်။

သူက ကိုကျန်းလုံအား သင်္ကာမကင်းစွာဖြင့်–

‘ကျုပ်တို့ကို ရန်သူတွေဝိုင်းထားတယ် ဟုတ်လား’

ကိုကျန်းလုံက–



‘ဟုတ်တယ်၊ ရန်သူတော်တော်များတယ်’

ကျန်းပကျုန်းက ထိတ်လန့်သွားပြီး–

‘ဒါဖြင့် ကျုပ်တို့ဘာလုပ်ကြမလဲ’

ကိုကျန်းလုံက–

‘ရှောင်မားက ထွက်ပြေးကြမယ်လို့ မှာလိုက်ပါတယ်’

ကျန်းပကျုန်းက–

‘ရှောင်မားက အခုဘယ်မှာလဲ’

‘ကျုပ်ဒီမှာရှိတယ်’

အမှောင်ရိပ်ခိုနေသော ရှောင်မားက ပြန်ဖြေလိုက်လေသည်။

‘တို့အမြန်ဆုံးထွက်ပြေးမှ ဖြစ်တော့မယ်’

သူသည် ပြောရင်း ကိုကျန်းလုံအခန်းထဲမှ ယူလာသော ကျန်းပကျုန်း၏ဓားအား ကျန်းပကျုန်းလက်ထဲသို့ ထည့်လိုက်လေသည်။

‘ရော့... တောင်ဘက်မှာ ရန်သူနည်းတယ်၊ အဲဒီဘက်က ဖောက်ထွက်ကြမယ်’

သူတို့သည် ခြံဝင်းထဲသို့ ပြေးထွက်လာပြီး တောင်ဘက်သို့ ဦးတည်ပြေးသွားလေသည်။

သူတို့၏လှုပ်ရှားမှုမှာ လျှင်မြန်သွက်လက်လှပေသည်။

သို့သော်–

ရန်သူ၏လှုပ်ရှားမှုက မနှေးပါ။

သူတို့သည် အိမ်ထဲမှ ဝါးသုံးရိုက်ခန့် ပြေးပြီးနောက်–

www.burmeseclassic.com

www.burmeseclassic.com



'ယား...'

ညာသံများထွက်ပေါ်လာပြီး ချုံကွယ်တစ်ခုမှ ရန်သူတစ်စု ထွက်လာလေသည်။

ရှေ့သူများက သူတို့အား ဝိုင်းရံတိုက်ခိုက်လေသည်။

အော်သံများကြောင့် အခြားဘက်မှ ရန်သူများ ပြေးလွှား ရောက်ရှိလာကြလေတော့သည်။

* * *

ထခု-

ရှောင်မားတို့လူစုသည် လေးဘက်လေးတန်မှ ရန်သူများဝိုင်းရံ ထားခြင်းကို ခံနေရလေသည်။

တိုက်ခိုက်သံများ ဆူညံစွာ ထွက်ပေါ်နေ၏။

'ယား...'

ညာသံများ။

'အား...'

နာကျင်စွာထွက်ပေါ်လာသောအသံများ။

'ချွမ်း... ချွမ်း... ချွမ်း...'

သံသံချင်း ထိခတ်သံများ။



ထိုအသံများသည် စူးရှကျယ်လောင်စွာဖြင့် တိတ်ဆိတ်သော တော်ဝန်းကျင်တွင် ပဲ့တင်ထပ်သွားလေသည်။

တိုက်ပွဲမှာ အလွန်ပြင်းထန်လေသည်။

ရှောင်မားတို့အား ဝိုင်းရံထားသော လူများမှာ သာမန်လူများ မဟုတ်ပါ။

လုယန်မြို့စားကြီး၏ အထူးအားထားရသော ချီရှက်ထက်ရှ စင် သိုင်းသမားများဖြစ်သည်။

သူတို့၏ လူစုမှာ အယောက် ၃၀ တိတိ ဖြစ်သည်။

သူတို့သည် တိုက်ခိုက်မှုကျွမ်းကျင်သဖြင့် ထိထိရောက်ရောက် ရှိလှပေသည်။

ယခုဆိုလျှင် ကျန်းပကျန်းတွင် ဓားဒဏ်ရာတစ်ချက် ရရှိသွား ပြီဖြစ်သည်။

ကျန်းချူးတုန်း၏ ပုခုံးတွင်လည်း ဓားချက်တစ်ချက် ထိထား လေသည်။

အတွေ့အကြုံရင့်ကျက်ပြီး သိုင်းလောကတွင် ကျော်စောခဲ့သော ကြေးတန်းစားလူသတ်သမား ကိုကျန်းလုံ၏ကျောတွင်လည်း ဓားချက် တစ်ချက် ထိခဲ့လေသည်။

ဒဏ်ရာလုံးဝမရရှိသေးသူမှာ လက်နက်မဲ့တိုက်ခိုက်နေသော ရှောင်မားတစ်ယောက်တည်းသာရှိသည်။

သူသည် ဒဏ်ရာမရသည့်အပြင် ကျန်လူသုံးယောက်ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာတာတွယ်နိုင်လေသည်။

တိုက်ပွဲမှာ မြင်းထန်ပြီး နှစ်ဘက်စလုံး အထိနာကြလေသည်။

ရှောင်မားခေါ်သံမထိလက်သီးကြောင့် ဓားသမားအချို့မှာ နှာခေါင်းနှိုး ကျိုးသွားခေါ်။

အချို့က လက်ကျိုးပြီး အချို့မှာ နံရိုးပင် ကျိုးသွားကြလေသည်။

သို့သော်–

အင်အားချင်းမမျှသဖြင့် အချိန်ကြာလာလျှင် ကျန်းပကျုန်းနှင့် တုန်ချူးတုန်းတို့မှာ ခံနိုင်ရည်ရှိတော့မည်မဟုတ်ပါ။

ထို့ကြောင့် ရှောင်မားသည် ထွက်ပြေးနိုင်ရန် အခွင့်အရေးကို စောင့်ရင်း အကြံထုတ်နေခေါ်။

သူက ရုတ်တရက် အကြံတစ်ခုရလာပြီး–

‘ဟေ့... အားလုံးရပ်လိုက်စမ်း၊ ကျုပ်တို့တွေ လူမှားတိုက်ခိုက်မိနေပြီ’

သူခေါ်စကားကြောင့် တိုက်ခိုက်နေသော လက်ရွေးစင်လူသတ်သမားများမှာ ရုတ်တရက် ကြောင်သွားပြီး တိုက်ခိုက်မှုကို ရပ်တန့်လိုက်လေသည်။

ထိုတိုက်ခိုက်မှု ရပ်သွားသော တဒင်္ဂအချိန်မှာပင် ရှောင်မားသည် ရန်သူများခေါ်မြင်းများကို တွေ့လိုက်ရလေသည်။

ထို့ကြောင့် သူက ကို့ကျုန်းလုံနှင့် ကျန်းပကျုန်းအား–

‘မြင်းဆီကို မြန်မြန်ပြေး’



ဟု ပြောလိုက်လေသည်။

ကို့ကျုန်းလုံသည် တိုက်ပွဲအတွေ့အကြုံများသောကြောင့် ရှောင်မား၏ အကြံကို ချက်ချင်းရိပ်မိလိုက်သည်။

သူသည် အနီးရှိ ကျန်းပကျုန်း၏လက်ကိုဆွဲကာ မြင်းဆီသို့ လျင်မြန်စွာ ပြေးသွားလေသည်။

ရှောင်မားကလည်း ကျန်းချူးတုန်း၏လက်ကို ဆွဲလိုက်ပြီး နောက်မှ ပြေးလိုက်သွားလေသည်။

လက်ရွေးစင်လူသတ်သမားတို့သည် ယခုမှပင် မိမိတို့ အလိမ်ခံလိုက်ရသည်ကို သိရသဖြင့် ရှောင်မားတို့လူစုနောက်သို့ တဟုန်ထိုး ပြေးလိုက်သွားလေသည်။

ကို့ကျုန်းလုံသည် မြင်းတစ်ကောင်ပေါ် ခုန်တက်လိုက်သည်။

တဆက်တည်းပင် ကျန်းပကျုန်းအား ဆွဲ၍ မြင်းကို ဒုန်းစိုင်း မောင်းနှင်သွားလေသည်။

ရှောင်မားသည် ကျန်းချူးတုန်းအား မြင်းပေါ်တင်ပေးပြီးချိန်မှာပင် လက်ရွေးစင်လူသတ်သမား ၂၀ ယောက်သည် ရှေ့ဆုံးမှ ပြေးလာလေသည်။

ရှောင်မားသည် မည်သို့မှ မလွတ်နိုင်သဖြင့် ရှေ့ဆုံးမှ လူနှစ်ယောက်အား လက်သီးနှစ်လုံးဖြင့် ထိုးသွင်းလိုက်လေသည်။

‘အား...’

‘ဝုန်း’

www.burmeseclassic.com

www.burmeseclassic.com



ထိုလူနှစ်ယောက်သည် နောက်သို့ လွင့်စင်သွားလေသည်။

သူတို့ခန္ဓာကိုယ်သည် နောက်သို့ လွင့်သွားချိန်တွင် နောက်မှ လိုက်လာသော လူများအား ထိမှန်သွားသဖြင့်-

'ဝုန်း... ဝုန်း...'

'အား... အမလေး'

နောက်မှလိုက်လာသောလူများသည် အလဲလဲ အပြိုပြို ဖြစ်သွားကြလေသည်။

သူတို့သည် လူးလိမ့်ထလာနိုင်ချိန်၌ ရှောင်မားတို့လူစုသည် အဝေးသို့ ရောက်သွားသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

## နန်းတွင်းကိုယ်ရံတော်မှူး

ည။

နေလုံးကြီး လုံးဝပျောက်ကွယ်သွားလေပြီ။

နန်းတွင်းကိုယ်ရံတော်မှူးဂေဟာသည် မှောင်အတိကျနေ၏။

သို့သော်-

ကိုယ်ရံတော်မှူး၏ စာဖတ်ခန်းတွင်မူ မီးရောင်ထိန်ထိန်လင်းနေ၏။

နန်းတွင်းကိုယ်ရံတော်မှူးသည် ညသည်တစ်ယောက်နှင့် တစ်နေရာချင်းဆိုင်ထိုင်၍ စကားပြောနေ၏။

ထိုညသည်မှာ လုယန်မြို့စားကြီးပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းတွင်းကိုယ်ရံတော်မှူးက–

'မြို့စားကြီးက ဘာကိစ္စအရေးကြီးလို့ ဒီလိုအချိန်မတော်ကြီး လာရတာလဲ'

လုယန်မြို့စားကြီးက–

'ကိစ္စကတော့ သိပ်အရေးကြီးနေပြီဗျ'

နန်းတွင်းကိုယ်ရံတော်မှူးက–

'အခြေအနေက ဘယ်လိုလဲ'

လုယန်မြို့စားကြီးက–

'ကို့ကျုန်းလုံကို အခုအချိန်ထိ မမိသေးဘူး'

နန်းတွင်းကိုယ်ရံတော်မှူးက–

'ဟာ... ခင်ဗျားမှာ အင်အားဒီလောက်များတာတောင် ကို့ကျုန်းလုံ လိုလူတစ်ယောက်ကို မမိသေးဘူးဆိုတော့ ခင်ဗျားတော်တော်ညံ့တာပဲ'

လုယန်မြို့စားကြီးက မျက်နှာပျက်သွားလေသည်။

'ကို့ကျုန်းလုံကိုမိဖို့က လွယ်ပါတယ်၊ သိုင်းသမားရှောင်မားသာ ဝင်မရှုပ်ရင် အခုလိုအခြေအနေ ရှုပ်ထွေးစရာတောင် မလိုဘူး။ အခုက ကို့ကျုန်းလုံတင်မကဘူး ရှောင်မားကိုပါဖမ်းဖို့ ကျုပ်ရဲ့လူ့ဝှက်လက်ရွေးစင် ၃၀ လွှတ်ထားတယ်'

နန်းတွင်းကိုယ်ရံတော်မှူးက မျက်မှောင်ကုတ်သွားလေသည်။

'သိုင်းသမားရှောင်မား ဟုတ်သလား'



လုယန်မြို့စားကြီးက–

'ဟုတ်ပါတယ်'

နန်းတွင်းကိုယ်ရံတော်မှူးက–

'သူက ဘာကြောင့် ဒီကိစ္စကို ဝင်ရှုပ်ရတာလဲ'

လုယန်မြို့စားကြီးက–

'သူက သူများကိစ္စကိုဝင်ရှုပ်နေရမှ စားဝင်အိပ်ပျော်တဲ့လူစား'

နန်းတွင်းကိုယ်ရံတော်မှူးက–

'အခု နန်းတော်ထဲမှာ ဘုရင်မင်းမြတ်က ဒီကိစ္စနဲ့ပတ်သက်ပြီး တရားသူကြီးတစ်ယောက် လွှတ်လိုက်ပြီလေ'

လုယန်မြို့စားကြီးက–

'အဲ့ဒီကိစ္စကို ကျုပ်ကြားပါတယ်၊ လွှတ်လိုက်တဲ့တရားသူကြီးက တရားသူကြီး ဖိန်ကုန်းမဖြစ်ဖို့ ဆုတောင်းရမှာပဲ'

သူက တစ်စုံတစ်ခုကို သတိရလာလေသည်။

'ဒါနဲ့... ကျုပ်တို့လူတွေက ကို့ကျုန်းလုံကို လိုက်ဖမ်းတဲ့အချိန်မှာ အညိုရောင်ဦးထုပ်၊ အညိုရောင်ဝတ်စုံ ဝတ်ထားတဲ့လူတစ်စုက ကို့ကျုန်းလုံကို လိုက်ကယ်တယ်လို့ ပြန်ပြောကြတယ်'

နန်းတွင်းကိုယ်ရံတော်မှူးက ခေါင်းညိတ်လိုက်ပြီး–

'ဟုတ်နိုင်တယ် ဒီလူစုဟာ တရားသူကြီးရဲ့လူတွေပဲ ဖြစ်ရမယ်'

လုယန်မြို့စားကြီးက–

'အို... ဘာပဲဖြစ်ဖြစ် ဒီလူတွေကိုလည်း အမြန်ဆုံး ဖမ်းဆီးပြီး သုတ်သင်ပစ်ရမယ်'

www.burmeseclassic.com

www.burmeseclassic.com



နန်းတွင်းကိုယ်ရံတော်မှူးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဒီကိစ္စကို အမြန်ဆုံး အကောင်အထည်ဖော်ပါ'

သူက တစ်စုံတစ်ခုအား သတိရလာလေသည်။

'ဪ... ဒါနဲ့ လီမိန်းကလေးက ခင်ဗျားလက်ထဲမှာ ရှိနေတယ် ဆိုတာလား'

လုယန်မြို့စားကြီးက−

'ဟုတ်ကဲ့... သူ့ကို မြေအောက်ခန်းထဲမှာ ချုပ်ထားပါတယ်'

နန်းတွင်းကိုယ်ရံတော်မှူးက−

'ကျောက်စိမ်းဟင်္သာရုပ်ကော ရပြီလား'

'ရပါပြီ'

လုယန်မြို့စားကြီး၏ မျက်နှာတစ်ခုလုံး ပြုံးရွှင်သွားလေသည်။

'ဟား... ဟား... မြို့စားကြီးက ဘယ်ဆိုးလို့ဟုန်း တို့လိုချင်တဲ့ ကျောက်စိမ်းဟင်္သာရုပ်ကို ရပြီးပြီပဲ အဲ့ဒီတော့ လီမိန်းကလေးကို'

သူကပြောရင်း လုယန်မြို့စားကြီးအား ကြည့်လိုက်သည်။

လုယန်မြို့စားကြီးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ ကျုပ်နားလည်ပါတယ်၊ ကနေ့ည သန်းခေါင်ကျော်ရင် လီချွေချွေဆိုတဲ့ မိန်းကလေးဟာ လောကပေါ်က ကွယ်ပျောက်သွားပါလိမ့်မယ်လို့ ကျုပ်ပြောရဲပါတယ်'

နန်းတွင်းကိုယ်ရံတော်မှူးက ချီးကျူးလိုက်လေသည်။

'ကောင်းတယ်၊ ကောင်းတယ်၊ ဒါကြောင့်မို့လို့လည်း အစ အရာရာ မြို့စားကြီးကိုပဲ အားကိုးနေရတာ'



လုယန်မြို့စားကြီးက ပြုံးလိုက်လေသည်။

'အခုလို ချီးကျူးတာ ကျေးဇူးတင်ပါတယ်၊ ပြီးတော့ နန်းတွင်းကိုယ်ရံတော်မှူးပြောတဲ့အတိုင်း ကျုပ်ကို ရာထူးတိုးပေးဖို့ ဘုရင်မင်းမြတ်ကို လျှောက်ဖို့လည်း မမေ့ပါနဲ့ဗျာ'

နန်းတွင်းကိုယ်ရံတော်မှူးက အားရပါးရ ရယ်မောလိုက်လေသည်။

'စိတ်ချထားစမ်းပါ မြို့စားကြီးရာ အခု ကိစ္စကျန်းလုံးကိစ္စ ပြတ်အောင်သာ ကြိုးစားပါ၊ အောင်မြင်ရင်တော့ သုံးရက်အတွင်း ရာထူးတိုးဖို့ ကျုပ်တာဝန်ယူပါတယ်ဗျာ'

'ဟား... ဟား... ဟား...'

'ဟား... ဟား... ဟား...'

သူတို့နှစ်ယောက်သည် ပြိုင်တူရယ်မောလိုက်ကြလေသည်။

* * *

'ဟိတ်... ဘယ်သူလဲကွ'

နန်းတွင်းကိုယ်ရံတော်မှူးက ရယ်မောနေရာမှ ရပ်တန့်လိုက်ပြီး အခန်းဝသို့ လှည့်ကာ မေးလိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်မျိုး လောက်တပါ'

အခန့်တော့လူက ခေါင်းငုံ့၍ ပြန်ဖြေလိုက်လေသည်။

နန်းတွင်းကိုယ်ရံတော်မှူးက လေသံမာမာဖြင့်–

'ဘာကိစ္စလဲ'

လောက်တက

'သခင်မကြီးက ညသည်အတွက် အရက်လာပို့ရမလားလို့ မေးခိုင်းလိုက်လို့ပါ'

နန်းတွင်းကိုယ်ရံတော်မှူးက ပြုံးလိုက်လေသည်။

'ဟုတ်သားပဲ မြို့စားကြီးကို ညခံဖို့မေ့နေလိုက်တာ'

သူက မျက်နှာထားကို တည်လိုက်ပြီး–

'အေး... အရက်နဲ့စားစရာပါ ယူခဲ့လို့ ပြောလိုက်'

လောက်တက ဦးညွှတ်ဖိုက်လေသည်။

'ဟုတ်ကဲ့'

သူက ပြောပြီး ချာခနဲ လှည့်ထွက်သွားလေသည်။

လုယန်မြို့စားကြီးသည် လှည့်ထွက်သွားသော လောက်တအား ကြည့်ကာ မျက်လုံးပြူးသွားလေသည်။

'နန်းတွင်းကိုယ်ရံတော်မှူး... သူက ဘယ်သူလဲဗျ'

နန်းတွင်းကိုယ်ရံတော်မှူးက–

'ဩော်... အသစ်ရောက်လာတဲ့ အိမ်ဖော်ဖြစ်မှာပေါ့... ဒီကိစ္စတွေ ကျွန်ုပ်ကမသိဘူး'



လုယန်မြို့စားကြီးက မျက်မှောင်ကုတ်သွားလေသည်။

'ကျုပ်ကသူ့ကို လူတစ်ယောက်နဲ့တူတယ်လို့ ထင်တယ်'

နန်းတွင်းကိုယ်ရံတော်မှူးက–

'ဘယ်သူနဲ့တူလို့လဲ'

လုယန်မြို့စားကြီးက–

'ရှောင်မားနဲ့တူလို့ပါ'

'သိုင်းသမားရှောင်မား'

နန်းတွင်းကိုယ်ရံတော်မှူးက အနည်းငယ် ကြောင်အမ်းအမ်း ဖြစ်သွား လေသည်။

ခဏကြာမှ အားရပါးရ ရယ်မောလိုက်လေသည်။

'အို... မဖြစ်နိုင်ဘူး ရှောင်မားက ဘယ်လောက်ပဲ သိုင်းပညာတော်တော် ကျုပ်လိုနန်းတွင်းကိုယ်ရံတော်မှူးတစ်ယောက်ရဲ့ အိမ်ကိုတော့ အခုလို အတင့်ရဲပြီး လာနိုင်မှာ မဟုတ်ပါဘူး'

လုယန်မြို့စားကြီးက ခေါင်းကို ဖြေးညှင်းစွာ ညိတ်လိုက်ပြီး–

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် သတိဆိုတာ ဝိုတယ်လို့မှ မရှိဘဲ'

နန်းတွင်းကိုယ်ရံတော်မှူးက နှာခေါင်းရှုံ့လိုက်လေသည်။

'ဟင်း... ခင်ဗျားက သိုင်းသမားရှောင်မားကို တော်တော်ကြောက်ပုံရတယ်'

လုယန်မြို့စားကြီးက လက်ကာပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော ဒူးတိုကြောက်လို့ မဟုတ်ပါဘူး။ သူက ရုပ်အမျိုးမျိုး ရှောင်ပြီး သူ့တစ်ပါးရဲ့ကိုယ်စွဲထဲမှာ ဝင်နှောင့်ယှက်တတ်တဲ့လူစားမို့လို့ သတိထားနေရတာပါ'

နန်းတွင်းကိုယ်ရံတော်မှူးက လုယန်မြို့စားကြီး၏ပုခုံးကို ပုတ်လိုက်လေသည်။

'စိတ်မပူပါနဲ့ကွာ ရှောင်မားသာ ကျုပ်ဆီကို လာနှောင့်ယှက်ရင်တော့'

သူက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြလိုက်လေသည်။

'ကျုပ်က သူ့ကို တစ်စစီ ခွဲဖြုပစ်လိုက်မှာပေါ့ကွ'

'ဟား... ဟား... ဟား...'

'ဟား... ဟား... ဟား...'

သူတို့နှစ်ယောက်၏ ရယ်မောသံသည် စားဖတ်ခန်းတစ်ခုလုံး ပျံ့နှံ့သွားလေတော့သည်။

* * *

## မြေအောက်အချုပ်ခန်း

ဤနေရာသည် မှောင်မဲစိုစွတ်သော မြေအောက်ခန်းဖြစ်သည်။

သေးငယ်သော ဆီမီးခွက်၏ အလင်းရောင်သည် ချွေ့ချွေ့ မျက်နှာပေါ်သို့ ထိုးကျနေ၏။

အခန်း၏ထောင့်တွင် ကောက်ရိုးပုံတစ်ခု ရှိလေသည်။

ချွေ့ချွေ့သည် ကောက်ရိုးပုံပေါ်၌ လဲလျောင်းရင်း အတိတ်ကို ပြန်တွေးနေ၏။

သူမသည် မိတ်ဆွေတစ်ဦးထံ သွားရောက်ရာ ခရီးလမ်းတွင် လုယန်မြို့စားကြီး၏ လူများက သူမအား ဖမ်းဆီးခေါ်ဆောင်လာခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လုယန်မြို့စားကြီး၏ စံအိမ်သို့ ရောက်သောအခါ သူမအား ဤမြေအောက်အချုပ်ခန်းထဲတွင် ပိတ်ထားခဲ့လေသည်။

သုံးရက်ခန့်ကြာမှ လုယန်မြို့စားကြီးကိုယ်တိုင် ရောက်လာပြီး သူမထံမှ ကျောက်စိမ်းဟသ်ာရုပ်ကို တောင်းခံလေသည်။

သူမက အတန်တန် ငြင်းလေသည်။

လုယန်မြို့စားကြီးက ကျောက်စိမ်းဟသ်ာရုပ်ကို မပေးလျှင် ရှောင်မားအား လုလွှတ်ပြီး သတ်ပိုင်းမည်ဆိုသဖြင့် သူမက ကျောက်စိမ်းဟသ်ာရုပ်ကို ပေးလိုက်ရလေသည်။

လုယန်မြို့စားကြီးက နောက်သုံးရက်ကြာလျှင် လွှတ်ပေးမည်ဟုလည်း ကတိပေးခဲ့သည်။

သူမသည် ဤအချုပ်ခန်းမှ လွှတ်ရန် အမျိုးမျိုးတွေးတောစဉ်းစားနေခဲ့လေသည်။

သို့သော်—

တစ်နေ့ ထမင်းနှစ်ကြိမ် လာပို့သည်မှလွဲ၍ လူသူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ခဲ့ပါ။

နောက်ဆုံး သူမက လက်ပိုက်ချလိုက်ပြီး မြို့စားကြီးလွှတ်ပေးမည့်အချိန်ကိုသာ စောင့်ဆိုင်းနေရ၏။

ဤနေ့သည် သုံးရက်မြောက်သောနေ့ပင် ဖြစ်လေသည်။

ရုတ်တရက်—

အခန်းတံခါး လှုပ်ရှားသံကြားရသောအခါ သူမသည် ဝမ်းသာသွားလေသည်။

လဲလျောင်းနေရာမှ ထထိုင်လိုက်လေသည်။



ခန္ဓာကိုယ်ကို နောက်သို့ ခပ်ကြုံ့ကြုံ့လေးထိုင်လိုက်ပြီး တံခါးဆီသို့ မျက်တောင်မခတ် ကြည့်လိုက်သည်။

'ချောက်...'

မင်တုံးချသံနှင့်အတူ တံခါးသည် အနည်းငယ် ပွင့်သွားလေသည်။

လူရိပ်တစ်ခု လျှင်မြန်စွာ ဝင်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူရိပ်က သူမထံ ချဉ်းကပ်လာလေသည်။

သူမက ထိတ်လန့်သွားလေသည်။

'ရှူး... တိုးတိုး'

လူရိပ်က အသံမထွက်စေရန် သတိပေးလိုက်လေသည်။

'ရှင် ဘယ်သူလဲ'

သူမက အသံတိုးတိုးဖြင့် မေးလိုက်လေသည်။

'အစ်ကို ရှောင်မားပါ ညီမလေး'

ရွှေ့ရွှေ့သည် ထိုအသံအား မှတ်မိလိုက်လေသည်။

သူမက အလွန်ဝမ်းသာသွားလေသည်။

'အစ်ကိုရှောင်မား... ရှင် ဘယ်လိုလုပ် ဒီကိုရောက်လာတာလဲဟင်'

ရှောင်မားက ရွှေ့ရွှေ့၏လက်နှင့်ခြေအား ခတ်ထားသော သံကြိုးများကို ဖြေပေးရင်း—

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုက ကျောက်စိမ်းဟသာ်ရုပ်ကို လိုက်စုံစမ်းရင်း ညီမလေးကို ချစ်သွားတယ်လို့ ကြားမိတာနဲ့ အခုလိုလာခဲ့တာပဲ'

သူက ချွေချွေ့အား တွဲထူလိုက်လေသည်။

'ညီမလေး လျှောက်နိုင်ရဲ့လား'

'ဟုတ်ကဲ့ လျှောက်နိုင်ပါတယ်'

'ဒါဆို မြန်မြန်သွားကြမယ်၊ အခု မြို့စားကြီးက ညီမလေးကို သတ်ဖို့ လူလွှတ်လိုက်ပြီ'

သူကပြောရင်း ချွေချွေ့၏လက်ကို ဆွဲကာ အချုပ်ခန်းထဲမှ ပြေးထွက်လာလေသည်။

အချုပ်ခန်းမှ ထွက်လာသည်နှင့် ကြိုနိလမ်းကွေ့ကွေ့ကောက်ကောက် ရှုပ်ရှုပ်ထွေးထွေးများကို တွေ့လိုက်ရလေသည်။

သို့သော်–

ရှောင်မားသည် ဤနေရာသို့လာစဉ်က ဂရုစိုက်မှတ်သားခဲ့သဖြင့် မြေအောက်ခန်းမှ အပေါ်သို့တက်နိုင်ခဲ့လေသည်။

သူတို့သည် မြေအောက်ခန်းမှထွက်လာပြီးနောက် အစောင့်များ မမြင်အောင် အကာအကွယ်ယူ၍ ပြေးလွှားသွားလေသည်။

သူတို့သည် အနည်းငယ်ဝေးသောနေရာသို့ ရောက်သောအခါ သစ်ပင်တစ်ပင်တွင် ချည်နှောင်ထားသော မြင်းနှစ်ကောင်ကို တွေ့လိုက်ရလေသည်။

ရှောင်မားက ပြုံးပြလိုက်လေသည်။



'ကဲ... ညီမလေးမြင်းပေါ် မြန်မြန်တက်'

ချွေချွေ့က ပြုံးလိုက်လေသည်။

'အစ်ကိုက ဘာလုပ်လုပ် သိပ်ပီရိတာပဲ... စေ့လည်း စေ့စပ်တယ်၊ ဒါကြောင့်လည်း ဒီလောက်နာမည်ကြီးနေတာ'

ဟု လွှတ်ခနဲ ချီးကျူးမိလေသည်။

ရှောင်မားက ရယ်မောလိုက်လေသည်။

'အစ်ကိုက သူများရဲ့အလုပ်တွေထဲ ဝင်ရှုပ်တော့ ဒီလိုမှ စေ့စေ့စပ်စပ် ကြိုမလုပ်ထားရင် တစ်ယောက်နဲ့အများဆို ကိုယ်ပဲ ခံရမယ် မဟုတ်လား... ဒါကြောင့်ပါ'

ချွေချွေ့နှင့် ရှောင်မားသည် ပြိုင်တူရယ်မောလိုက်ပြီး မြင်းကို နှင်းစိုင်း မောင်းနှင်သွားလေတော့သည်။

* * *

အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူသုံးယောက်သည် အားကိုယ်စီဖြင့် လုယန်မြို့စားကြီး၏ စာဖတ်ခန်းထဲမှ ထွက်လာလေသည်။

သူတို့အား လုယန်မြို့စားကြီးက မြေအောက်အချုပ်ခန်းတွင် ချုပ်ထားသော လီမိန်းကလေးအား သတ်ရန် လွှတ်လိုက်ခြင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတာဝန်သည် လက်ရွေးစင်လူသတ်သမား သုံးယောက်အဖို့ အလွန်လွယ်ကူချောမွေ့ပါးသော အလုပ်ဖြစ်သည်။

ထို့ကြောင့် လူသတ်သမားသုံးယောက်သည် အချုပ်ခန်းဆီသို့ စကားတပြောပြောဖြင့် အေးဆေးစွာ လျှောက်သွားလေသည်။

သူတို့သည် အချုပ်ခန်းရှေ့ ရောက်သည်နှင့် မျက်လုံးပြူးသွားလေသည်။

အချုပ်ခန်းတံခါးမှာ ပွင့်နေ၏။

သူတို့သည် အခြေအနေမဟန်မှန်း နားလည်လိုက်လေသည်။

ထို့ကြောင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ပြီး အခန်းထဲသို့ ပြိုင်တူ ပြေးဝင်သွားလေသည်။

အချုပ်ခန်းထဲသို့ ဝင်ရောက်မိသည်နှင့် သူတို့၏ခြေလှမ်းများ ပြိုင်တူရပ်တန့်သွားလေသည်။

သူတို့၏မျက်နှာတွင်လည်း အံ့ဩသည့်အရိပ်အရောင်များ ဖြစ်လာလေသည်။

အချုပ်ခန်းထဲ၌ လီရှွေ့ရှွေ့အား မတွေ့ရတော့ချေ။

သူတို့သုံးယောက်သည် တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ကြည့်လိုက်ကြပြီး ခြေအောက်ခန်းထဲမှ ပြိုင်တူပြေးထွက်လာကြလေသည်။

-ထို့နောက် ပတ်ဝန်းကျင်အား လှည့်ပတ်ကြည့်ရှုကြလေသည်။

သို့သော်-

ရှွေ့ရှွေ့၏အရိပ်အရောင်အား လုံးဝမတွေ့ရတော့ပါချေ။



သူတို့သုံးယောက်သည် စိတ်လျှော့လိုက်ပြီး လုယန်မြို့စားကြီး ရှိရာသို့ ခေါင်းငိုက်စိုက်ချကာ လျှောက်သွားကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အစီအစဉ်

လုယန်မြို့စားကြီးသည် လက်နောက်ပစ်၍ ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။

သူ၏မျက်နှာမှာ ဒေါသရောင်ကြောင့် နီမြန်းနေ၏။

သူ့ရှေ့တွင် အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသူသုံးယောက်က ခေါင်းငုံ့ထားပြီး မလှုပ်မယှက် ရပ်နေကြ၏။

လုယန်မြို့စားကြီးသည် လမ်းလျှောက်နေရာမှ ရပ်တန့်လိုက်လေသည်။

ထိုလူသုံးယောက်အား စေ့စေ့ကြည့်လိုက်လေသည်။



'တောက်... မင်းတို့ လုံးဝအသုံးမကျဘူးကွာ'

မင်းတို့လိုလက်ရွေးစင်လူသတ်သမား ၃ဝ ရှိရက်သားနဲ့ ဘာ စ်ခုမှ အောင်မြင်အောင်မလုပ်နိုင်ဘူး။ ကဲ... အခု လီမိန်းကလေး ယ်မှာလဲ'

လက်ရွေးစင်လူသတ်သမားသုံးယောက်သည် တစ်ယောက် က်မှာ တစ်ယောက်ကြည့်ပြီးနောက် အလယ်တွင်ရပ်နေသူက ဦးညွှတ် ိုက်ပြီး–

'အံချုပ်ခန်းထဲမှာ လီချွေ့ချွေ့ကိုချည်ထားတဲ့ကြိုးတွေကို ဖြေထား ာ တွေ့ရပါတယ်၊ ကျွန်တော်တို့ အထင်ကတော့ ရှောင်မား က်ချက်ပဲ ဖြစ်ရမယ်'

လုယန်မြို့စားကြီးက–

'ဘာ... ရှောင်မား... ရှောင်မားကို မင်းတို့ ရအောင်မသတ် ကြဘူးလား'

လူသတ်သမားသုံးယောက်က–

'ကျွန်တော်တို့မှာ ရှောင်မားကို ဖမ်းဖို့ အကြံအစည်တစ်ခု ါတယ်'

မြို့စားကြီး၏ မျက်လုံးအစုံသည် ဝင်းလက်သွားလေသည်။

'မင်းတို့ တကယ်ပြောနေတာလား'

လူသတ်သမားသုံးယောက်က ပြိုင်တူ ဦးညွှတ်လိုက်လေသည်။

'ကျွန်တော်တို့ကို အချိန်သုံးရက်သာပေးပါ... မြို့စားကြီး သုံးရက်

www.burmeseclassic.com

www.burmeseclassic.com



မြည်တာနဲ့ မြို့စားကြီးရှေ့မှောက်ကို ရှောင်မား ရောက်လာပါလိမ့်မယ်'

လုယန်မြို့စားကြီး၏ မျက်နှာမှာ ကြည်လင်သွားလေသည်။

'ဒီလိုပဲ ဖြစ်ရမှာပေါ့။ မင်းတို့ကို ငါဘယ်လောက် အားကိုးတယ်ဆိုတာ မင်းတို့သိပါတယ်'

လူသတ်သမားသုံးယောက်က–

'သိပါတယ် မြို့စားကြီး'

လုယန်မြို့စားကြီးက–

'အေး... မင်းတို့ပြောတဲ့အတိုင်း သုံးရက်အတွင်း ရှောင်မားကို ငါ့ရှေ့ခေါ်လာနိုင်ရင် မင်းတို့ကို အခုပေးမယ့်ဆုငွေရဲ့ နှစ်ဆပေးပါ့မယ်'

'ကျေးဇူးတင်ပါတယ် မြို့စားကြီး'

'ကောင်းပြီ... သွားကြတော့... အောင်မြင်ပါစေ'

လူသတ်သမားသုံးယောက်သည် မြို့စားကြီး ဦးညွှတ်၍ အခန်းထဲမှ ထွက်လာကြလေတော့သည်။

* * *

## ဟုတ်ကြိုင်တည်းခိုခန်း

မြို့ကလေး။

အလွန်စည်ကားသော မြို့ငယ်ကလေးတစ်မြို့ ဖြစ်သည်။

မင်းလမ်းမကြီး၏ တစ်ဖက်တစ်ချက်စီတွင် စားသောက်ဆိုင်များ၊ တည်းခိုခန်းများ၊ အဝတ်အထည်ဆိုင်များ၊ လောင်းကစားရုံများသည် မျက်နှာချင်းဆိုင် ရှိကြလေသည်။

လမ်းမကြီး၏ အစွန်ဆုံးတွင် ကြီးမားခမ်းနားလှသော အဆောက်အဦးကြီးတစ်ခု ရှိလေ၏။

ဤအဆောက်အဦးကြီးသည် ဤမြို့ကလေးရှိ တည်းခိုခန်းများအားလုံးအနက် လူအစည်ကားဆုံး၊ ခမ်းနားအသစ်ရှင်ဆုံး 'ဟုတ်ကြိုင်'

www.burmeseclassic.com

www.burmeseclassic.com



တည်းခိုခန်းပင် ဖြစ်သည်။

ဟုတ်ကြိုင်တည်းခိုခန်းသည် ဤမြို့ကလေးနှင့် မလိုက်ဖ
အောင်ပင် ခမ်းနားလှပလေသည်။

ဟုတ်ကြိုင်တည်းခိုခန်းပိုင်ရှင်သည် ဤမျှ ခမ်းနားလှသေ
တည်းခိုခန်းကို ဤမြို့ကလေးတွင် တည်ဆောက်ထားခြင်းမှာ အဘ
ကြောင့်နည်း။

ဤမြို့ကလေးသည် နေပြည်တော်သို့သွားရန် မလွှဲမရှော
ဖြတ်ကျော်ရမည့်နေရာတစ်ခု ဖြစ်လေသည်။

မင်းမှုထမ်းများ၊ နေပြည်တော်အရာရှိများသည် အကြောင်းကိ
ရှိ၍ ခရီးထွက်လျှင် ဤမြို့ကလေး၌ တထောက်နားတတ်ကြလေသည်

ထို့ကြောင့် စီးပွားရေးလာဒ်မြင်သော ဟုတ်ကြိုင်တည်းခိုခ
ပိုင်ရှင်သည် ထိုအကြောင်းကို သိထားသဖြင့် ယခုကဲ့သို့ မင်းမှုထမ်းမျာ
တည်းခိုနိုင်ရန် တည်းခိုခန်းကို ခမ်းနားကြီးကျယ်အောင် ပြုပြင်ထားခြ
ဖြစ်သည်။

ဟုတ်ကြိုင်တည်းခိုခန်းတွင် သူဌေးသူကြွယ်၊ ကုန်သည်များသ
မက နေပြည်တော်မှ လျှို့ဝှက်စေလွှတ်လိုက်သော တရားသူကြီ
ဖိန်ကုန်းပင် ဤတည်းခိုခန်းသို့ ရောက်ရှိနေပြီ ဖြစ်လေသည်။

တရားသူကြီးဖိန်ကုန်းသည် နေပြည်တော်တွင် အလွန်သြ
အာဏာရှိသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။

သူ့အမြင်တွင် မတရားသောအမှုဟု ထင်လျှင် ရှင်ဘုရင်ကို



အားမနာဘဲ ပြောကြားတတ်လေသည်။

ထို့ကြောင့် ဘုရင်မင်းမြတ်သည် တရားသူကြီးဖိန်ကုန်းအား
လေးစားချစ်ခင် အားကိုးလေသည်။

အလွန်အရေးကြီးသော နန်းတွင်းအမှုအခင်းများတွင် တရား
သူကြီး ဖိန်ကုန်းတစ်ယောက်တည်းကိုသာ စေခိုင်းလေ၏။

ယခုလည်း တရားသူကြီးဖိန်ကုန်းသည် နန်းတွင်းအရေးနှင့်
ဆက်စပ်နေသော အမှုကို စုံစမ်းရန် ဤမြို့ကလေးသို့ ရောက်နေခြင်း
ပင် ဖြစ်သည်။

တရားသူကြီး ဖိန်ကုန်းသည် ဤတည်းခိုခန်းအား အခြေခံစခန်း
အဖြစ် အသုံးပြု၍ သူ၏လူများပေးပို့သော သတင်းများကို စုဆောင်း
နေလေ၏။

သူ၏ ယဉ်သားများအနက် အညိုရောင်ဝတ်စုံ ဆင်တူဝတ်ဆင်
ထားသော လူစုသည် သူ၏အထူးတပ်သားများပင် ဖြစ်လေသည်။

ယခု တရားသူကြီးဖိန်ကုန်းသည် ရှင်ဘုရင်ကိုယ်တိုင် လျှို့ဝှက်
တာဝန်ပေးထားသော သူဌေးကြီး ကျန်းကုန်းပါနှင့် ကျောက်စိမ်းဟသာ
ရုပ်အမှုအတွက် အချက်အလက်များ စုံစုံလင်လင် ရရှိထားပြီး
ဖြစ်လေသည်။

သူသည် တရားခံအစစ်နှစ်ယောက်အား မည်သူမည်ဝါဟူ၍
စုံစမ်းဖော်ထုတ်ရန်သာ ကျန်ရှိတော့လေသည်။

တည်းခိုခန်းရှေ့သို့ မြင်းနှစ်ကောင်နှင့် လူနှစ်ယောက် ရောက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



လာလေသည်။

ထိုလူနှစ်ယောက်မှာ ရှောင်မားနှင့် ချွေချွေပင် ဖြစ်လေသည်။

သူတို့နှစ်ယောက်သည် တည်းခိုခန်းရှေ့သို့ ရောက်လာသည်နှင့် ဆိုင်လူလင်တစ်ယောက် ထွက်လာပြီး တောင်းပန်လိုက်လေသည်။

'ဝမ်းနည်းပါတယ်ခင်ဗျာ အခန်းအားလုံး လူပြည့်နေလို့ပါ'

ရှောင်မားက–

'ရပါတယ် ကျုပ်တို့မြင်းကိုသာ အစာကျွေးထားပါ၊ ကျုပ်တို့က ညီသည်တစ်ယောက်နဲ့ လာတွေ့တာ'

သူသည် ချွေချွေ၏လက်ကိုဆွဲကာ တည်းခိုခန်းထဲသို့ လှမ်းဝင်သွားလေသည်။

သူတို့သည် လှေကားပေါ်သို့ တက်လိုက်သည်နှင့် လှေကားဝတွင် အညိုရောင်ဝတ်စုံ ဝတ်ဆင်ထားသူနှစ်ယောက်က–

'မိတ်ဆွေတို့ အပေါ်ထပ်တစ်ထပ်လုံး ကျုပ်တို့ ငှားထားတယ်၊ ဘယ်သူမှ မတက်ရဘူး'

ရှောင်မားက ပြုံးပြလိုက်လေသည်။

'တရားသူကြီးဖိန်ကုန်းကို ကျွန်တော်ရှောင်မားက အရေးကြီးကိစ္စ တိုင်ပင်ချင်လို့ တွေ့ခွင့်တောင်းနေပါတယ်လို့ ပြောလိုက်ပါခင်ဗျာ'

ထိုလူနှစ်ယောက်သည် ရှောင်မားဟူသည့်အသံကို ကြားလိုက်သည်နှင့် သူတို့၏မျက်နှာတွင် ကြည်ညိုလေးစားသော အရိပ်အရောင်များ ဖြစ်ပေါ်လာလေသည်။



သူတို့က လက်နှစ်ဖက်ဆုပ်၍ အရိုအသေပေးလိုက်လေသည်။

'ဪ... ခင်ဗျားက သိုင်းသမားရှောင်မားကိုး၊ ကျွန်တော်တို့ တရားသူကြီးက ခင်ဗျားကို အရမ်းတွေ့ချင်နေပါတယ်၊ ကြွကြွပါခင်ဗျား'

သူတို့သည် ပြောပြီး ကိုယ်တိုင်ပင် လမ်းဖယ်ပေးလိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## တရားသူကြီးဖိန်ကုန်း

တရားသူကြီးဖိန်ကုန်း၏ မျက်နှာမှာ အလွန်တည်ကြည်လေးနက်နေ၏။

သူသည် ရှောင်မားပြောပြသည့် အချက်အလက်များကို ဂရုစိုက်၍ နားထောင်နေ၏။

တရားသူကြီးဖိန်ကုန်းသည် အလွန်ဩဇာအာဏာရှိသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။

သို့သော်—

—သူ၏ပုံပန်းမှာ သိုင်းသမားရှောင်မားအပေါ် လေးစားပုံပေါ်နေ၏။

သူက မျက်မှောင်ကုတ်၍ စဉ်းစားနေ၏။



ရှောင်မားက သူ့အား မျက်တောင်မခတ် ကြည့်နေ၏။

အတန်ကြာတော့မှ—

တရားသူကြီး ဖိန်ကုန်းက ခေါင်းညိတ်လိုက်လေသည်။

'အင်း... ခင်များပြောပြတဲ့ အချက်အလက်တွေက တော်တော်စိတ်ဝင်စားဖို့ကောင်းတယ်၊ သက်သေကော အထောက်အထားကော နိုင်လုံတယ်၊ ကျုပ်ရဲ့ယေသားတွေ တင်ပြတဲ့အချက်အလက်များနဲ့လည်း တိုက်ဆိုင်တယ်၊ ဒါကြောင့် ဒီအမှုမှာ တရားခံအစစ်က နှစ်ယောက်ဆိုတော့ သေချာသွားပြီ၊ ဒါပေမယ့် သူတို့နှစ်ယောက်ရဲ့လည်း ခေသူတွေမဟုတ်တော့ ကျုပ်တို့ဘက်က မိမိရရဖမ်းနိုင်ဖို့ အရေးကြီးတယ်'

ရှောင်မားက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ကဲ့... အခုလည်း ကြေးစားလူသတ်သမား ကိုကျန်းလုံက တော်တော်နောင်တရနေပါပြီ၊ ရုံးတော်မှာ သက်သေအဖြစ် အမှန်အတိုင်း ထွက်ဆိုပေးမယ်လို့ ကတိပေးထားပါတယ်'

တရားသူကြီး ဖိန်ကုန်းက ခေါင်းညိတ်လိုက်လေသည်။

'ကောင်းတယ် အခု ကိုကျန်းလုံက ဘယ်မှာလဲ'

ရှောင်မားက—

'သူဌေးကြီးကျန်းကုန်းပါအိမ်မှာ ရှိပါတယ်'

တရားသူကြီးဖိန်ကုန်းက—

'သူ့ကိုဘယ်သူက စောင့်ရှောက်ထားသလဲ'

ရှောင်မားက—

www.burmeseclassic.com

www.burmeseclassic.com



'သူဌေးကြီးရဲ့ သားနဲ့သမီးက ကြည့်ရှုထားပါတယ်'

တရားသူကြီးက–

'စိတ်ချရပါ့မလား'

ရှောင်မားက–

'စိတ်ချပါ ကိုကျွန်းလုံကိုယ်တိုင်က တရားဥပဒေရဲ့ အခုံးအဖြတ်ကို ခံယူမယ်လို့ ကတိပေးထားပါတယ်'

တရားသူကြီးက–

'အေးလေ ဒါဆိုလည်း ကျုပ်ဆီကိုအမြန်ဆုံးပို့ပေးပါ'

ရှောင်မားက–

'တရားသူကြီးက သူ့ကို လူလွှတ်ပြီးခေါ်ရင် လိုက်လာပါလိမ့်မယ်'

တရားသူကြီးက အပြင်သို့ လှမ်းပြောလိုက်လေသည်။

'တပ်ဖွဲ့တစ် အုပ်ချုပ်ရေးမှူးနှစ်ယောက် လာခဲ့'

သူ၏စကား ဆုံးသွားသည်နှင့် အညိုရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူနှစ်ယောက်က အခန်းထဲ လှမ်းဝင်လာလေသည်။

သူတို့သည် တရားသူကြီးအား ဦးညွှတ်ဂါရဝ်ပြီး–

'အမိန့်ရှိပါခင်ဗျာ'

တရားသူကြီးက–

–'မင်းတို့နှစ်ယောက် တပ်ဖွဲ့တစ်ကိုခေါ်ပြီး သူဌေးကြီးကျွန်းကျိုင်ရဲ့အိမ်ကိုသွားပါ၊ ကိုကျွန်းလုံကို ကျုပ်ဆီကိုခေါ်ခဲ့ပါ၊ မြန်ဆန်ပါရိုပါစေ



လုယန်မြို့စားကြီးရဲ့လူတွေ မရိပ်မိပါစေနဲ့'

'ကောင်းပါပြီ တရားသူကြီး'

ထိုလူနှစ်ယောက်က အရိုအသေပြုပြီး ချာခနဲ လှည့်ထွက်သွားလေတော့သည်။

တရားသူကြီး ဖိန်ကုန်းက ချွေ့ချွေ့ဘက်သို့ လှည့်လိုက်ပြီး–

'ကလေးမလေးရဲ့နာမည်က လီချွေ့ချွေ့ ဟုတ်သလား'

ချွေ့ချွေ့က ရိုသေစွာဖြင့်–

'ဟုတ်ပါတယ်ရှင်'

တရားသူကြီးက သူမအား စေ့စေ့ကြည့်၍–

'ကလေးမက ကျောက်စိမ်းဟင်္သာရုပ်နဲ့ပတ်သက်ပြီး ဘာတွေသိထားသလဲ'

ချွေ့ချွေ့က–

'ဘာမှ မသိပါဘူးရှင်'

တရားသူကြီးက–

'ကလေးမရဲ့ဖခင်က ဒီကျောက်စိမ်းဟင်္သာရုပ်ကို ဘယ်ကရလာတာလဲဆိုတာ ပြောပြဖူးသလား'

ချွေ့ချွေ့က–

'ကျွန်မတို့ရဲ့ ဘိုးဘွားပိုင်ပစ္စည်းလို့တော့ ဖေဖေက ပြောပြပါတယ်'

တရားသူကြီးက သက်ပြင်းချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို ဖြေးညှင်းစွာ ခါရမ်းလိုက်ပြီး–

'မဟုတ်ဘူး... ကလေးမ... အမှန်ပြောရရင် ဒီကျောက်စိမ်းဟင်္သာရုပ်ဟာ နေကြပ်တောင်ဘဏ္ဍာတိုက်ထဲ ရောက်ရမယ့် ရတနာ မဟုတ်ဘူး'

ချွေချွေက အံ့အားသင့်သွားလေသည်။

'ဒါဖြင့် ဘာဖြစ်လို့ ကျွန်မဖေဖေလက်ထဲ ရောက်နေရတာလဲ'

တရားသူကြီးက–

'ဒီကိစ္စ ပြောရမယ်ဆိုရင် အရှည်ကြီးပါ၊ ဒါပေမယ့် ကလေးမ သဘောပေါက်အောင် ကျဉ်းအတိုချုံးပြီး ပြောပြပါမယ်'

ချွေချွေက–

'ဒါနဲ့ ရှင် ကျွန်မဖေဖေက'

သူမစကား မဆုံးသေးပါ။

တရားသူကြီးက လက်ကာပြလိုက်လေသည်။

'ကျုပ်ပြောပြမှာကို သေချာနားထောင်ပါဦး ဒါဆို ကလေးမ မေးမယ့် မေးခွန်းရဲ့အဖြေကို သိရမှာပါ'

ချွေချွေက ခေါင်းညိတ်လိုက်လေသည်။

တရားသူကြီးက ချောင်းတစ်ချက်ဟန့်လိုက်ပြီး–

'ဒီလိုပါ... အမှန်တော့ ဒီကျောက်စိမ်းဟင်္သာရုပ်ဟာ နယ်ခြားက မြို့စားကြီးတစ်ဦးက အရှင်မင်းမြတ်ကို ဆက်သတဲ့ ရတနာများထဲက တစ်ခုပါ– ဘုရင်မင်းမြတ်ကလည်း ဆက်သတဲ့ ရတနာတွေထဲမှာ



ဒီကျောက်စိမ်းဟင်္သာရုပ်ကို အနှစ်သက်ဆုံးပါ။ ဒါကြောင့်လည်း ဒီရတနာတွေကို နန်းတော်ရဲ့ ဘဏ္ဍာတိုက်ထဲမှာမထားတဲ့ အလွန်လုံခြုံတဲ့ နေကြပ်တောင်ဘဏ္ဍာတိုက်ထဲ သွားထားဖို့ အမိန့်ပေးလိုက်တယ်လေ'

သူက စကားကို ခေတ္တရပ်လိုက်ပြီး ချွေချွေအား ကြည့်လိုက်လေသည်။ ချွေချွေက စိတ်ဝင်စားစွာ နားထောင်သည်ကို တွေ့ရသဖြင့်–

'ဒါပေမယ့် ရတနာတွေသွားထားတဲ့အဖွဲ့ဟာ ထမ်းမှာ ဓားပြတိုက်ခံခဲ့ရပါတယ်၊ ဓားပြတွေက ရတနာတွေထဲမှာ တန်ဖိုးကြီးတဲ့ ရတနာအချို့နဲ့ ကျောက်စိမ်းဟင်္သာရုပ်ကို လုယူသွားခဲ့ပါတယ်၊ ဓားပြတွေဟာ မျက်နှာမှာ အဝတ်စည်းထားတဲ့အတွက် ဘယ်သူဘယ်ဝါဆိုတာ စုံစမ်းလို့မရပါဘူး။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘုရင်မင်းမြတ်က တော်တော်လေး ရွှေစိတ်တော်ညှိုးရှာတယ်၊ ဒါကြောင့် တခြားရတနာတွေထက် ကျောက်စိမ်းဟင်္သာရုပ်ကို မရမက ပြန်လည်ရရှိဖို့ ကြိုးစားပါတယ်၊ ဒီကျောက်စိမ်းဟင်္သာရုပ်ကို ပြန်လည်ရရှိအောင် ဆောင်ရွက်ပေးနိုင်တဲ့လူကို ရာထူးတိုးပေးဖို့ အမိန့်ချလိုက်တယ်လေ'

တရားသူကြီး၏ ရှည်လျားစွာ ရှင်းပြလိုက်သော စကားဆုံးသွားသည်နှင့် ချွေချွေသည် မျက်ရည်ဝဲလာလေသည်။

'ဒါ... ဒါဆိုရင် ကျွန်မဖေဖေက ဒီအမှုမှာ တရားခံပေါ့... ဟုတ်သလား'

တရားသူကြီးမင်းက ခေါင်းခါယမ်းလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး... ကလေးမရဲ့ဖခင်ကို ပထမတော့ ကျုပ်က တရားခံလို့ သံသယဖြစ်မိသေးတယ်၊ ဒါပေမယ့် သူက ဘိုးစဉ်ဆောင်ဆက် ချမ်းသာလာတဲ့လူဆိုတော့ ဒီလိုဓားပြတိုက်လိမ့်မယ် မထင်ဘူးလေ'

တရားသူကြီးစကားကို ကြားရသောအခါ ချွေ့ချွေ့မျက်နှာမှာ ဝင်းသွားလေသည်။

တရားသူကြီးက ပြုံးလိုက်ပြီး စကားဆက်လိုက်လေသည်။

'ဒါကြောင့် ကျုပ်က လှလှတ်ပြီး သေချာစုံစမ်းတဲ့အခါမှာ ကလေးမရဲ့ဖခင်ဟာ ဒီကျောက်စိမ်းဟသ်ာရုပ်ကို အလွန်နှစ်သက်လို့ လူတစ်ယောက်ဆီက ဝယ်ခဲ့တယ်ဆိုတာ သိရတယ်'

'ဒါဖြင့် ရတနာတွေကို ဓားပြတိုက်တဲ့လူက ကျွန်မဖေဖေ မဟုတ်ဘူးပေါ့'

ချွေ့ချွေ့က ဝမ်းသာစွာဖြင့် မေးလိုက်လေသည်။

'ဟုတ်ပါတယ်'

'ဒါနဲ့ သူဌေးကြီးကျန်းကုန်းပါနဲ့ ကျွန်မဖေဖေဟာ ရန်ညိုး ရှိတယ်လို့ သိသလားရှင်'

ရှောင်မားက–

'ဟင့်အင်း အစ်ကိုတော့ မထင်ဘူး'

တရားသူကြီးက–

'ဒီကျောက်စိမ်းဟသ်ာရုပ်ကို သူဌေးကြီးကျန်းကုန်းပါကို လူ



တစ်ယောက်က ရောင်းချပေးဖို့ ခိုင်းတယ်... သူဌေးကြီးက သူ့ရဲ့ အရင်းနှီးဆုံးမိတ်ဆွေဖြစ်တဲ့ ကလေးမရဲ့ဖခင်ကို ရောင်းလိုက်တယ်... ဒါပေမယ့် ဒီကျောက်စိမ်းဟသ်ာရုပ်ကို နေပြည်တော်က အပူတပြင်း စုံစမ်းနေတာကိုသိတော့ ရောင်းခိုင်းတဲ့လူက ပြန်လိုချင်လာတယ်'

သူက ခေတ္တနား၍ စကားဆက်လိုက်လေသည်။

'ဒါနဲ့ သူဌေးကြီးက ကလေးမရဲ့ဖခင်ဆီက ပြန်ဝယ်တယ်၊ ကလေးမရဲ့ဖခင်က ပြန်မရောင်းတော့ စကားများပြီး သူဌေးကြီးက လက်လွန်သွားတယ်လို့ သိရတယ်'

သူ၏စကား ဆုံးသွားသည်နှင့် ချွေ့ချွေ့က မျက်ရည်များကျလာလေသည်။

ရှောင်မားက နှစ်သိမ့်လိုက်လေသည်။

ချွေ့ချွေ့က–

'ဘဘကျန်းက ဓားပြတိုက်တဲ့အဖွဲ့ထဲမှာ ပါဝင်လို့လား'

တရားသူကြီးက–

'မပါဝင်ပါဘူး'

ချွေ့ချွေ့က–

'ဒါဖြင့် တရားခံအစစ် ဘယ်သူဆိုတာကော သိရပြီလား'

တရားသူကြီးက ရှောင်မားသို့လှည့်၍–

'ကဲ... ရှောင်မား ကျုပ်တော့ ပြောရတာမောပြီ ခင်ဗျားပဲ ဆက်ပြောပြလိုက်ပါ'

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မားက ဦးညွှတ်၍–

'ဟုတ်ကဲ့'

သူသည် ချွေးချွေးဘက်သို့ လှည့်လိုက်ပြီး–

'ဒီလို ညီမလေးရဲ့'

သူသည် မည်သို့ပြောရမည်ကို အနည်းငယ် စဉ်းစားပြီးမှ စကားဆက်လိုက်လေသည်။

'သူဌေးကြီးက ညီမရဲ့ဖေဖေကိုသတ်ပြီး ပစ္စည်းကိုယူနိုင်းတဲ့လူဆီ သွားပြန်ပို့ဖို့ စဉ်းစားတုန်းမှာပဲ မင်းမှုထမ်းတွေက ရိပ်မိပြီး သူဌေးကြီးနောက်ကို လိုက်စုံစမ်းတယ်လေ၊ ဒါကိုသိလို့ သူ့ကိုခိုင်းတဲ့လူက ကြေးစားလူသတ်သမား ကိုကျန်းလုံကိုငှားပြီး နှုတ်ပိတ်ခိုင်းလိုက်တယ်၊ ကိုကျန်းလုံကို ငွေပေးပြီးခိုင်းတဲ့လူကလည်း နန်းတွင်းကိုယ်ရံတော်မှူး ဖြစ်နေတယ်လေ၊ ကိုကျန်းလုံ အဖမ်းခံရတော့ သူ့ကိုဖော်မှာကြောက်လို့ လူသတ်သမားတွေလွှတ်ပြီး ကိုကျန်းလုံကို အချုပ်ခန်းထဲမှာ သွားသတ်ခိုင်းတယ်၊ ရှင်းရှင်းပြောရရင် သက်သေဖျောက်တဲ့သဘောပေါ့'

ချွေးချွေးက ခေါင်းညိတ်လိုက်လေသည်။

'ကျွန်မနားလည်ပြီ၊ ဒါကြောင့် အစ်ကိုက ကိုကျန်းလုံကို လိုက်ကယ်နေတာပေါ့ ဟုတ်လား'

ရှောင်မားက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်... အဲဒီအချိန်က ကိုကျန်းလုံကို လိုက်သတ်တဲ့



လူစုက လုယန်မြို့စားကြီးရဲ့လူတွေဆိုတာတော့ သိလိုက်တယ်၊ ဒါပေမဲ့'

သူက စကားကိုရပ်၍ [illegible] ကြည့်လိုက်လေသည်။

'ကိုကျန်းလုံကို လိုက်ကယ်တဲ့ [illegible] လူကိုလည်း တွေ့ရတယ်၊ သူတို့က ကူညီပေးပြီး [illegible] တာကိုလည်း တွေ့ရတယ်လေ'

ချွေးချွေးက မေးပြီး–

'အဲဒီလူစုက တရားသူကြီးမင်းရဲ့ လူစုဆိုတာ [illegible] ပေါ့... ဟုတ်လား'

ရှောင်မားက–

'ဟုတ်တယ်၊ ပထမတော့ အစ်ကိုမသိဘူး ဘယ်သူ့ရဲ့လူ [illegible] ကို သိရအောင် နောက်ကလိုက်သွားပြီး ကိုကျန်းလုံကို ကယ် [illegible] သေးတယ်'

သူကပြုံး၍–

'နောက်မှ လိုက်စုံစမ်းကြည့်မှပဲ တရားသူကြီးမင်းရဲ့လူမှန်း သိရတယ်'

ချွေးချွေးက–

'ဒါကြောင့် အစ်ကိုက တရားသူကြီးမင်းနဲ့ လာခေါ်သွယ်တာပေါ့ ဟုတ်လား'

ရှောင်မားက–

'ဟုတ်ပါတယ်၊ အစ်ကိုက မင်းမှုထမ်းမဟုတ်ပေမယ့် မတရားလုပ်တဲ့ကိစ္စဆိုရင် ဝင်ရှုပ်နေရမှ ကျေနပ်တာ'

ချွေးချွေးက–

www.burmeseclassic.com

www.burmeseclassic.com



'အင်း… ဒါကြောင့်လည်း အစ်ကိုမှာ ရန်သူများနေတာပေါ့'

တရားသူကြီးက လက်ကာပြလိုက်လေသည်။

'ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲလေ လူတိုင်းလူတိုင်းသာ ရှောင်မား လို တာဝန်သိသိနဲ့ ဒုစရိုက်လုပ်ငန်းတွေကို ဖော်ထုတ်နိုင်မယ်ဆိုရင် ကျုပ်တို့တိုင်းပြည်က စည်ပင်ဝပြောပြီး ပြည်သူပြည်သားတွေလည်း အေးချမ်းသာယာတဲ့ဘဝနဲ့ နေနိုင်ကြမယ်မဟုတ်လား'

ချွေးချွေးက တစ်စုံတစ်ခုကို သတိရလာလေသည်။

'ဒါနဲ့ နန်းတွင်းကိုယ်ရံတော်မှူးကို တွေ့ပြီလား'

ရှောင်မားက–

'သူကတော့ သူ့ရဲ့စံအိမ်မှာပဲ ရှိမှာပါ၊ ဒါပေမယ့်လည်း သူ့ကို ဖမ်းဆီးဖို့ အရှင်မင်းမြတ်ဆီမှာ အမိန့်တောင်းထားပါတယ်၊ အရှင်မင်းမြတ်က အမိန့်ပေးလိုက်တာနဲ့ အစ်ကိုတို့က ဖမ်းဆီးနိုင်မှာပါ'

တရားသူကြီးမင်းက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ် နန်းတွင်းကိုယ်ရံတော်မှူး ဝမ်းလုံကိုဖမ်းဆီးမိရင်တော့ ကျောက်စိမ်းဟင်္သာရုပ်ကို ခိုးပြတိုက်တဲ့အဖွဲ့ကိုပါ ဖမ်းဆီးနိုင်တာပေါ့'

ချွေးချွေးကလည်း ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်၊ ဒီလူကို အမြန်ဖမ်းနိုင်ပါစေလို့ ကျွန်မဆုတောင်းတယ်၊ ဒါမှလည်း ဖေဖေ့ကိုသတ်နိုင်းတဲ့လူက တရားဥပဒေရဲ့အဆုံးအမကို ခံယူရမှာ'

–စိတ်ချပါကလေးမ ဒုစရိုက်မှုဆိုတာ ဘယ်တော့မှ ရှောင်ဖယ်လို့မရပါဘူး၊ သူတို့လုပ်တဲ့အပြစ်ကို သူတို့ခံရမှာပါ၊ အရှင်မင်းမြတ်ဆီက



အမိန့်တောင်းထားတာလည်း ကျလုနီးပါပြီ'

ရှောင်မားနှင့် ချွေးချွေးက ဝမ်းသာသွားလေတော့သည်။

* * *

လူနှစ်ဆယ်ကျော်။

တိတိကျကျပြောရလျှင် နှစ်ဆယ့်သုံးယောက်။

ကျင်းမြို့စားကြီး၏ လက်ရွေးစင်လူသတ်သမား ၃၀ အနက်မှ ၂၃ ယောက်ဖြစ်သည်။

ကျန်ခုနစ်ယောက်မှာ ရှောင်မား၏လက်သီးဒဏ်ကြောင့် ဒဏ်ရာရရှိကာ ယနေ့အထိ နလန်မထူနိုင်ချေ။

ထိုလူ ၂၃ ယောက်သည် အနက်ရောင်ကိုယ်ကြပ်အင်္ကျီများ ဝတ်ဆင်၍ ဓား၊ လှံ၊ ပေါက်ဆိန်၊ လက်နက်မျိုးစုံ ကိုင်ထားကြလေသည်။

မြင်းကိုယ်စီစီးကာ မင်းလမ်းမကြီးအတိုင်း အရှိန်ပြင်းစွာ မောင်းနှင်သွားနေ၏။

သူတို့သည် ရှောင်မားနှင့် ကိုကျန်းလုံအား တွေ့ရာသင်္ချိုင်း ဓားမဆိုင်းဘဲ သုတ်သင်နိုင်ရန် ချီတက်သွားနေခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မားက ဦးညွှတ်၍–

'ဟုတ်ကဲ့'

သူသည် ရွှေရွှေဘက်သို့ လှည့်လိုက်ပြီး–

'ဒီလို ညီမလေးရဲ့'

သူသည် မည်သို့ပြောရမည်ကို အနည်းငယ် စဉ်းစားပြီးမှ စကားဆက်လိုက်လေသည်။

'သူဌေးကြီးက ညီမရဲ့ဖေဖေကိုသတ်ပြီး ပစ္စည်းကိုယူခိုင်းတဲ့ လူဆီ သွားပြန်ပို့ဖို့ စဉ်းစားတုန်းမှာပဲ မင်းမှုထမ်းတွေက ရိပ်မိပြီး သူဌေးကြီးနောက်ကို လိုက်စုံစမ်းတယ်လေ၊ ဒါကိုသိလို့ သူ့ကိုခိုင်းတဲ့ လူက ကြေးစားလူသတ်သမား ကိုကျန်းလုံကိုငှားပြီး နှုတ်ပိတ်ခိုင်း လိုက်တယ်၊ ကိုကျန်းလုံကို ငွေပေးပြီးခိုင်းတဲ့လူကလည်း နန်းတွင်း ကိုယ်ရံတော်မှူး ဖြစ်နေတယ်လေ၊ ကိုကျန်းလုံ အဖမ်းခံရတော့ သူ့ကို ဖော်မှာကြောက်လို့ လူသတ်သမားတွေလွှတ်ပြီး ကိုကျန်းလုံကို အချုပ်ခန်းထဲမှာ သွားသတ်ခိုင်းတယ်၊ ရှင်းရှင်းပြောရရင် သက်သေပျောက်တဲ့ သဘောပေါ့'

ရွှေရွှေက ခေါင်းညိတ်လိုက်လေသည်။

'ကျွန်မနားလည်ပြီ၊ ဒါကြောင့် အစ်ကိုက ကိုကျန်းလုံကို လိုက် ကယ်နေတာပေါ့ ဟုတ်လား'

ရှောင်မားက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်... အဲဒီအချိန်က ကိုကျန်းလုံကို လိုက်သတ်တဲ့



လူစုက လုယန်မြို့စားကြီးရဲ့လူတွေဆိုတာတော့ သိလိုက်တယ်၊ ဒါပေမဲ့'

သူက စကားကိုရပ်၍ တရားသူကြီးအား ကြည့်လိုက်လေသည်။

'ကိုကျန်းလုံကို လိုက်ကယ်တဲ့ အညိုရောင်ဝတ်စုံနဲ့ လူစုကိုလည်း တွေ့ရတယ်၊ သူတို့က ကူညီပေးပြီးမှ ကိုကျန်းလုံကိုဖမ်းဖို့ ကြိုးစားတာ ကိုလည်း တွေ့ရတယ်လေ'

ရွှေရွှေက ပြုံးပြီး–

'အဲဒီလူစုက တရားသူကြီးမင်းရဲ့ လူစုဆိုတာကို အစ်ကိုမသိဘူး ...ပေါ့... ဟုတ်လား'

ရှောင်မားက–

'ဟုတ်တယ်၊ ပထမတော့ အစ်ကိုမသိဘူး ဘယ်သူ့ရဲ့လူဆိုတာ ကို သိရအောင် နောက်ကလိုက်သွားပြီး ကိုကျန်းလုံကို ကယ်ရ ...သးတယ်'

သူကပြုံး၍–

'နောက်မှ လိုက်စုံစမ်းကြည့်မှပဲ တရားသူကြီးမင်းရဲ့လူမှန်း ...သိရတယ်'

ရွှေရွှေက–

'ဒါကြောင့် အစ်ကိုက တရားသူကြီးမင်းနဲ့ လာဆက်သွယ် ...တာပေါ့ ဟုတ်လား'

ရှောင်မားက–

'ဟုတ်ပါတယ်၊ အစ်ကိုက မင်းမှုထမ်းမဟုတ်ပေမယ့် မတရား ...ယ်တဲ့ကိစ္စဆိုရင် ဝင်ရှုပ်နေရမှ ကျေနပ်တာ'

www.burmeseclassic.com



သူတို့သည် လုယန်မြို့စားကြီးအား ပေးခဲ့သည့်ကတိအတိုင်း သုံးရက်အတွင်း ရှောင်မားအား ဖမ်းဆီးနိုင်ရန် ယခုကဲ့သို့ ထွက်လာကြခြင်း ဖြစ်လေသည်။

သူတို့သည် ရှောင်မား၏ လှုပ်ရှားမှုအားလုံးကို တိတိကျကျ သိထားပြီးဖြစ်လေသည်။

ထို့ကြောင့် သူတို့သည် အင်နှင့်အားနှင့် ရှောင်မားအား လက်ရ ဖမ်းဆီးနိုင်ရန် အကွက်ဆင်ထားလေသည်။

ဤတစ်ကြိမ်တွင် သူတို့သည် အောင်ပွဲခံနိုင်လိမ့်မည်ဟု ယုံကြည်ထားကြလေသည်။

သူတို့သည် စိတ်ထဲတွင် ဝမ်းသာပျော်ရွှင်နေကြသဖြင့် သွက်သွက်လက်လက်ပင် မြို့ကလေးသို့ ချီတက်သွားနေကြသည်။

ယင်းမြို့ကလေးတွင် ရှောင်မား ရောက်ရှိနေသည်ဟု သူတို့၏ အဖွဲ့သားများက သေသေချာချာ သတင်းပို့ထားခြင်း ဖြစ်လေသည်။

အားလုံး၏စိတ်ထဲတွင်တော့—

'ရှောင်မားရေ ဒီနေ့ဟာ မင်းရဲ့သေနေ့ပဲကွ၊ ငါတို့အလုပ်ကို ဝင်ရှုပ်တဲ့ကောင် ဒီတစ်ခါ မလွတ်တော့ပါဘူးကွာ'

* * *



မြို့ကလေး။

မြို့ကလေး၏ တစ်ခုတည်းသော တည်းခိုခန်းတွင် ရှောင်မားသည် အမှန်တကယ်ပင် ရောက်ရှိနေ၏။

ရှောင်မားသာမက ချွေ့ချွေ့ပါ ပါလာ၏။

သူတို့သည် မပြီးဆုံးသေးသော တာဝန်များကို ဆက်လက်ဆောင်ရွက်ရန်အတွက် လာခြင်းဖြစ်သည်။

သို့သော်—

သူသည် ဤမြို့ကလေးသို့ ရောက်ပြီး နောက်တစ်နေ့တွင် တည်းခိုခန်းမှ ဆိုင်လုလင်အချို့က သူ့အား သတိပြုချောင်းကြည့်နေသည်ကို ရိပ်စားမိလေသည်။

ထို့ကြောင့် သူသည် စိတ်ထဲ၌ သက်ာမကင်း ဖြစ်လာလေသည်။

ချွေ့ချွေ့အား အကျိုးအကြောင်းပြောပြလိုက်လေသည်။

'ညီမလေးရေ ကြည့်ရတာ အခြေအနေမဟန်ဘူး အစစအရာရာ သတိထားနေမှ တော်ကာကျလိမ့်မယ်၊ အဲ့ဒီတော့ ညီမလေးနဲ့ အစ်ကိုနဲ့ အခက်အခဲရှိရင် တစ်ယောက်ကိုတစ်ယောက် ကူညီနိုင်အောင် မသိချင်ယောင်ဆောင်ကြမယ်၊ ညီမလေးက အပေါ်ထပ်မှာနေ အစ်ကိုက အောက်ထပ်မှာနေမယ် ဟုတ်ပြီလား'

ချွေ့ချွေ့က—

'ခွဲနေတာကတော့ ဟုတ်ပါပြီ အစ်ကိုရယ် ကျွန်မက ရန်သူနဲ့တွေ့ရင် အစ်ကိုက ကယ်နိုင်သေးတယ်၊ အစ်ကိုက ရန်သူနဲ့တွေ့ရင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ဘယ်လိုကယ်ရမှာလဲ'

ရှောင်မားက ပြုံးလိုက်လေသည်။

'ညီမလေးက တရားသူကြီးမင်းဆီ အမြန်ဆုံးသွားပြီး အခြေအနေကို ပြောပြ အကူအညီတောင်းပေါ့'

ချွေချွေက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ကဲ့... ဒါနဲ့ ကျွန်မတို့ဒီမှာ ဘယ်လောက်ကြာကြာ နေရဦးမှာလဲ'

ရှောင်မားက–

'ဒါကတော့ကွယ် အခြေအနေအရပေါ့'

ချွေချွေသည် နားမလည်နိုင်ဘဲ ဖြစ်သွားလေသည်။

'ဟင်... ဝမ်းလုံနောက်ကို မလိုက်တော့ဘူးလား'

ရှောင်မားက–

'သူ့ဆီကိုသွားရင်တောင် အခြေအနေကြည့်ရုံပဲရမှာ သူက နန်းတွင်းကိုယ်ရံတော်မှူးဆိုတော့ အာဏာရှိတယ်၊ ပြန်ခုခံနိုင်တယ်၊ ဒါကြောင့် အရှင်မင်းမြတ်ဆီက အမိန့်စောင့်နေတာ၊ သူတို့ဘက်က စလှုပ်ရှားလာရင်တော့ တရားသူကြီးမင်းအားကိုးနဲ့ ဖမ်းဆီးရမှာပဲ၊ နောက်မှသာ အရှင်မင်းကြီးရှေ့မှာ ရှင်းတာပေါ့'

ချွေချွေက–

'ဟင်... အစ်ကိုစကားကလည်း'

ရှောင်မားက–



'ဟုတ်တယ်... ညီမလေးရဲ့... သူငြိမ်နေတဲ့အချိန်မှာ ကိုယ့်မှာ ဖမ်းမိန့်မရှိဘဲ သွားဖမ်းရင် ကိုယ့်အလွန်ဖြစ်သွားလိမ့်မယ်၊ ဒါကြောင့် သူ့ဘက်က စလှုပ်ရှားလာအောင် ကြိုးစားရမယ်'

သူက ချွေချွေအား ကြည့်၍ စကားဆက်လိုက်လေသည်။

'အခုအချိန်မှာ လုယန့်မြို့စားကြီးက အစ်ကိုနဲ့ ကိုကျန်းလုံကို အသေရရ အရှင်ရရ လိုချင်နေတာ၊ ဒါကြောင့် အစ်ကိုက အရှောင်ပြလိုက်ရင် သူတို့က လိုက်မှာပဲ အဲ့ဒီအခါ ဝမ်းလုံက ငြိမ်နေမှာ မဟုတ်ဘူး'

သူ၏စကားကြောင့် ချွေချွေက ရင်ထိတ်သွားလေသည်။

'အစ်ကိုကလဲ တော်ကြာ သူတို့က အစ်ကို့ကို သတ်လိုက်ရင်'

ရှောင်မားက ခေါင်းခါရမ်းလိုက်လေသည်။

'မပူပါနဲ့ ညီမလေးရယ် သူတို့က အစ်ကို့ကို ဘယ်လိုမှ မသတ်နိုင်ပါဘူးကွာ'

ချွေချွေက–

'ဘာဖြစ်လို့လဲ'

ရှောင်မားက ပြုံး၍–

'သူတို့က အစ်ကို့ကိုသတ်လိုက်ရင် တရားသူကြီးမင်းရဲ့ လှုပ်ရှားမှုကို မျက်ခြေပြတ်သွားမှာ စိုးရိမ်လို့ပေါ့'

ချွေချွေက ခေါင်းခါရမ်းလိုက်လေသည်။

'အစ်ကိုရယ် မဖြစ်သေးပါဘူး။ အသက်အန္တရာယ်နဲ့ တော်တော်

www.burmeseclassic.com

www.burmeseclassic.com



နိုးပါတယ်ရှင်'

ရှောင်ကားက နှစ်သိမ်းလိုက်လေသည်။

'ရှေ့ပိုင်းနဲ့ ညီမလေးရယ် အနည်းဆုံးတော့ အစ်ကိုက ကိုယ့်ကိုယ်ကို ကာကွယ်နိုင်ပါတယ်'

* * *

# လှုပ်ရှားခြင်း

နံနက်။

ချွေ့ချွေ့သည် အိပ်ရာမှနိုးလာသည်နှင့် အောက်သို့ ဆင်းလာလေသည်။

စားသောက်ခန်းထဲတွင် ရှောင်မား တစ်ယောက်တည်း စားသောက်နေသည်ကို တွေ့လိုက်ရလေသည်။

ရှောင်မားက သူမအား တံခါးဝဘက်သို့ မေးဆတ်ပြလိုက်လေသည်။

ချွေ့ချွေ့က တံခါးဝသို့ လျှောက်သွားလိုက်ရာ သူမမျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



များ ဝိုင်းစက်သွားလေသည်။

အကြောင်းမှာ တည်းခိုခန်းရှေ့နှင့် အနီးတစ်ဝိုက်တွင် ဈေးသည်များ အသုံးအသည်ကားနေသောကြောင့် ဖြစ်သည်။

ခေါက်ဆွဲဆိုင်ငယ်များ၊ အထည်ရောင်းသူများ၊ ပေါက်စီရောင်းသူများ၊ မြေပဲလှော်ရောင်းသူများ စသည်ဖြင့် စုံလင်နေ၏။

ချွေ့ချွေ့သည် ကြည့်နေရင်းပင် လမ်းမကြီးဆီသို့ ဖုန်လုံးကြီး လိမ့်လာသည်ကို တွေ့လိုက်ရလေသည်။

မြင်းများ အရှိန်ပြင်းစွာ မောင်းနှင်လာခြင်းဖြစ်လေသည်။

မြင်းများသည် တဖြည်းဖြည်း နီးကပ်လာသောအခါ မြင်းပေါ်မှ လူများကို သဲကွဲစွာ မြင်လာရလေသည်။

ထိုလူများ၏ ဝတ်စားပုံကို ကြည့်ပြီး လုယန်မြို့စားကြီး၏ လို့ဝှက်လက်ရွေးစင် လူသတ်သမားများဖြစ်သည်ကို သိလိုက်လေသည်။

သူမသည် ထိတ်လန့်သွားပြီး ချာခနဲ လှည့်ကာ အခန်းထဲသို့ ပြေးဝင်လာလေသည်။

သူမသည် ကုတ်ငြေရရ စားသောက်နေသော ရှောင်မားအား သတိပေးရန် အနားလျှောက်လာချိန်တွင် ရှောင်မားက မျက်စေ့မိတ်၍ လက်ကာပြလိုက်လေသည်။

ထိုအချိန်မှာပင် လက်ရွေးစင်တစ်ဖွဲ့များက တည်းခိုခန်းအား ဝိုင်းရံထားလိုက်လေသည်။

ချွေ့ချွေ့သည် နောက်သို့ ဖြည်းဖြည်းဆုတ်၍ ချောင်ကျသော



စားပွဲတွင် ထိုင်ချလိုက်လေသည်။

သူမထိုင်ပြီးပြီးချင်းမှာပင် အနက်ရောင်ဝတ်ဆင်ထားသော လူများသည် အခန်းထဲသို့ ပြေးဝင်လာပြီး ရှောင်မားထိုင်နေသော စားပွဲအား ဝိုင်းရံလိုက်လေသည်။

'ဟား... ဟား... ဟား...'

ခေါင်းဆောင်ဖြစ်သူက ရယ်မောလိုက်လေသည်။

ရှောင်မားသည် စားသောက်မပျက်၊ မော့ပင်မကြည့်ပါ။

ခေါင်းဆောင်ဖြစ်သူက–

'ကိုယ့်လူ... မင်းဟန်ဆောင်မနေပါနဲ့တော့၊ မင်းက သိုင်းသမား ရှောင်မားဆိုတာ ကျုပ်တို့က တိတိကျကျသိပြီးပါပြီ'

ရှောင်မားသည် စားသောက်ခြင်းကို ရပ်လိုက်ပြီး ခေါင်းမော့ကြည့်လိုက်လေသည်။

'ကျုပ်က ရှောင်မားမဟုတ်ဘူးလို့ ခင်ဗျားတို့ကို ငြင်းနေလို့လားဗျ'

ခေါင်းဆောင်ဖြစ်သူက ရယ်မောလိုက်လေသည်။

'ဟား... ဟား... ဟား...'

ဟုဂ၊ ရယ်မောရာမှ ရပ်တန့်လိုက်ပြီး–

'သတ္တိကတော့ တော်တော်ကောင်းတယ်ကွာ'

ရှောင်မားက ပြုံးလိုက်ပြီး–

'အခုလို ချီးကျူးတာ ကျေးဇူးတင်ပါတယ်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ဖြစ်သူက နှုတ်ခမ်းကိုကိုက်လိုက်ပြီး–

'တင်း... မင်းကိုရိုက်ချင်ရိုက်လာတာ မဟုတ်ဘူးကွ'

ရှောင်မားက ဒေမင်တကာ ဒုံကြွတာမို့ဖြင့်–

'မြို့ဖွင့် ဘာလုပ်ဖို့လာတာလဲ'

'ရှုပ်... ရှုပ်... ရှုပ်...!'

ဝိုင်းရံထားသောလူများသည် လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်လေသည်။

'ကဲ... ရှောင်မား မင်းအသာတကြည့်လိုက်ခဲ့မလား ဒါမှမဟုတ် မင်းကို ခြေထောက်ဖြတ်ပြီး ခေါ်သွားရမလား'

ရှောင်မားသည် မုန်းတစ်ချက် တွန့်လိုက်လေသည်။

'ကျုပ်ကို ဘယ်ခေါ်သွားမလို့လဲဗျ'

ခေါင်းဆောင်ဖြစ်သူက–

'သိပ်စကားမများနဲ့ အခုမတ်တပ်ရပ်လိုက်စမ်း'

ရှောင်မားက လက်ကာပြလိုက်လေသည်။

'အိုး... အိုး... ဒီလောက်လည်း ဒေါသမကြီးပါနဲ့ ထလို့ ပြောရင်လည်း ထမို့မယ်ဗျာ'

သူသည် စကားဆုံးသွားသည်နှင့် လျှပ်တပြက် ခန္ဓာကိုယ်ကို အပေါ်သို့ ခုန်တက်လိုက်လေသည်။

'ချွပ်... ချွပ်... ဒိုး... ဒိုး...'

သူ့အား ဝိုင်းရံထားသော လူများသည် လက်နက်များဖြင့်



သူ့အား တိုက်ခိုက်ကြလေသည်။

သို့သော်–

သူတို့၏တိုက်ခိုက်မှုသည် အချည်းနှီးဖြစ်သွားလေသည်။

ရှောင်မား၏ခန္ဓာကိုယ်သည် ပေါ့ပါးသွက်လက်စွာဖြင့် ၎င်းတို့၏ တိုက်ခိုက်မှုကို ရှောင်တိမ်းပြီး ခုန်ပျံကျော်လွှား သွားလေသည်။

ခေါင်းဆောင်က မျက်လုံးပြူးသွားပြီး–

'လိုက်ကြဟေ့'

လက်ရွေးစင် လူသတ်သမားအချို့တို့သည် အခန်းထဲရှိ ထွက်ပေါက်များအားလုံးကို ပိတ်ထားလိုက်လေသည်။

ကျန်လူများက ရှောင်မားနောက်သို့လိုက်၍ တိုက်ခိုက်ကြလေသည်။

'ဝုန်း...'

သူတို့သည် ဝိုင်းရံတိုက်ခိုက်နေသည့်ကြားမှပင် ရှောင်မားသည် ရှောင်တိမ်းရင်း ပြန်လည်တိုက်ခိုက်လိုက်ရာ လူတစ်ယောက် လဲကျသွားလေသည်။

ခေါင်းဆောင်ဖြစ်သူသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး လက်ထဲမှဓားဖြင့် လက်နက်သုံးစမရှိသော ရှောင်မားနောက်သို့ လိုက်၍ တိုက်ခိုက်လေသည်။

ရှောင်မား၏ ရှောင်တိမ်းပုံမှာ ထိကျသည်။

လျှင်မြန်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မားသည် သူ့အား တိုက်ခိုက်မှုကို ရှောင်တိမ်းနေသည့်ကြားမှ ဓားသမားအချို့အား လဲကျသွားအောင် တိုက်ခိုက်နိုင်လေသည်။

* * *

တိုက်ပွဲကား ပြင်းထန်နေ၏။

ချွေးချွေးသည် ချောင်ကျသော စားပွဲတွင် ထိုင်ကာ တုပ်တုပ်မျှမလှုပ်ဘဲ တိုက်ပွဲအခြေအနေကို အကဲခတ်နေ၏။

သူမသည် ထိုင်နေရင်း လက်ထဲတွင် ကုန်စ်ချောင်းကို ချိန်ဆပြီးကိုင်ထား၏။

စားပွဲအနီးသို့ရောက်လာသော သူများအား လစ်လျှင် လစ်သလိုတိုက်ခိုက်နေ၏။

သူမ၏လက်ချက်ကြောင့် ဓားသမား လေးယောက်ခန့်သည်ကြမ်းပြင်ပေါ်တွင် လဲကျမှေးမှောနေ၏။

ခေါင်းဆောင်ဖြစ်သူသည် အလွန်ဒေါသထွက်နေ၏။

သူသည် ရှောင်မားအား အစွမ်းကုန် တိုက်ခိုက်နေသော်လည်း ရှောင်မား၏ အကျိုးစကိုပင် ထိခိုက်နိုင်စွမ်း မရှိပါ။

သူသည် ယခုမှပင် ရှောင်မားအဘာယ်ကြောင့် နာမည်ကြီး



သည်ကို နားလည်လိုက်လေသည်။

ရှောင်မားသည် နာမည်ကြီးထိုက်သည်ဟုလည်း ယုံကြည်လာလေသည်။

သူသည် ယခု သူ၏လူများနှင့် ရှောင်မားအား ဖမ်းဆီးနိုင်ရန်မှာ မလွယ်ကူမှန်း နားလည်လိုက်လေသည်။

ထိုအချိန်မှာပင် မမျှော်လင့်သော ဖြစ်ရပ်တစ်ခုသည် ထူးဆန်းစွာဖြစ်ပေါ်လာလေသည်။

အဲကြောင်းမှာ ရှောင်မားသည် သူ့အား ရှောင်တိမ်းရင်း မည်သို့ဖြစ်သွားမှန်းမသိဘဲ ကြမ်းပြင်ပေါ်သို့ လဲကျသွားခြင်းဖြစ်လေသည်။

ခေါင်းဆောင်ဖြစ်သူသည် ထိုအခွင့်အရေးကို လက်ရအသုံးပြုနိုင်ခဲ့လေသည်။

သူသည် လဲကျနေသော ရှောင်မား၏ခန္ဓာကိုယ်ပေါ်သို့ လျှပ်မြန်စွာ ခုန်အုပ်လိုက်လေသည်။

'ဟေ့… မြန်မြန်လာကြဟေ့ ဒီမှာ မိပြီကွ'

သူသည် သူ၏လူများအား လှမ်းအော်လိုက်လေသည်။

ကျန်လူများကလည်း စုရုံးရောက်ရှိလာပြီး ရှောင်မားအား ဝိုင်းရံဖမ်းဆီးလိုက်ကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



'ဟား... ဟား... ဟား...'

လက်ရွေးစင်ဓားသမားခေါင်းသည် အားရပါးရ ရယ်မောလိုက်လေသည်။

သူသည် ရှောင်မားအား သရော်သောအကြည့်ဖြင့် ကြည့်လိုက်ပြီး–

'ကဲ... ရှောင်မား မင်းငါ့လက်က လွတ်နိုင်သေးရဲ့လားကွ ဟင်'

ရှောင်မားသည် မည်သို့မျှ ပြန်မပြောဘဲ ဝင်ရောက်တိုက်ခိုက်ဟန်ပြင်နေသော ချွေ့ချွေ့အား မျက်ရိပ်ပြလိုက်လေသည်။

ချွေ့ချွေ့သည် မကျေမနပ်ဖြစ်သွားပြီး ပြန်ထိုင်ချလိုက်ရလေသည်။

ဓားသမားများသည် ရှောင်မားအား ကြိုးဖြင့် အထပ်ထပ်တုပ်နှောင်လိုက်ကြသည်။

ထို့နောက် ရှေ့နောက်ခြံရံလျက် တည်းခိုခန်းမှ ထွက်လာကြလေသည်။

အပြင်သို့ရောက်လာသောအခါ ဧည့်သည်များသည် ဝိုင်းအုံလာပြီး ရှောင်မားအား အထူးအဆန်းသဖွယ် ကြည့်နေကြ၏။

ဧည့်သည်တစ်ယောက်က မနေနိုင်ဘဲ–

'သူက ဘယ်သူလဲဗျ'

ဓားသမားခေါင်းဆောင်က ပြုံးလိုက်ပြီး–

'သူက အခုတလော နာမည်ကြီးနေတဲ့ သိုင်းသမားရှောင်မားပေါ့'



'ဩော်... သိုင်းသမားရှောင်မားကိုး'

ကျန်ဧည့်သည်များကလည်း အံ့ဩသွားကြလေသည်။

'ဟင်... သိုင်းသမားရှောင်မားဆိုတာ သူ... ဟုတ်လား'

လက်ရွေးစင်ဓားသမားတစ်ယောက်က ဝင့်ကြွားစွာပြုံးလိုက်ပြီး–

'ဟုတ်ပါတယ်ဗျာ သူက ရှောင်မားအစစ်ပါ ဒါပေမယ့် အခု သူက ကျုပ်တို့ကို ဘယ်လာအံ့တုနိုင်မှာလဲဗျ'

ဧည့်သည်တစ်ယောက်က–

'ခင်ဗျားတို့က ဘယ်သူတွေမို့လို့လဲ'

ဓားသမားတစ်ယောက်က–

'ကျုပ်တို့က လုယန်မြို့စားကြီးရဲ့ လက်ရွေးစင် ဓားသမားတွေလေ'

ယခင်အချိန်များကဆိုလျှင် ဤဓားသမားများသည် ယခုကဲ့သို့ စိတ်ရှည်လက်ရှည် ဖြေကြားလိမ့်မည်မဟုတ်ပေ။

ယခုမှာမူ လျှမ်းလျှမ်းတောက် နာမည်ကြီးနေသော သိုင်းသမားရှောင်မားအား လက်ရဖမ်းဆီးနိုင်ခဲ့သဖြင့် ဝမ်းသာပျော်ရွှင်နေကြခြင်းဖြစ်သည်။

'ကဲ... ရဲဘော်တို့... အားလုံး မြင်းပေါ်တက်ကြ သွားကြမယ်ဟေ့'

ခေါင်းဆောင်ဖြစ်သူက အမိန့်ပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ရှောင်မားအား လွတ်နေသောမြင်းတစ်ကောင်ပေါ် တင်ပေးလိုက်လေသည်။

ထိုနောက် ရှေ့နောက်ဝဲယာ ဝိုင်းရံ၍ ထွက်ခွာသွားကြလေသည်။

သူတို့ ထွက်ခွာသွားပြီးနောက် တခဏအကြာတွင် ဈေးသည် အချို့သည် မြင်းကိုယ်စီစီးကာ ၎င်းတို့လူစုနောက်သို့ တိတ်တဆိတ် လိုက်သွားကြလေတော့သည်။

* * *

လုယန်မြို့စားကြီး၏ ဂေဟာ။

လုယန်မြို့စားကြီးသည် ဧည့်ခန်းထဲတွင် လက်ကိုနောက်ပစ်၍ ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။

ယနေ့သည် လက်ရွေးစင်စစ်သား ၃၀ တို့က ရှောင်မားအား လက်ရဖမ်းပေးမည်ဟု ကတိပေးထားသော နောက်ဆုံးနေ့ဖြစ်သည်။

ထို့ကြောင့် လုယန်မြို့စားကြီးသည် စိတ်လှုပ်ရှားနေသဖြင့် မထိုင်နိုင်ဘဲ ယခုကဲ့သို့ လမ်းလျှောက်ကာ သတင်းကိုစောင့်မျှော်နေခြင်း ဖြစ်၏။

ရုတ်တရက်–

အစောင့်တစ်ယောက်သည် ဧည့်ခန်းထဲသို့ ပြေးဝင်လာပြီး



ဒူးထောက်လိုက်လေသည်။

မြို့စားကြီးက–

'ဘာကိစ္စလဲကွ'

အစောင့်က–

'သတင်းလာပို့တာပါ မြို့စားကြီး'

လုယန်မြို့စားကြီးသည် လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

'ဘာသတင်းလဲ'

အစောင့်က–

'လက်ရွေးစင်စစ်သားများက သိုင်းသမားရှောင်မားကို လက်ရဖမ်းဆီးလာကြောင်းပါ'

လုယန်မြို့စားကြီး၏မျက်နှာသည် ချက်ချင်းပြုံးရွှင်သွားလေသည်။

'ကောင်းတယ် သိပ်ကောင်းတယ်ကွာ'

လုယန်မြို့စားကြီးသည် ကုလားထိုင်ပေါ်တွင် ဣန္ဒြေရရထိုင်လိုက်လေသည်။

မကြာပါချေ။

လက်ရွေးစင်စစ်သားများသည် ရှောင်မားအား ကြိုးများ ထပ်ထပ်ချည်နှောင်ပြီး လာလေသည်။

လက်ရွေးစင်စစ်သားအားလုံးတို့သည် လုယန်မြို့စားကြီးအား ဦးညွှတ်၍ အရိုအသေပြုလိုက်ကြပြီး ရှောင်မားအား မြို့စားကြီးရှေ့သို့ တွန်းပို့လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓားသမားခေါင်းဆောင်က–

'မြို့စားကြီးခင်ဗျာ... ကျွန်တော်တို့ပေးထားတဲ့ကတိအတိုင်း သုံးရက်အတွင်း ရှောင်မားကိုဖမ်းဆီးနိုင်ပါပြီ'

လုယန်မြို့စားကြီးက ခေါင်းညိတ်လိုက်လေသည်။

'ကောင်းတယ်... မင်းတို့တော်တယ်၊ ကျုပ်ကပေးထားတဲ့ ကတိအတိုင်း မင်းတို့ကို ဆုငွေပေးရမှာပေါ့လေ'

ခေါင်းဆောင်ဖြစ်သူက ပြုံးလိုက်လေသည်။

'ကျေးဇူးတင်ပါတယ် မြို့စားကြီး'

မြို့စားကြီးက လက်ကာပြလိုက်လေသည်။

'ကျေးဇူးတင်တာခဏထားဦး ရှောင်မားကို ဒီမှာထားလို့တော့ မဖြစ်ဘူး နန်းတွင်းကိုယ်ရံတော်မှူးဆီကို ပို့ရမယ်'

ခေါင်းဆောင်ဖြစ်သူက ခေါင်းညိတ်လိုက်လေသည်။

'အမိန့်အတိုင်းပါ မြို့စားကြီး'

လုယန်မြို့စားကြီးက ပြုံးလိုက်လေသည်။

'ကဲ... ကဲ... မင်းတို့လည်း ပင်ပန်းလာတယ် အနားယူလိုက်ကြ၊ မနက်ဖြန် နေမထွက်ခင် ရှောင်မားကို နန်းတွင်းကိုယ်ရံတော်မှူးဆီကို ပို့မယ်၊ ကျုပ်ကိုယ်တိုင်လည်း လိုက်မယ် ဒါကြောင့် အဆင်သင့်ဖြစ်နေပါစေ'

* * *



နေမထွက်သေးပါ။

မိုးသောက်ချိန်ဖြစ်သည်။

မြင်းသည်တော်တစ်စုသည် မင်းလမ်းမကြီးအတိုင်း ဦးတည်သွားနေ၏။

ရှေ့ဆုံးမှ မြင်းပေါ်တွင် လုယန်မြို့စားကြီး လိုက်ပါလာလေသည်။

သူ့နောက်တွင် ရှောင်မားအား ဓားသမားများက ခြံရံ၍ လိုက်ပါလာခဲ့လေသည်။

သူတို့သည် နန်းတွင်းကိုယ်ရံတော်မှူးစံအိမ်သို့ ဦးတက်သွားနေခြင်းဖြစ်သည်။

သူတို့၏နောက် တစ်မိုင်ခန့်အကွာတွင် အညိုရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူတစ်စုသည် မြင်းကိုယ်စီဖြင့် လိုက်လာကြလေသည်။

ထိုအညိုရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူစုမှာ တရားသူကြီး စိန်ကုန်း၏တစ်ဖွဲ့ပင် ဖြစ်လေသည်။

တရားသူကြီး စိန်ကုန်းသည် ရှောင်မားနှင့်တိုင်ပင်ပြီး ထိုမြို့ကလေးသို့ သူ့လူများအား ဈေးသည်ဟန်ဆောင်စေပြီး အခြေအနေကို စုံစမ်းရန် လွှတ်ထားခြင်းဖြစ်သည်။

သူတို့သည် လုယန်မြို့စားကြီးကိုယ်တိုင် ဦးဆောင်၍ ရှောင်မားအား ဖမ်းဆီးသွားသည်ကို တွေ့ရသဖြင့် ယခုကဲ့သို့ နောက်ယောင်ခံလိုက်လာခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကျွန်းလိုက်ကလည်း လိုက်ပါရစေဟု တရားသူကြီးထံတွင် ခွင့်တောင်းသဖြင့် တရားသူကြီးက ခွင့်ပြုသောကြောင့် လိုက်ပါလာလေသည်။

ဤသို့ဖြင့် နေဝင်ချိန်တွင် လုယန်မြို့စားကြီးတို့ လူစုသည် နန်းတွင်းကိုယ်ရံတော်မှူး၏ စံအိမ်သို့ ရောက်ရှိလာလေတော့သည်။

* * *

ညှော်ခန်းတစ်ခုလုံး ထိန်ထိန်လင်းနေ၏။

နန်းတွင်းကိုယ်ရံတော်မှူးနှင့် လုယန်မြို့စားကြီးသည် ကျားသစ်ရေခင်းထားသော ကုလားထိုင်ပေါ်တွင် ထိုင်နေ၏။

လက်ရွေးစင်တပ်သားများသည် အခန်း၏ထောင့် ဝဲယာတဘက်တချက်တွင် နေရာယူထားပြီး ရှောင်မားသည် အခန်း၏ အလယ်တည့်တည့်တွင် မတ်တတ်ရပ်နေ၏။

နန်းတွင်းကိုယ်ရံတော်မှူးက ရှောင်မားအား ကြည့်လိုက်ပြီး–

'မင်းက ရှောင်မား... ဟုတ်သလား'

ရှောင်မားက–

'ဟုတ်ပါတယ်ခင်ဗျာ'



'မင်းက ဘာကြောင့် ကျုပ်တို့ကိစ္စကို ဝင်ရှုပ်ရတာလဲ'

ရှောင်မားက နန်းတွင်းကိုယ်ရံတော်မှူးအား စိုက်ကြည့်လိုက်ပြီး–

'ကျွန်တော်က ဝင်ရှုပ်တယ်ဆိုရအောင် နန်းတွင်းကိုယ်ရံတော်မှူးက ဘာတွေများ လုပ်နေလို့လဲ'

နန်းတွင်းကိုယ်ရံတော်မှူးက–

'ဒီမှာရှောင်မား... မင်းငါ့ကို ပြန်မေးမနေပါနဲ့ကွာ မင်းက နေပြည်တော်က ခိုးပြတိုက်ခံရတဲ့ ကျောက်စိမ်းဟသာရုပ်နဲ့ ရတနာတွေကို လိုက်စုံစမ်းနေတာ ကျုပ်ကသိပြီးသားပါ'

ရှောင်မားက ပြုံးလိုက်လေသည်။

'ကျွန်တော်က ကျောက်စိမ်းဟသာရုပ်အကြောင်း လိုက်စုံစမ်းတာ ကိုယ်ရံတော်မှူးနဲ့ ဘာများဆက်ဆိုင်လို့လဲဗျ'

နန်းတွင်းကိုယ်ရံတော်မှူးက ဒေါသထွက်လာလေသည်။

'မင်းက ဘာကြောင့် အခုမှ မသိချင်ယောင်ဆောင်ရတာလဲ'

'ကျွန်တော်က ဘာကိုဟန်ဆောင်နေလို့လဲဗျ'

နန်းတွင်းကိုယ်ရံတော်မှူးက မဲ့ပြုံးပြုံးလိုက်ပြီး–

'ဒီမှာရှောင်မား မင်းလည်း သိုင်းလောကမှာ ကျက်စားနေတဲ့ လူပဲ ကျုပ်ကို ကောင်းကောင်းသိမှာပေါ့'

'သိပါတယ်... အဲ့လည်း အဲ့ဩမိပါတယ်။ ကိုယ်ရံတော်မှူးက ဝမ်လုံဖြစ်တယ်ဆိုတာ ကျွန်တော်သိထားလို့ပါ'

နန်းတွင်းကိုယ်ရံတော်မှူးက အားရပါးရ ရယ်မောလိုက်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

'ဒီတင်စကားသေးဘူးခင်ဗျ'

'ဪ... မင်းက တော်တော်သိထားတာပဲ ပြောစမ်းပါဦးကွာ'

'ဒီလိုပါ ဝမ်းလုံ့ဆိုတာ တစ်ချိန်တုန်းက ပင်လယ်ဓားပြ တစ်ယောက်ပါ၊ အဲ့ဒီပင်လယ်ဓားပြဟာ နှစ်ပေါင်းအတော်ကြာကြာ ဓားပြတိုက်ပြီးနောက် အရှင်မင်းမြတ်ဆီမှာ အညံ့ခံခဲ့ပါတယ်၊ နောက် တော့ အရှင်မင်းမြတ်က သူ့ရဲ့သိုင်းပညာကို သဘောကျတာနဲ့ သူ့ကို ပုန်ကန်ထကြွတဲ့ ဓားပြတွေကို နှိမ်နင်းခိုင်းတယ်၊ သူကလည်း ခိုင်းတဲ့ အတိုင်း အောင်မြင်ခဲ့တယ်၊ အရှင်မင်းမြတ်က သူ့ကို နန်းတွင်းကိုယ်ရံ တော်ရာထူးပေးပြီး ၁၀ နှစ်အတွင်းမှာ နန်းတွင်းကိုယ်ရံတော်မှူးရာထူး အထိ တိုးမြှင့်ပေးခဲ့တယ်'

နန်းတွင်းကိုယ်ရံတော်မှူး၏ မျက်နှာမှာ မည်းခနဲဖြစ်သွား လေသည်။

'အောင်မာ... မင်းက ဒီလောက်တောင်သိထားမှကိုး'

ရှောင်မားက ပြုံးလိုက်ပြီး–

'ဟုတ်ကဲ့ ပထမတော့ ကျောက်စိမ်းဟသ်ာချစ်ကို ဓားပြ တိုက်သွားတာ ဘယ်သူမှန်းမသိရှိအမှန်ပါ အခုမှပဲ နန်းတွင်းကိုယ်ရံတော်မှူး နဲ့ လုယန်မြို့စားကြီးက ပေါင်းပြီး လုထားလိုက်တာဆိုတာကို ကျွန်တော် သိသွားပါပြီ'

လုယန်မြို့စားကြီးက အားရပါးရ ရယ်မောလိုက်လေသည်။



'ဟား... ဟား... ဟား... မင်းမဆိုးဘူးကွ၊ ဒါပေမယ့် မင်း တစ်ခုတော့မေ့နေသေးတယ်'

ရှောင်မားက အံ့ဩဟန်ဖြင့်–

'ဘာများလဲဗျ'

လုယန်မြို့စားကြီးက သူ့အား စေ့စေ့ကြည့်လိုက်ပြီး–

'မင်းရဲ့အသက်ဟာ နောက်နေ့မကူးတော့ဘူးဆိုတာကို မေ့ထား တယ်လေ'

ရှောင်မားက ပြုံးလိုက်လေသည်။

'ဒါကတော့ လူကြီးမင်းတို့အထင်ကိုး၊ အမှန်တော့ တရားဥပဒေ ကို စောင့်ထိန်းရမယ့် ခင်ဗျားတို့က တရားဥပဒေကို ချိုးဖောက်တော့ တရားဥပဒေရဲ့ အဆုံးအဖြတ်ကို ခံယူရမယ်ဆိုတာကိုလည်း ခင်ဗျားတို့ မေ့နေတာပဲ'

နန်းတွင်းကိုယ်ရံတော်မှူးသည် ထိုင်ရာမှ ဖြည်းညှင်းစွာ ထရပ် လိုက်လေသည်။

'ကဲ... အားတော့နာပါတယ် ရှောင်မားရယ် မင်းက သိထား တာတွေများနေတော့ မင်းကိုငါမသတ်ချင်ဘဲ သတ်ရတော့မှာပေါ့'

သူက လုယန်မြို့စားကြီးဘက်သို့ လှည့်ကြည့်လိုက်ပြီး–

'ရှောင်မားကိုခေါ်သွားတော့'

* * *

www.burmeseclassic.com

www.burmeseclassic.com



နန်းတွင်းကိုယ်ရံတော်မှူးစံအိမ်၏ နောက်ဘက် မြေကွက်လပ်တွင် တိုင်တစ်တိုင်၌ ရှောင်မားအား ကြိုးဖြင့်ချည်နှောင်ထားလေသည်။

ဓားသမားတစ်ယောက်သည် ဓားကို အသင့်ပြင်ထားပြီး မြို့စားကြီး၏အမိန့်ကို စောင့်ဆိုင်းနေ၏။

နန်းတွင်းကိုယ်ရံတော်မှူးသည် လုယန်မြို့စားကြီးနှင့် ယှဉ်ရပ်နေရာမှ ရှောင်မားရှေ့သို့ လျှောက်သွားပြီး–

'ရှောင်မား… မင်းရဲ့အရည်အချင်းကြောင့် ကျုပ်က နောက်ဆုံးအခွင့်အရေးတစ်ခုပေးမယ်'

ရှောင်မားက မော့ကြည့်လိုက်လေသည်။

နန်းတွင်းကိုယ်ရံတော်မှူးက–

'ပထမအချက်က မင်းက ကျုပ်အပေါ် သစ္စာခံရမယ်၊ ဒုတိယအချက်ကတော့ ကိုကျန်းလုံကို သွားသတ်ပေးရမယ်၊ ဒီနှစ်ချက်ကို လိုက်နာနိုင်ရင် ကျုပ်ကမင်းကို ကျုပ်ရဲ့လက်အောက်မှာ ရာထူးတစ်ခု ပေးထားမယ်၊ ဘယ်လိုလဲ'

ရှောင်မားက ခေါင်းခါယမ်းလိုက်လေသည်။

'လူကြီးမင်းက ကျုပ်ကို ရာထူးမပေးနိုင်ပါဘူး'

'ကျုပ်က နန်းတွင်း ကိုယ်ရံတော်မှူးကွ မင်းကို ရာထူးကောင်းကောင်း ပေးနိုင်တာပေါ့'

'အင်း… ဟုတ်တာပေါ့၊ အရင်အချိန်ကဆိုရင်တော့ ပေးနိုင်ပါတယ်၊ ဒါပေမယ့် အခုတော့ မကြာခင်မှာပဲ ကိုယ်ရံတော်မှူးက



ရာဇဝတ်သားဖြစ်တော့မှာမို့လို့ပါ'

နန်းတွင်းကိုယ်ရံတော်မှူးသည် ဒေါသခြောင်းခြောင်းထွက်သွားလေသည်။

'ဟောက်… တော်တော်စော်ကားတဲ့ကောင်'

သူက တက်တစ်ချက်ပြင်းစွာ ခေါက်ရင်း မြို့စားကြီးအား လက်ဖေ့ယမ်းပြလိုက်လေသည်။

လုယန်မြို့စားကြီးက အသံကျယ်လောင်စွာဖြင့် အမိန့်ပေးလိုက်လေသည်။

'သတ်စေ'

ရှောင်မားအား သတ်ရန် ဟန်ပြင်နေသော ဓားသမားက ရှောင်မား၏ဂုတ်ပေါ်သို့ ခုတ်ချလိုက်လေတော့သည်။

'အား…'

စူးရှသောအသံတစ်ချက် ထွက်ပေါ်လာလေသည်။

ရှောင်မား၏အသံ မဟုတ်ပါ။

ရှောင်မားအား သတ်ဟန်ပြင်နေသော ဓားသမား၏အသံ ဖြစ်ပါသည်။

အကြောင်းမှာ သူ၏ဓားသည် ရှောင်မားအားခုတ်ရန် မြှောက်လိုက်ချိန်၌ သူ့အနီးရှိ ဓားသမားတစ်ယောက်က လက်ထဲမှဓားဖြင့် ခုတ်ပေါက်လိုက်ခြင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်သော အဖြစ်အပျက်ကြောင့် လုယန်မြို့စားကြီးနှင့် နန်းတွင်းကိုယ်ရံတော်မှူးတို့သည် ကြောင်အအဖြစ်သွားကြလေသည်။

ထိုအချိန်မှာပင် လက်ရွေးစင်ဓားသမား ၁၀ ယောက်ခန့်သည် ခေါင်းပေါ်မှ အဝတ်နက်များနှင့် ကိုယ်ပေါ်မှ ဝတ်စုံများကို ချွတ်ချလိုက်လေသည်။

၎င်းတို့မှာ တရားသူကြီး ဖိန်ကုန်း၏ အညိုရောင်ဝတ်စုံ ဝတ်ထားသော လူစုပင်ဖြစ်လေသည်။

နန်းတွင်းကိုယ်ရံတော်မှူးနှင့် လုယန်မြို့စားကြီးသည် အလွန်အံ့အားသင့်သွားကြလေသည်။

ထိုတဒင်္ဂအချိန်အတွင်းမှာပင် ဓားနှင့်ပစ်ပေါက်လိုက်သော သူသည် ရှောင်မာအား ချည်နှောင်ထားသော ကြိုးများကို ဖြတ်ပေးလိုက်လေသည်။

နန်းတွင်းကိုယ်ရံတော်မှူးနှင့် လုယန်မြို့စားကြီးသည် ယခုမှပင် သတိဝင်လာပြီး လက်ရွေးစင်ဓားသမား ၂၀ ကို အမိန့်ပေးလိုက်လေသည်။

'ဟေ့... ဘာကြောင်နေတာလဲ သူတို့ကိုမလွှတ်စေနဲ့'

ထိုအခါမှပင် လက်ရွေးစင်ဓားသမားများသည် အညိုရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူစုအား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

* * *



တိုက်ပွဲမှာ အလွန်ပြင်းထန်နေ၏။

တကယ်တန်း ယှဉ်သောအခါ လုယန်မြို့စားကြီး၏ လက်ရွေးစင်တပ်ဖွဲ့များသည် သိုင်းပညာတော်ကြသည်မှာ မှန်သော်လည်း တရားသူကြီးမင်း၏ တပ်ဖွဲ့မှာ တစ်ဦးချင်းသိုင်းပညာ အဆင့်မြင့်ကြသဖြင့် လုယန်မြို့စားကြီး၏ လက်ရွေးစင်တပ်ဖွဲ့များမှာ ဒဏ်ရာများ ရရှိကြလေသည်။

'ချွမ်... ချွမ်... ချွမ်...'

'အား...'

အချိန်ကြာလာသည်နှင့်အမျှ လက်ရွေးစင်ဓားသမားများမှာ ရှုံးနိမ့်လာကြလေသည်။

တစ်ယောက်ပြီးတစ်ယောက် မြေပေါ်သို့ လဲကျသွားကြလေသည်။

အခြေအနေမဟန်သဖြင့် နန်းတွင်းကိုယ်ရံတော်မှူးနှင့် လုယန်မြို့စားကြီးတို့သည် တဖြည်းဖြည်းဆုတ်၍ မြင်းဇောင်းရှိရာသို့ ဆုတ်ခွာလာကြလေသည်။

ရှောင်မာသည် လက်ရွေးစင်ဓားသမားများနှင့် တိုက်ခိုက်နေရာမှ ထိုအဖြစ်ကို သတိထားရိပ်စားမိလေသည်။

ထို့ကြောင့် သူသည် အနီးရှိ ဓားသမား နှစ်ယောက်အား လက်သီးနှစ်လုံးဖြင့် ထိုးသွင်းလိုက်ရာ-

'အား...'

www.burmeseclassic.com

www.burmeseclassic.com



ထက်ရှောင်စဉ်စားသောမားနှစ်ယောက်သည် မြေပေါ်သို့ လဲကျသွားလေသည်။ ရှောင်မားသည် နန်းတွင်းကိုယ်ရံတော်မှူးနှင့် လှုယန်မြို့စားကြီးနောက်သို့ ပြေးလိုက်သွားပြီး–

'ဟေ့... ရပ်လိုက်'

ရှောင်မား၏အော်သံကြောင့် နန်းတွင်းကိုယ်ရံတော်မှူးက လှည့်ကြည့်ပြီး အံကိုတင်းတင်းကြိတ်လိုက်လေသည်။

ထို့နောက် ဓားကိုဝှေ့ယမ်းလိုက်ပြီး–

'ဒို့အကြံအစည်တွေကို လိုက်နှောင့်ယှက်တဲ့မင်းကို ငါကိုယ်တိုင် သတ်ပစ်မယ်'

ဟု ကြုံးဝါးပြီး ရှောင်မားရှိရာသို့ ပြေးဝင်သွားလေသည်။

'ကဲ... သေပေတော့'

သူသည် ရှောင်မားအား တဟုန်ထိုး တိုက်ခိုက်လိုက်လေသည်။

သူသည် တချိန်က သိုင်းပညာတော်သော ဓားပြဖြစ်ခဲ့သည့်အတွက် သူ၏တိုက်ကွက်မှာ အလွန်မြင့်မားလှပေသည်။

သူ၏ဓားကို ဝှေ့ယမ်းတိုက်ခိုက်လိုက်ရာ ရှောင်မား၏တစ်ကိုယ်လုံးအား လှိုင်းတံပိုးကြီးများသဖွယ် လွှမ်းခြုံသွားလေသည်။

ရှောင်မားမှာလည်း လက်သီးနှစ်လုံးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး သတိထား၍ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

လှုယန်မြို့စားကြီးသည် အငြိမ်မနေနိုင်တော့ပါ။

ခါးမှဓားကို ဆွဲထုတ်၍ တိုက်ပွဲရှိရာသို့ ဝင်လာလေသည်။

'ရပ်လိုက်...'



ကို့ကျန်းလုံ၏အသံဖြစ်သည်။

'ဩော်... မင်းကိုး... မင်းဒီနေ့ သေရမယ်၊ မင်းသေချေပြီကွ'

လှုယန်မြို့စားကြီးသည် ကို့ကျန်းလုံအား ပြောပြီး တစ်ဖြိုင်နက်ခင်ရောက်တိုက်ခိုက်လိုက်လေသည်။

အချိန်အနည်းငယ် ကြာလာသောအခါ လှုယန်မြို့စားကြီးသည် မောဟိုက်လာလေသည်။

ထိုအချိန်မှာပင် ကို့ကျန်းလုံ၏ဓားသည် လှုယန်မြို့စားကြီး၏ ရင်ဘတ်သို့ ထိုးစိုက်မိလေသည်။

'အား...'

လှုယန်မြို့စားကြီးသည် စူးရှစွာ အော်လိုက်ပြီး ဓားကို လွှတ်ချကာ နောက်သို့ဆုတ်သွားလေသည်။

'ကဲ... ခင်ဗျား အဖမ်းသာခံပေတော့'

လှုယန်မြို့စားကြီးသည် မည်သို့မှ မတတ်နိုင်တော့ဘဲ အဖမ်းခံလိုက်ရလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အမိန့်

မတ်ဝန်းကျင်သည် ငြိမ်သက်သွားပြီ ဖြစ်လေသည်။

တိုက်ခိုက်နေသော ရှောင်မားနှင့် ဝမ်းလုံမှလွဲ၍ ကျန်ရှိသော လုယန်မြို့စားကြီးနှင့် လက်ရွေးစင်ခံသေမားတို့သည် လက်နက်ချ အညံ့ခံပြီးဖြစ်လေသည်။

အညိုရောင်ဝတ်စုံ ဝတ်ဆင်ထားသော တရားသူကြီးမင်း၏ တစ်ဖွဲ့သည် နန်းတွင်းကိုယ်ရံတော်မှူးဂေဟာကို ထိန်းချုပ်ထားပြီး ဖြစ်လေသည်။

'ဝမ်းလုံ လက်နက်ချပါ'

တရားသူကြီး ဗိန်ကုန်း၏ ဩဇာအာဏာပြည့်သော အသံ



ဖြစ်သည်။

ဝမ်းလုံသည် တိုက်ခိုက်ရာမှ အသံလာရာဘက်သို့ အာရုံ စိုက်မိသည့် တခဏအချိန်မှာပင် ရှောင်မား၏ သံမဏိကဲ့သို့ မာကျော သောလက်သီးတစ်လုံးသည် ဝမ်းလုံ၏ရင်ဝသို့ ထိုးသွင်းမိလေသည်။

'အွန်...'

သူသည် ခြေလှမ်း ၃–၄ လှမ်းမျှ ဆုတ်သွားပြီး ဒူးထောက် ကျသွားလေသည်။

'အရှင်မင်းမြတ် အမိန့်တော် အားလုံး နာခံကြ'

တရားသူကြီး ဗိန်ကုန်း၏အသံ ဆုံးသည်နှင့် အားလုံးက ဒူးထောက်ပြီး ဦးညွှတ်လိုက်လေသည်။

'ဝမ်စွေ့... ဝမ်စွေ့... ဝမ်ဝမ်စွေ့'

တရားသူကြီးဗိန်ကုန်းသည် အမိန့်စာအား ဖြောက်ပြလိုက်ပြီး–

'နန်းတွင်းဘဏ္ဍာတော်တွေကို လုယက်ခိုးယူဖို့ကြံတဲ့ နန်းတွင်း ကိုယ်ရံတော်မှူး ဝမ်းလုံနဲ့ လုယန်မြို့စားကြီးတို့အား ဖမ်းဆီး၍ နန်းတွင်း ခုံရုံး၌ အမှုတော်စစ်ဆေးစေ'

'ဝမ်စွေ့... ဝမ်စွေ့... ဝမ်ဝမ်စွေ့'

နန်းတွင်းကိုယ်ရံတော်မှူးနှင့် လုယန်မြို့စားကြီးတို့မှာ မည်သို့မျှ မတတ်နိုင်ဘဲ လက်နက်ချ၍ အဖမ်းခံကြရလေတော့သည်။

တရားသူကြီး ဗိန်ကုန်းသည် ဝမ်းလုံအား စေ့စေ့ကြည့်၍–

'ဒီမှာဝမ်းလုံ တရားဥပဒေကို လှည့်ဖြားလို့ရပါဘူးကွာ။

www.burmeseclassic.com

www.burmeseclassic.com



လှည့်ဖြားချိုးဖောက်ရင်လဲ တရားဥပဒေက ပေးတဲ့အပြစ်ဒဏ်ကို ခံကြရမှာပဲ'

နန်းတွင်းကိုယ်ရံတော်မှူး ဝမ်းလုံသည် မဲ့ပြုံးပြုံးလိုက်ပြီး–

'မင်းတို့က လက်ဦးသွားတာကိုးကွ'

ထိုအချိန်မှာပင် ကိုကျန်းလုံကလည်း–

'တရားသူကြီးမင်းခင်ဗျာ ကျွန်တော့်ကိုငွေပေးပြီး သူဌေးကြီးကို သတ်ခိုင်းတဲ့ ကျွန်တော့်မိတ်ဆွေဆိုတာ သူပါပဲဗျာ၊ ဒါကို ရုံးတော်မှာ ကျွန်တော်သက်သေခံပါ့မယ်ခင်ဗျာ'

တရားသူကြီးမင်း ဖိန်ကုန်းနှင့် အညိုရောင်ဝတ်စုံ ဝတ်ဆင်ထားသောလူစုတို့သည် နန်းတွင်းကိုယ်ရံတော်မှူး၊ လုယန်မြို့စားကြီးနှင့် လက်ရွေးစင်ဓားသမားများအား ကြိုးဖြင့်တုပ်နှောင်၍ နေပြည်တော်သို့ ပို့ဆောင်ရန် ပြင်ဆင်ကြလေသည်။

တရားသူကြီးဖိန်ကုန်သည် ရှောင်မားအား ပြုံးပြလိုက်ပြီး–

'အခုလို တရားဥပဒေဘက်ကနေပြီး မတရားမှုတွေကိုဖော်ထုတ်အကူအညီပေးတဲ့အတွက် ကျုပ်က အလွန်ပဲ ကျေးဇူးတင်ကြောင်းပြောပါရစေ'

ရှောင်မားက–

'ဟုတ်ကဲ့ပါ တရားသူကြီးမင်း။ အမှန်တော့ ဒါတွေဟာ ကျွန်တော်တို့လို ပြည်သူတွေရဲ့တာဝန်ပါ။ ကျွန်တော့်ကိုခွင့်ပြုပါဦးဗျာ'

—ရှောင်မားသည် ပြောပြီး မြင်းကိုဆွဲကာ လှမ်းထွက်လာခဲ့



လေသည်။

နန်းတွင်းကိုယ်ရံတော်မှူးဝမ်းအိမ်၏ ရှေ့တွင် မြင်းတစ်ကောင်နှင့် လူတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

'ဟင်... ညီမလေး'

ရှောင်မားသည် ဝမ်းသာသွားလေသည်။

ထိုလူမှာ ချွေချွေပင် ဖြစ်လေသည်။

'အစ်ကိုကို လာနှုတ်ဆက်တာ၊ ကျွန်မအိမ်ပြန်တော့မလို့'

ရှောင်မားသည် ချွေချွေအား စိုက်ကြည့်လိုက်ပြီး–

'အိမ်ပြန်ရင် ညီမတစ်ယောက်ထဲပေါ့'

ချွေချွေက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါတယ်'

သူမသည် ရှောင်မားအား တစ်ချက်လှမ်းကြည့်လိုက်ပြီး မျက်လွှာချထားလိုက်လေသည်။

တခဏကြာတော့မှ အသံတိုးတိုးဖြင့်–

'အခု... ကျွန်မအိမ်ကိုလိုက်ခဲ့ဖို့ အစ်ကို့ကို ဖိတ်ခေါ်ပါတယ်'

ရှောင်မားက ဝမ်းသာသွားလေသည်။

သူသည် ချွေချွေအား စိုက်ကြည့်လိုက်ရာ ချွေချွေမျက်နှာတွင် ပန်းနုရောင်သမ်းနေ၏။

ရှောင်မားက အားရပါးရ ပြုံးလိုက်ပြီး–

'ကောင်းပြီ အစ်ကိုလက်ခံပါတယ်'

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



မြွေမြွေပါမှုက်ရာမှာ ပြုံးရွှင်သွားပြီး ရှောင်မား၏ရင်ခွင်ထဲသို့ တိုးဝင်သွားလေသည်။

'ကျွန်မဝမ်းသာလိုက်တာ အစ်ကိုရယ်'

'ဟား... ဟား... ဟား'

'ခစ်... ခစ်... ခစ်...'

ချစ်သူနှစ်ဦးသည် အားရပါးရ ကြည်နူးစွာ ရယ်မောလိုက်ကြပြီး မြင်းကိုယ်စီ စီးကာ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

သူတို့ထွက်ခွာသွားသည့်နေရာမှာ သူတို့နှစ်ဦး၏ဘဝအတွက် အေးချမ်းသောနေရာကိုပင် ဖြစ်ပေတော့သည်။

မြင်းခွာသံများသည် တဖြည်းဖြည်း ဝေး၍ဝေး၍ သွားလေတော့သည်။

ပြီးပါပြီ

www.burmeseclassic.com